မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၂)
အမှတ် (၂၉၅)

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်

၂၀၁၃ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ စနေနေ့။

နိုင်ငံတော် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီ အတည်ပြုချက်ရယူ

နေပြည်တော် ဇူလိုင် ၂၆

ဒေါက်တာစိုင်းကျော်အုန်း
နမ့်ခမ်းမဲဆန္ဒနယ်

ယနေ့တွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို အစီအစဉ်(၁၁)ခုဖြင့် ကျင်းပသည်။

အစည်းအဝေး၌ လွှတ်တော်နာယကက ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်၊ ပြင်စလူမြို့နယ်ခွဲ၊ လွှစာကျေးရွာအုပ်စုမှ ကညင်ကိုင်းကျေးရွာအား ကညင်ကိုင်းကျေးရွာအုပ်စုအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့တင်ပြသည်။

ထို့နောက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအဖွဲ့ဝင် ဦးမိုးဇော်ဟိန်းက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်စာရင်းစစ်အတည်ပြုပြီးသည့် အမှန်စာရင်း(Actual)များနှင့်စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏အစီရင်ခံစာ(၂/၂၀၁၃)ကို ဖတ်ကြားပြီး သုံးသပ်တင်ပြရာတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဘတ်ဂျက်လိုငွေပြခဲ့သော်လည်း မူလခန့်မှန်းသည်ထက် အမှန်စာရင်းတွင် ရငွေသည် သုံးငွေတိုးလာသည်ထက် ပိုမိုရရှိခဲ့သောကြောင့် လိုငွေနှင့် GDP သည် BE နှင့် RE တွင် ခန့်မှန်းထားသည်ထက် အမှန်စာရင်း (Actual)တွင် လျော့နည်းကျဆင်းသွားသည်ကို တွေ့ရသဖြင့် ကျေနပ်ဖွယ်ရာဖြစ်ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၏ အမှန်စာရင်းရငွေနှင့် သုံးငွေများကို နှိုင်းယှဉ်ဖော်ပြရာတွင် SEE များသည် ထိုနှစ်တွင် ရငွေထက်ပိုမိုသုံးစွဲခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထိုနှစ်တွင် တစ်ဒေါ်လာလျှင် တရားဝင်လဲလှယ်နှုန်း ခုနစ်ကျပ်ခန့်နှင့် တွက်ချက်ထားပါကြောင်း၊ SEE အချို့သည် ကုန်ကြမ်းဝယ်ယူမှုအတွက် ပြည်တွင်းသုံးငွေဖြင့် အသုံးပြုရပြီး ရရှိလာသည့်နိုင်ငံခြားငွေ(ယူရို/ ဒေါ်လာ)များကို တစ်ဒေါ်လာလျှင် တရားဝင်လဲလှယ်နှုန်းဖြင့် တွက်ချက်သောကြောင့် ဖြစ်ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ငွေလဲနှုန်းကို တရားဝင်ငွေလဲနှုန်းဖြင့် ဖော်ပြထားပြီး တရားဝင်ငွေလဲနှုန်းသည် ဈေးကွက်ပေါက်ဈေးထက် များစွာလျော့နည်းနေသဖြင့် ဘတ်ဂျက်စာရင်းဇယားများတွင် ပွင့်လင်းမြင်သာမှုမရှိသေးပါကြောင်း၊

စာမျက်နှာ ၇ ကော်လံ ၁ ❍

ဦးဖုန်းမြင့်အောင်
ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)

ယနေ့ မာတိကာ

စနိုးဒန်းကို နိုင်ငံရေးခိုလှုံခွင့်ပေးက ပိတ်ဆို့မည့်ဥပဒေ အမေရိကန်ပြဋ္ဌာန်း စာ - ၄

ကလေးဝမြို့ သစ်ချောက်ဒေသမှ တတိယအဆင့် ကျောက်မီးသွေးများ ထွက်ရှိ စာ - ၁၀

ချင်းတောင်ပန်းသီး အထွက်နည်း၍ အရောင်းအဝယ် ကျဆင်း စာ - ၁၂

နိုင်ငံသားများအားလုံး လူမျိုးဘာသာမခွဲခြားဘဲ အစဉ်အလာစောင့်ထိန်းလျက် ညီညွတ်စွာနေထိုင်သွားရေးရှေးရှု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သတင်းထုတ်ပြန်ရေးအဖွဲ့

သတင်းထုတ်ပြန်ချက်(၁၀/၂၀၁၃)

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်
(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို စည်းလုံးညီညွတ်စွာဖြင့် အားကြိုးမာန်တက် တည်ဆောက်လျက်ရှိပါသည်။

၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားအားလုံးသည် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် နတ်ကိုးကွယ်သည့်ဘာသာတို့ကို လွတ်လပ်စွာကိုးကွယ်ပိုင်ခွင့်ရှိသည်။ သမိုင်းစဉ်တစ်လျှောက် မတူညီသောဘာသာဝင်များအကြား စည်းလုံးညီညွတ်စွာ သဟဇာတဖြစ်ဖြစ် နေထိုင်လျက်ရှိပါသည်။

၃။ ၂၀၁၂ ခုနှစ်၊ မေလက ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော ရာဇဝတ်ပြစ်မှုတစ်ခုအပေါ် အခြေခံ၍ လူမှုအသိုက်အဝန်းနှစ်ခုအကြား ဇွန်လနှင့် အောက်တိုဘာလတို့တွင် ဖြစ်ပျက်ခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်များသည် နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများအတွက် များစွာစိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်များဖြစ်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်၊ မတ်လတွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၌ ဈေးဝယ်သူချင်း အချင်းများရာ၌ အုပ်စုချင်းအကြမ်းဖက်လုပ်ရပ်များနှင့် ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ်အချို့၌ အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။ ၂၀၁၃ ခုနှစ်၊ မေလတွင် ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့တွင်လည်း ဆူပူသည့်ဖြစ်စဉ်တစ်ရပ် ဖြစ်ပွားခဲ့သည်။

၄။ မြန်မာနိုင်ငံတော်အစိုးရသည် ၎င်းဖြစ်စဉ်များ၊ အကြမ်းဖက်မှုများကို အမြန်ဆုံးရပ်တန့်ရန်နှင့် တရားဥပဒေစိုးမိုးရေးကို အချိန်တိုအတွင်း ပြန်လည်ထိန်းသိမ်းဆောင်ရွက်ခဲ့ပါသည်။ ၎င်းသို့ဆောင်ရွက်ရာတွင်လည်း အင်အားအလွန်အကျွံသုံးစွဲခြင်းမပြုရန် သတိကြီးစွာဖြင့် ဆောင်ရွက်ခဲ့သလို အကြမ်းဖက်မှုကျူးလွန်သူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ တားဆီးဆောင်ရွက်ခဲ့ပါသည်။ ဥပဒေချိုးဖောက်သူများကိုလည်း မည်သည့်လူမျိုးနှင့် ဘာသာဝင်မဆို ခွဲခြားခြင်းမပြုဘဲ ကျူးလွန်သည့် ပြစ်မှုအတိုင်းအတာအရ ဥပဒေနှင့်ညီညွတ်သော

စာမျက်နှာ ၈ ကော်လံ ၁ ▲

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ကမ်းလွန်လုပ်ကွက်များပြည်ပကုမ္ပဏီများကွင်းဆင်းလေ့လာနေ

နေပြည်တော် ဇူလိုင် ၂၆

မြန်မာနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်းပြည်ပ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်လျက်ရှိသည်။ နယ်ပယ်ကဏ္ဍအသီးသီးတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိရာ ပြည်တွင်းကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များတွင်လုပ်ကိုင်ရန် ပြည်ပကုမ္ပဏီများကို တင်ဒါများ ခေါ်ယူခဲ့သည်။

ယခုအခါ ပြည်ပမှကုမ္ပဏီအချို့က အကြိုတင်ဒါများ အောင်မြင်ခဲ့သဖြင့် တာဝန်ရှိသူများနှင့်အတူ ဇူလိုင်

မောင်သစ္စာ-ရေးသည်

၁၅ ရက်က စတင်ကာ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်နေပြီဖြစ်သည်။ ထိုသို့ကွင်းဆင်းကာ လုပ်ကွက်များကို လက်တွေ့ရှင်းလင်းမှုများ ပြုလုပ်နေခြင်း

စာမျက်နှာ ၇ ကော်လံ ၅ ◆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စာပေဗဟုသုတ ရှာဖွေရယူကြ

စာပေအရေးအသားသည် ခေတ်နှင့်လိုက်၍ ပြောင်းလဲလာတတ်သည့်သဘောရှိသည်။ မြစ်တို့သည် အချိန်ကာလ ရွေ့လျားသည်နှင့်အမျှ ရေကြောင်းပြောင်းလဲတတ်သကဲ့သို့ စာပေ၊ ကဗျာအရေးအသားတို့သည်လည်း ခေတ်ရေစီးကြောင်းနှင့်အတူ ပြောင်းလဲလာခဲ့သည်။

သို့ရာတွင် အကျိုးရှိသည့်စာပေဆိုလျှင် စာတစ်လုံးချင်းအလိုက် တန်ဖိုးကြီးမားသည်ဖြစ်ရာ တန်ဖိုးမဖြတ်နိုင်သော အကျိုးတရားများကို ပေးစွမ်းနိုင်သည်။ ခေတ်အလိုက် စာကောင်းပေမွန်များ အများအပြားပေါ်ထွက်ခဲ့ရာ စာပေသည် ခေတ်ကို ထင်ဟပ် စေသည်မှာ အမှန်ပင်။ ခေတ်တစ်ခေတ်၏ကြေးမုံသည် ထိုခေတ် ၏စာပေပင် ဖြစ်သည်။

စာပေ၏ကောင်းခြင်း၊ မကောင်းခြင်းမှာ စာဖတ်ရှုသူတို့၏ အသိပညာအနည်းအများအလိုက် ခံယူတတ်သည့်အပေါ်တွင်လည်း မူတည်သည်။ တစ်နည်းဆိုရသော် ဖတ်ရှုသူတို့က မိမိတို့ ဖတ်ရှုသော စာပေတို့၏ တန်ဖိုးကို ချင့်ချိန်တတ်မှသာ စာပေတို့၏ ကောင်းခြင်း၊ မကောင်းခြင်း၊အကျိုးပြုခြင်း၊မပြုခြင်းတို့ကို သိနိုင်မည် ဖြစ်သည်။ ယခုအချိန်၌ ခေတ်ရေစီးကြောင်း ပြောင်းလဲမှုက မြန်ဆန်လွန်းသည်။ ရှေးစာဆိုပညာရှိကြီးများကဲ့သို့ အချိန်ပေးကာ ဖွဲ့နွဲ့သီကုံးသူတို့ နည်းပါးခဲ့လေပြီ။ ထိုစာပေများပင်လျှင် စာဖတ်သူတို့၏ တွေးခေါ်မှု၊ လိုက်ပါစဉ်းစားနိုင်မှု အားနည်းခြင်းတို့ကြောင့် မေးမှိန်လျက်ရှိသည်။ အသိဉာဏ်ပညာ ကြွယ်ဝရန်မှာ လွယ်လွယ်နှင့် မရနိုင်။ သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာဟူသော ကြားနာ၊ ကြံစည်၊ မေးမြန်း၊ ပြောဆို၊ စူးစမ်း၊ ရေးသား၊ လေ့ကျင့်၊ နှုတ်ငုံဆောင် စသည်ဖြင့် အားထုတ်ကြရမည်ဖြစ်သည်။

ခေတ်ဆိုသည်မှာ တိုးတက်လာလေလေ လူတိုင်းမအားအောင် အလုပ်လုပ်ရလေလေ။ ခံစားလိုမှုအာရုံများလာလေလေ စားဝတ် နေရေးအတွက် ရုန်းကန်ရလေလေဖြစ်သည်။ မည်သည့်တိုင်းပြည်တွင်မဆို ခေတ်သံသရာတွင် လည်ပတ်နေကြရသည်။ သုတ်သုတ်စား၊ သုတ်သုတ်သွား လုပ်ကိုင်နေကြရသည့်အချိန်ကို ရောက်လာကြရာ ဂန္ထဝင်စာကြီးပေကြီးများကို တစ်ခေတ်တစ်ခါကလို အချိန်ယူပြီး မဖတ်နိုင်ကြတော့။ စာကို ဒရောသောပါး ဖတ်လေ မမီလေဖြင့် နောက်ဆုံးတွင် စာပေဆိုလျှင် ထင်းခနဲ အဓိပ္ပာယ်ပေါ်မှ၊ ကွင်းခနဲ နားလည်လွယ်မှ ဖတ်ချင်ကြသည့် အခြေအနေသို့ ရောက်လာကြပေပြီ။ စာပေဖတ်ရှုလေ့လာရန် အချိန်မပေးနိုင်ကြခြင်း ဖြစ်သည်။

သို့သော် အသိဉာဏ်ပညာ၊ ဗဟုသုတတို့မှာ ပညာသင်ကြားရုံဖြင့် မရနိုင်၊ ကိုယ်တိုင်ဖတ်ရှုလေ့လာမှတ်သားမှသာ ရနိုင်၏။ အချို့သည် စာဖတ်ချိန်နည်းသည်ကို အကြောင်းပြကြသည်။ ရသည့်အချိန်တွင် လေ့လာသော စာတိုင်းသည် မိမိအတွက်အကျိုးရှိသည်ကို သတိမေ့လျော့နေကြသည်။

စာအုပ် ရွေးဖတ်ချင်သူများအတွက် ဘယ်စာအုပ်အကောင်းဆုံးလဲဟုမေးလျှင် ရသစာပေဖြစ်စေ၊ သုတစာပေဖြစ်စေ စာမှန်လျှင် ကောင်းသည်ချည်း ဖြစ်လေသည်။ မလေ့လာဖြစ်သောစာ၊ နားမလည်နိုင်သေးသောစာနှင့် သဘောမပေါက်သော စာများသာ ရှိသည်။ အဆိပ်အတောက်၊ အညှီအဟောက် ကင်းပါက မကောင်းသော စာဟူ၍ မရှိပါ။ သို့ဖြစ်၍ ခေတ်စနစ်မည်မျှပင် ပြောင်းစေကာမူ၊ စာပေရေစီးကြောင်း မည်မျှပင်ပြောင်းစေကာမူ စာဖတ်ခြင်းမှ ရရှိလာမည့် အသိပညာ၊ ဗဟုသုတများကို ရရှိနိုင်ရန် မိမိတို့၏ နည်းပါးလှသောအချိန်မှ ဖဲ့၍ မည်သည့်စာပေကိုမဆို ဖတ်ရှုကြရန် တိုက်တွန်းနှိုးဆော် လိုက်ရပါသည်။ ။

ပြည်တွင်းသတင်း

မွေးမြူရေးကဏ္ဍဖြင့် ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးမည်

နေပြည်တော် ဇူလိုင် ၂၆

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနသည် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံပြည့်ဝရေးနှင့် ဘေးအန္တရာယ်ကင်းသော အစားအစာ ထုတ်လုပ်ရေးတို့ကို တာဝန်ယူဆောင်ရွက်နေပါကြောင်း၊ ကချင်ပြည်နယ်သည် လက်ရှိလူဦးရေနှင့် ပြည်နယ်အကျယ်အဝန်းကို နှိုင်းယှဉ်ပါက လူနေကျဲပါးသော်လည်း ရေမြေသဘာဝနှင့် ရာသီဥတုကောင်းမွန်ခြင်းကြောင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန် အထူးသင့်လျော်ပါကြောင်းဖြင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက ကချင်ပြည်နယ်၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ဆက်လက်၍ ကချင်ပြည်နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် တိရစ္ဆာန်အစာစိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရန် သဘာဝအရင်းအမြစ်များစွာ ရှိကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လယ်ယာ မလုပ်နိုင်သူများအတွက် မွေးမြူရေးလုပ်ငန်းများကို အဓိက ဆောင်ရွက်ပေးရမည်ဖြစ်ရာ ဝန်ထမ်းများအနေဖြင့် မွေးမြူရေးသမားများအတွက်လိုအပ်သော မွေးမြူရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ၊ အရည်အသွေးပြည့်ဝသော အစာရရှိရေးပံ့ပိုးကူညီပေးသွားရမည် ဖြစ်ကြောင်း။

ပြည်သူဗဟိုပြု မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေချိန်တွင် မိရိုးဖလာ တစ်ပိုင်တစ်နိုင် မွေးမြူရေးနည်းစနစ်မှ သိပ္ပံနည်းကျ တစ်အုပ်တစ်မမွေးမြူရေးစနစ်သို့ ပြောင်းလဲဆောင်ရွက်နိုင်ရေးအတွက် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ တစ်ပိုင်တစ်နိုင်မွေးမြူရေးမှသည် တစ်အုပ်တစ်မမွေးမြူရေးအထိ တိုးချဲ့မွေးမြူခြင်းဖြင့် မွေးမြူရေးထုတ်ကုန်များ တိုးတက်ပြီး လူတစ်ဦးချင်းဝင်ငွေ တိုးပွားလာမည်ဖြစ်ကြောင်း၊ ထို့အပြင် မွေးမြူရေးလုပ်ငန်းများမှ ဘေးထွက်ပစ္စည်းများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် ပေါင်းစပ်အသုံးပြုသော ပေါင်းစည်းလယ်ယာစနစ် ထူထောင်နိုင်ရေး ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ မွေးမြူရေး လုပ်ငန်းများအတွက် အဓိကလိုအပ်သည့် မျိုးကောင်းမျိုးသန့်များနှင့် နည်းပညာများ ပံ့ပိုးဖြန့်ဖြူးပေးခြင်း၊ တိရစ္ဆာန်ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မေထုန်မဲ့နည်းဖြင့် နို့စား၊ အသားစား၊ ခိုင်းနွားမျိုးများ အခမဲ့ ဖြန့်ဖြူးပေးခြင်း၊ ကြက်၊ ဝက်၊ ဘဲနှင့် ငါးမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ တိရစ္ဆာန်အစာနှင့် ပတ်သက်၍ လိုအပ်သော အစာကုန်ကြမ်းများဖြစ်သည့် ပြောင်းမျိုး၊ မြက်မျိုးများ ဖြန့်ဖြူးပေးခြင်း စသည့်ပံ့ပိုးဆောင်ရွက်သွားရမည့် ကိစ္စရပ်များကို ဝန်ထမ်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပြည်သူလူထုအတွင်းသို့ အရင်းအနှီးနှင့် မွေးမြူရေးနည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိမှသာ မွေးမြူရေးထုတ်ကုန်များ မြောက်မြားစွာ ထုတ်လုပ်ပြီး စီးပွားရေးဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင်၂၄ရက် နံနက်ပိုင်းက ပြည်နယ်အတွင်းရှိ မွေးမြူရေး လုပ်ငန်းရှင်များ၊ မွေးမြူရေးသမားများနှင့် တွေ့ဆုံပြီး နန့်ကွေးကျေးရွာရှိ နို့စားနွားမွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေမြောင်းအဖုံးပြုလုပ်ပေးပါ

ထင်သာမြင်သာ ပြုပြင်စရာ

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့သည် ခရိုင်မြို့တစ်မြို့ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး အာဆီယံလမ်းမကြီး အမှတ် (AH 2) မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိသည်။ ထို့အပြင် အာဆီယံလမ်းမကြီးအမှတ် (AH 111) လွိုင်လင်-ပန်ကေတု-သီပေါ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို ဆက်သွယ်ပေးသည့် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိခြင်းအားဖြင့် အာဆီယံလမ်းမကြီးနှစ်ခုဆုံရာ(သို့မဟုတ်) ပြည်ထောင်စုလမ်းမကြီး နှစ်ခုဆုံရာမြို့တစ်မြို့ဖြစ်သည်။လွိုင်လင်မြို့မင်းလမ်းနှင့် အနောက်ကျောင်းလမ်း (မြန်မာ့စီးပွားရေးဘဏ်ရှေ့၊ မြို့မဈေးကြီးအနီး)ရှိ ရေမြောင်း ပလက်ဖောင်းသည် ရေမြောင်းအဖုံးမရှိသည်မှာ ဆယ်စုနှစ်တစ်ခုနီးပါးမျှ ကာလကြာရှည်နေခဲ့ပြီဖြစ်သည်။ ယခုလက်ရှိ ရေမြောင်းသည် အဖုံးမရှိသောကြောင့် ရွှံ့ပုပ်၊ ဗွက်ပုပ်များဖြင့် အမြင်မတော်ဖြစ်ပြီး အနံ့အသက်မကောင်းခြင်း၊ ရေစီးရေလာမရှိခြင်း၊ ခြင်၊ ယင်ပေါက်ပွားခြင်းများကြောင့် သွေးလွန်တုပ်ကွေးရောဂါ အန္တရာယ်အတွက် စိုးရိမ်ရသည်။ သို့ဖြစ်ပါ၍ ဒေသခံပြည်သူများ၏ ဆန္ဒအရ ရေမြောင်းအဖုံး ပြုလုပ်ပေးနိုင်ပါရန် ရေးသားတင်ပြအပ်ပါသည်။

လွိုင်လင်သားတစ်ဦး



အပူပိုင်းဒေသ စိမ်းစိုဖို့ သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

ပြည်တွင်းသတင်း

● ကျောဖုံးမှ

သဘာဝပတ်ဝန်းကျင် ပျက်စီးမှု အနည်းဆုံးဖြစ် အောင်ဆောင်ရွက်မှု၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အကျိုးအမြတ်များရရှိအောင် ဆောင်ရွက်မှု၊ အလုပ်လက်မဲ့ဖြစ်ရသော ဒေသခံများ၏ အလုပ်အကိုင်ရရှိမှုနှင့် စီမံကိန်းပိတ်သိမ်းချိန်အထိ လုပ်ငန်းစဉ်တစ်လျှောက် ကြပ်မတ်ဆောင်ရွက်နိုင်မှုစသည့် အချက်များပါဝင်သည့် ပြန်လည်ပြင်ဆင်ချုပ်ဆိုသည့် စာချုပ်ကို ဇူလိုင် ၂၄ ရက်က ချုပ်ဆိုခဲ့ပြီးဖြစ်ပါကြောင်း။

ဒေသခံပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို ကော်မတီများအနေဖြင့် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူတို့၏ ရေရှည်အကျိုးစီးပွားကို ဦးတည်ထားပြီး ဆောင်ရွက်နေသော်လည်း သွေးထိုးလှုံ့ဆော်သူအချို့ကြောင့် လုပ်ငန်းဆောင်ရွက်မှုများ တိုးတက်မှုရရှိစေရန် အဟန့်အတားဖြစ်စေပြီး မတည်ငြိမ်မှုများဖြစ်ပေါ်ရပါကြောင်း၊ ၎င်းတို့ကြောင့် ဒေသခံပြည်သူများ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေရသည်ကို တွေ့ရှိရပါကြောင်း။

ယခုစီမံကိန်းသည်လည်း စံပြစီမံကိန်းပင်ဖြစ်ပါကြောင်း၊ နောင်စီမံကိန်းများ အကောင်အထည်ဖော်သည့်အခါ၊ သယံဇာတထုတ်ယူသုံးစွဲသည့်အခါ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည်များ ရရှိမည်ဖြစ်ပြီး ပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုများကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ကာ ဒေသခံပြည်သူများလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ပါကြောင်း၊ ယနေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးတို့ဖြင့် ဆောင်ရွက်နေသည့်အချိန်တွင် အစိုးရအနေဖြင့် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ဥပဒေ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်သွားမှသာ နိုင်ငံတော်တိုးတက်ရေးသည် အရှိန်အဟုန်ရရှိလာမည်ဖြစ်ပါကြောင်း။

သတင်းထောက်များ၏ မေးမြန်းချက်ကို ဝမ်ပေါင်ကုမ္ပဏီဥက္ကဋ္ဌ ဖြေကြားစဉ်။ (သတင်းစဉ်)

သို့ဖြစ်၍ မီဒီယာများမှ တစ်ဆင့် အမှန်တကယ်ဖြစ်ပေါ်နေသည့် အခြေအနေများကို ပြည်သူများထံ ချပြပြီး ယခုကဲ့သို့စီမံကိန်းများ နိုင်ငံတော်၏ အကျိုးအတွက် နိုင်ငံတကာနှင့်ဆက်ဆံရသည့် စောင့်ထိန်းလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာစောင့်ထိန်းစေပြီး ဆောင်ရွက်ကြရသည်ကို သိစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆောင်ရွက်

ထို့နောက် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဝင် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က ပြန်လည်ပြင်ဆင်ချုပ်ဆိုသည့် စာချုပ်နှင့်ပတ်သက်၍ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အပြီးသတ်အစီရင်ခံစာပါ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၏ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် လုပ်ငန်းသဘောတူစာချုပ်အား ပြင်ဆင်ချုပ်ဆိုသည့် စာချုပ်ချုပ်ဆိုနိုင်ရန် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၊ ပညာရှင်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ဝမ်ပေါင်ကုမ္ပဏီတို့၏ အကြံပြုချက်များရယူပြီး ပြင်ဆင်ချက်စာချုပ်ချုပ်ဆိုနိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ညှိနှိုင်းဆွေးနွေး သဘောတူညီချက်များကို ဧပြီလတွင် (၂)ကြိမ်၊ မေလတွင် (၃)ကြိမ်၊ ဇွန်လတွင် (၅)ကြိမ်၊ ဇူလိုင်လတွင် (၃)ကြိမ် အဆင့်ဆင့်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ညှိနှိုင်းဆွေးနွေးကြပြီး ဇူလိုင်လ ၃ ရက်မှ ၁၁ ရက်အတွင်း သက်ဆိုင်ရာဌာနများသို့ သဘောထားမှတ်ချက်တောင်းခံခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ဆုံးဖြတ်ချက်ရယူခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ပြင်ဆင်သည့်စာချုပ်တွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အောက်ပါအစီအမံများ ချမှတ် ထည့်သွင်းချုပ်ဆိုနိုင်ခဲ့ပါကြောင်း။

အကျိုးအမြတ်ခွဲဝေမှုအနေဖြင့် မူလစာချုပ်၌နိုင်ငံတော်အတွက် ဓာတ်သတ္တုခွန်၊ ကုန်သွယ်ခွန်၊ ဝင်ငွေခွန်စသည့် အခွန်ငွေစုစုပေါင်း ၁၆ ဒသမ ၈ ရာခိုင်နှုန်းပေးဆောင်ပြီး ကျန်အကျိုးအမြတ်ကို မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်က ၅၁ ရာခိုင်နှုန်း၊ ဝမ်ပေါင်ကုမ္ပဏီက ၄၉ ရာခိုင်နှုန်း ခွဲဝေရယူခဲ့ပါကြောင်း၊ ပြင်ဆင်သည့်စာချုပ်အရ နိုင်ငံတော်အနေနှင့် (အခွန်ငွေများ အပါအဝင်) ၅၁ ရာခိုင်နှုန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်အနေနှင့် ၁၉ ရာခိုင်နှုန်း ဝမ်ပေါင်ကုမ္ပဏီအနေနှင့် ၃၀ ရာခိုင်နှုန်း ခွဲဝေရရှိပါကြောင်း။

ရှင်းလင်းတင်ပြ

ထို့ပြင်သတ္တုတွင်း ဝန်ကြီးဌာနသည် လက်မှတ်ရေးထိုးမှုဆုကြေးငွေ အမေရိကန်ဒေါ်လာငါးသန်းကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ထံမှ ရရှိမည်ဖြစ်ပါကြောင်း၊ သတ္တုတွင်းပြန်လည်အပ်နှံရေးနှင့် သတ္တုတွင်းပိတ်သိမ်းရေးအနေဖြင့် မူလစာချုပ်တွင် တိတိကျကျဖော်ပြထားခြင်းမရှိဘဲ ယေဘုယျအားဖြင့်သာ ဖော်ပြထားပါကြောင်း၊ ပြင်ဆင်သည့်စာချုပ်အရ ပြန်လည်ထူထောင်ခြင်း လုပ်ငန်း (Mine Reclamation) ဆောင်ရွက်ရန် ဝမ်ပေါင်ကုမ္ပဏီက နှစ်စဉ် အမေရိကန်ဒေါ်လာ နှစ်သန်းအား မြန်မာ နိုင်ငံခြားကုန်သွယ်မှုဘဏ် Escrow Account ဖွင့်လှစ်၍ ထည့်ဝင်သုံးစွဲသွားမည်ဖြစ်ပါကြောင်း။

လူမှုရေးတာဝန်ယူမှု CSR လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် မူလစာချုပ်၌ တိတိကျကျ ဖော်ပြထားခြင်းမရှိဘဲ ယေဘုယျအားဖြင့်သာ ဖော်ပြထားပါကြောင်း၊ ပြင်ဆင်သည့် စာချုပ်အရ ထုတ်လုပ်မှုလုပ်ငန်းများ မစတင်မီ တည်ဆောက်ရေးကာလတွင် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ တစ်သန်း ထည့်ဝင်မည်ဖြစ်ပြီး ထုတ်လုပ်မှုလုပ်ငန်း စတင်လည်ပတ်ပါက နှစ်စဉ်အသားတင်အမြတ်၏ နှစ်ရာခိုင်နှုန်းအား CSR လုပ်ငန်းများအတွက် ထည့်ဝင်သုံးစွဲသွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍သိမ်းဆည်းမြေယာများ စိစစ်ရေးအဖွဲ့ခေါင်းဆောင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက သိမ်းဆည်းမြေယာများ စိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က သဘာဝပတ်ဝန်းကျင်များ ပျက်စီးယိုယွင်းမှုမရှိအောင် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ လူမှုစီးပွားရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ ခေါင်းဆောင် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများကို လည်းကောင်း၊ သာသနိက အဆောက်အအုံများ ရွှေ့ပြောင်းခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းအဖွဲ့ ခေါင်းဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက သာသနာရေးအဆောက်အအုံများ ပြန်လည်တည်ဆောက်မှုနှင့် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသော စာနယ်ဇင်းများက လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ဆင်ဟွာသတင်းဌာနက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ထုတ်ပြန်ပြီးနောက်ပိုင်း မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံချင်သည့်ကုမ္ပဏီ ပိုများလာပါကြောင်း၊ ယင်းသို့များလာသည့်အခါ ရင်းနှီးမြှုပ်နှံသူအတွက်ရော နိုင်ငံတော်အတွက်ပါ နှစ်ဦးနှစ်ဖက်အကျိုးရှိအောင် မည်သို့လုပ်ဆောင်သွားမည်နည်းဟု မေးမြန်းရာ စုံစမ်းစစ်ဆေးရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာ အောင်ထွန်းသက်က နိုင်ငံတော်၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လိုအပ်ပါကြောင်း၊ အစိုးရသစ်အနေဖြင့် ယခင်ရှိထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကိုပြင်ဆင်ပြီးဖြစ်ပါကြောင်း၊ ဥပဒေပြင်သည့်အပြင် ဥပဒေနှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကိုလည်း ပြုပြင်ပြောင်းလဲခဲ့ပါကြောင်း၊ ယင်းသို့လုပ်ရခြင်း၏ အခြေခံအချက်မှာ မိမိတို့နိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ များစေချင်၊ မြန်စေချင်၊ မှန်စေချင်၍ ဖြစ်ပါကြောင်း၊ ၎င်းအချက်သုံးခုမှာ အရေးကြီးပါကြောင်း၊ မေးခွန်းထဲ၌ပါသည့် မှန်ကန်သည့် ရင်းနှီးမြှုပ်နှံမှုမျိုး ရရှိအောင် မိမိတို့ကြိုးစားပါကြောင်း၊ မှန်သည့် ရင်းနှီးမြှုပ်နှံမှု ရရှိရန်ဆိုလျှင် SRI ဟုခေါ်သည့် လူမှုရေးတာဝန်ကျေသည့် ရင်းနှီးမြှုပ်နှံမှု ဖြစ်ရန်လိုပါကြောင်း၊ စီးပွားရေးလုပ်ငန်းလုပ်သည့်အခါ၌ လူမှုရေးတာဝန်များ ရှိပါကြောင်း၊ တစ်ချိန်တုန်းကကဲ့သို့ အမြတ်တစ်ခုတည်းအတွက် ဦးတည်ခြင်း မဟုတ်ဘဲ လူမှုရေးတာဝန်ကျေရမည်ဟု ဆိုလိုပါကြောင်း၊ ယခုချုပ်ဆိုသည့်စာချုပ်သည် နမူနာဟု ပြောနိုင်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ နှစ်ဝက် သုံးသပ်အကဲဖြတ်ချက် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲအတွက် ကြိုတင်ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၂၆

မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ (ASCC) (၂/၂၀၁၃)ကြိမ်မြောက် အစည်းအဝေးနှင့် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အမျိုးသားအဆင့် နှစ်ဝက် သုံးသပ် (ASCC Mid Term Review) အလုပ်ရုံဆွေးနွေးပွဲအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ အာဆီယံ လူမှုရေး - ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ၂၀၁၄ ခုနှစ်တွင် အာဆီယံထိပ်သီးအစည်းအဝေးအတွက် ကျင်းပပြီးခဲ့သည့် နိုင်ငံတိုင်းက ဆောင်ရွက်ချက်များကို အတုယူရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဆောင်ရွက်သည့်အချိန်တွင် Declarations သို့မဟုတ် Agreement များ မည်မျှလုပ်ပေးနိုင်မည်ကို Priority ဖြစ်နိုင်မည့် Area တွေအပေါ် မူတည်၍ ကြိုတင်စဉ်းစားရန် လိုအပ်ပါကြောင်း၊ ASCC တွင် သက်ဆိုင်ရာကော်မတီအလိုက် ၁၀ ခုဖွဲ့ထားပါကြောင်း၊ လာမည့် အောက်တိုဘာလတွင် သက်ဆိုင်ရာ ကော်မတီအလိုက် အုပ်စုဖွဲ့ပြီး အစည်းအဝေးများ ကျင်းပသွားမည်ဖြစ်ပြီး SEA Games ပြီးပါက ပုံမှန်ဆောင်ရွက်ရန်ရှိပါကြောင်း။

၂၀၁၄ခုနှစ်အတွင်း ASCC နှင့် ဆက်စပ်သောဝန်ကြီးဌာန ရှစ်ခုမှ အစည်းအဝေး ၄၀ ကျော်ခန့် လက်ခံကျင်းပရန်ရှိကြောင်း၊ ASCC Mid Term Review Regional အစည်းအဝေးကို စက်တင်ဘာလ၌ ဘရူနိုင်းဒါရုဆလမ်နိုင်ငံတွင် ကျင်းပရန်ရှိသည့်အတွက် ၂၀၁၃ ခုနှစ် ၂၉-၃၀ ဇူလိုင်လတွင် National Workshop ကျင်းပရခြင်း ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ SOM အဖွဲ့ခေါင်းဆောင်များ တက်ရောက်ဆွေးနွေးရန် လိုအပ်ပါကြောင်း။

ပြောကြား

ASCC ဝန်ကြီးများအဆင့် အစည်းအဝေးသည်လည်း စက်တင်ဘာလတွင် ကျင်းပရန်ရှိသည့် အတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် နောက်ဆုံးအခြေအနေများ ပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အခြေပြမြေပုံနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် ဝန်ကြီးဌာနများအနေဖြင့် ASEAN Community ရည်မှန်းချက် တစ်ရပ်ဖြစ်သော လူမှုဘဝဖူလုံရေး တိုးတက်ရေးအသိုက်အဝန်း ထူထောင်သည့်အခါ၌လည်း အေးတူ ပူအမျှ ခံစားသည့် အသိုက်အဝန်းဖြစ်ရန်အတွက် အမျိုးသားအဆင့် ဆောင်ရွက်မှုများနှင့် ASCC Blueprint ဦးစားပေးကဏ္ဍများနှင့် လိုက်လျောညီမှု ရှိ/မရှိ ဆန်းစစ်ရန် လိုအပ်ပါကြောင်း၊ အာဆီယံသွင်ပြင်လက္ခဏာ (၆) ရပ်တွင်ပါရှိသည့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးတွင်လည်း ဆက်စပ်ဝန်ကြီးဌာနများ အားလုံးနှင့် သက်ဆိုင်ပါကြောင်း၊ လုပ်ငန်းစဉ် ၃၃၈ ခုရှိသော်လည်း လုပ်ငန်းစဉ် ၁၄ ခုသာ လုံးဝပြီးစီးပြီး ကျန်လုပ်ငန်းစဉ် ၂၇၀ မှာ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ပါကြောင်း သုံးသပ်ထားသည့်အတွက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အခြေပြမြေပုံ၏ နှစ်ဝက်သုံးသပ် အကဲဖြတ်ချက်များ (Mid Term Review) ဆောင်ရွက်ရန် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပေးပြီး ဩဂုတ်လတွင် အစီရင်ခံစာပေးရန် ရှိပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချစ်ကြည်ရေး ဘတ်စကက်ဘောပြိုင်ပွဲ ဒုတိယနေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ချစ်ကြည်ရေးလက်ရည်စမ်း ဘတ်စကက်ဘောပြိုင်ပွဲ ဒုတိယနေ့ ပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ကျင်းပရာ ပထမပွဲစဉ်အဖြစ် မြန်မာနိုင်ငံအမျိုးသား ပဏာမလက်ရွေးစင်ဘတ်စကက်ဘောအသင်းနှင့် အမေရိကန် Vision Sports (USA) တက္ကသိုလ် အမျိုးသားဘတ်စကက်ဘောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမေရိကန် Vision Sports (USA) တက္ကသိုလ် အမျိုးသားဘတ်စကက်ဘောအသင်းက အမှတ် ၉၆-၈၆ မှတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် မြန်မာနိုင်ငံအမျိုးသမီး ပဏာမ လက်ရွေးစင်ဘတ်စကက်ဘောအသင်းနှင့် အမေရိကန် Vision Sports(USA) တက္ကသိုလ် အမျိုးသမီးဘတ်စကက်ဘောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမေရိကန် Vision Sports (USA) တက္ကသိုလ် အမျိုးသမီးဘတ်စကက်ဘောအသင်းက အမှတ် ၇၉-၆၇ မှတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။ **(သတင်းစဉ်)**

အခွန်ပညာပေးဟောပြော

မြောင်းမြ ဇူလိုင် ၂၆

မြောင်းမြမြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနက ကျင်းပသည့် အခွန်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက အထက (၆) ကျောင်းခန်းမဆောင်၌ ကျင်းပရာ မြောင်းမြမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအုန်းကျော်က ဆရာ ဆရာမများနှင့် အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများအား အခွန်စီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ အလားတူ အထက(၅)ကျောင်း၌လည်းအခွန်ဆိုင်ရာ သိကောင်းစရာများ ဟောပြောခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

နိုင်ငံတကာသတင်း

ရထားမတော်တဆမှုကြောင့် ဆေးရုံတက်ရောက်ကုသနေသူများ စပိန်ဘုရင်နှင့်မိဖုရားတို့ သွားရောက်နှစ်သိမ့်မှုပေး

မက်ဒရစ် ဇူလိုင် ၂၆

စပိန်နိုင်ငံအနောက်မြောက်ပိုင်းတွင် ဇူလိုင် ၂၄ ရက်က ရထားလမ်းချော်မှုဖြစ်ပွားခဲ့ရာ သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ ဆိုးရွားစွာကြုံတွေ့ခဲ့သည့် မိသားစုများထံသို့ စပိန်ဘုရင် ဂွါန်ကာလို့စ် လာရောက်ကြည့်ရှုနှစ်သိမ့်အားပေးမှုများ ပြုလုပ်ခဲ့ကြောင်း ဇူလိုင် ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။ ရထားလမ်းချော်မှုကြောင့် ဆန်တီယာဂိုမြို့ တက္ကသိုလ်ဆေးရုံတွင် ဆေးကုသမှုခံယူနေသော လူနာများ၊ မိသားစုဝင်များအား စပိန်ဘုရင် ဂွါန်ကာလို့စ်နှင့် မိဖုရား ဆိုဖီယာတို့က ကရုဏာသက်စွာ နှစ်သိမ့်အားပေးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ စပိန်ဝန်ကြီးချုပ်က သေဆုံးသူများအတွက် တရားဝင် ရှာပန အခမ်းအနားနေ့များအဖြစ် သုံးရက်သတ်မှတ်ပေးခဲ့သည်။

ဇူလိုင် ၂၆ ရက်အထိ သေဆုံးသူဦးရေမှာ ၈၀ ရှိလာပြီဖြစ်ရာ ဒဏ်ရာပြင်းထန်သူများရှိနေဆဲဖြစ်သည်။ ယခုအခါ အဆိုပါရထားမောင်းသူတစ်ဦးကို စစ်ဆေးမေးမြန်းမှုများ ပြုလုပ်လျက်ရှိကြောင်း စပိန်အရာရှိများက ပြောကြားသည်။

ယခုစစ်ဆေးမေးမြန်းနေသည့် ရထားမောင်းသူမှာ ဖရန်စစ္စကိုဂို့ဂါဇန်အမိုဖြစ်ကာ ဒဏ်ရာအနည်းငယ်သာရပြီး ဆေးရုံတွင် ဆေးကုသမှုခံယူနေသူဖြစ်သည်။ ၎င်းက ရထားလမ်းချော်မှုဖြစ်ရပ်မည်သို့ဖြစ်သွားရသည်ကို သေချာစွာ မပြောပြတတ်အောင်ဖြစ်ရကြောင်း ကနဦးပြောကြားသည်။

သို့သော် ရဲတပ်ဖွဲ့ဝင်က ရထားလမ်းချော်မှုမှာ မြန်နှုန်းမြင့်ကာ မောင်းနှင်ခဲ့၍ဖြစ်ကြောင်း ပြောကြားသည်ဟု မီဒီယာများက သုံးသပ်ဖော်ပြသည်။ စပိန်နိုင်ငံတွင် ၂၀၀၆ ခုနှစ် ဇူလိုင်လက ဗလင်စီယာမြို့တွင်ယင်းသို့ရထားမတော်တဆမှု တစ်ရပ်ဖြစ်ခဲ့ရာ လူ ၄၃ ဦးသေဆုံးခဲ့သည်။

(ဘီဘီစီ)

စနိုးဒန်းကို နိုင်ငံရေးခိုလှုံခွင့်ပေးက ပိတ်ဆို့မည့်ဥပဒေ အမေရိကန်ပြဋ္ဌာန်း

ဝါရှင်တန် ဇူလိုင် ၂၆

အမေရိကန်အမျိုးသားလုံခြုံရေး အေဂျင်စီ (NSA) ထောက်လှမ်းရေး အစီအစဉ်များဖွင့်ချခဲ့သူ စနိုးဒန်းအား ရုရှားနှင့်အခြားသောနိုင်ငံများက နိုင်ငံရေးခိုလှုံခွင့်ပေးခဲ့လျှင် တန်ပြန်ဖိအားများပေးနိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ငွေကြေးထောက်ပံ့မှုဥပဒေ ပြင်ဆင်ချက်တစ်ရပ်ကို အမေရိကန်ဆီးနိတ်လွှတ်တော်က ဇူလိုင် ၂၅ ရက်တွင် အတည်ပြုလိုက်သည်။

လွှတ်တော်အမတ် လင်ဆေးဂရေဟမ် တင်သွင်းသည့် ယခုဥပဒေအဆိုသည် နိုင်ငံခြားရေးဝန်ကြီးဌာန ၂၀၁၄ ခုနှစ် ငွေကြေးထောက်ပံ့မှု ဥပဒေ၏အစိတ်အပိုင်း တစ်ရပ်ကို ပြင်ဆင်ဖြည့်စွက်သည့် ဥပဒေဖြစ်ပြီး ဆီးနိတ် လွှတ်တော်ငွေကြေးခွဲတမ်းချ လျာထားသုံးစွဲရေး ကော်မတီက သဘောတူ အတည် ပြုခဲ့သည်။

ယခု ပြဋ္ဌာန်းဥပဒေအရ စနိုးဒန်းကိုသာ နိုင်ငံရေးခိုလှုံခွင့်ပြုခဲ့လျှင် နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် ကွန်ဂရက်လွှတ်တော်တို့က အရေးယူပိတ်ဆို့မှုများ ချမှတ်ရန် နှီးနှောဖလှယ်ရမည်ဖြစ်ပြီး ယင်းနောက်တွင် လွှတ်တော်တစ်ရပ်လုံး၏ ဆန္ဒသဘောထားဖြင့် ဆက်လက် ဆောင်ရွက်သွားရမည့် ဥပဒေတစ်ရပ်ဖြစ်သည်။

လုံခြုံရေးသတင်းများ ပေါက်ကြားစေခဲ့သူ အမေရိကန်နိုင်ငံသား စနိုးဒန်းကို နိုင်ငံရေးခိုလှုံခွင့်ပေးလိုက်ပြီဆိုလျှင် ဆီးနိတ်လွှတ်တော်ငွေကြေးခွဲတမ်းချ လျာထားသုံးစွဲရေး ကော်မတီက နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ လွှတ်တော် ကော်မတီတို့နှင့် အရေးယူ ပိတ်ဆို့မှုများ ချမှတ်နိုင်ရေး တိုက်ရိုက် ဆွေးနွေးမည် ဖြစ်သည်။ စနိုးဒန်းအား နိုင်ငံရေး ခိုလှုံခွင့်ပေးသော မည်သည့်နိုင်ငံကိုမဆို အထူးကုန်သွယ်ခွင့်နှင့် မိတ်ဖက် ကုန်သွယ်ရေး အခွင့်အရေးများ ရုပ်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်းအပါအဝင်အရေးယူ ပိတ်ဆို့မှုများကို ချမှတ်ရမည်ဟု ဥပဒေပြင်ဆင်ချက်တွင် ဖော်ပြထားသည်။

လက်ရှိတွင် ပြည်ပြေး စနိုးဒန်းသည် ရုရှားနိုင်ငံ မော်စကို လေဆိပ်၌ပင် ခိုလှုံနေရဆဲ ဖြစ်သည်။ ရုရှားနိုင်ငံအတွင်း သွားလာခွင့်ရရှိရေး ကြိုးစားနေကြောင်း သိရသည်။

၎င်းသည် NSA ကန်ထရိုက်တာဟောင်း တစ်ဦးဖြစ်ပြီး လုံခြုံရေး မှတ်တမ်းများကို ဖွင့်ချခဲ့သူဖြစ်သည်။ ၎င်းနှင့်အတူ အမေရိကန်ထောက်လှမ်းရေးမှတ်တမ်းများစွာပါရှိလာကြောင်းလည်း ဖွင့်ဟထားသည်။

(ဆင်ဟွာ)

တရုတ်ဒုတိယသမ္မတနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကိုရီးယားကျွန်းဆွယ်အရေး ဆွေးနွေး

ပြုံယမ်း ဇူလိုင် ၂၆

မြောက်ကိုရီးယားနိုင်ငံသို့အလည်အပတ်ရောက်ရှိနေသော တရုတ်ဒုတိယသမ္မတ လီယွမ်ချောင်သည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ဇူလိုင် ၂၅ ရက်က တွေ့ဆုံကာနှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များကို အလေးအနက်ထား ဆွေးနွေးခဲ့ကြကြောင်း ဆင်ဟွာက ဇူလိုင် ၂၆ ရက်၌ သတင်းထုတ်ပြန်သည်။

ကိုရီးယားစစ်ပွဲ၏ နှစ် (၆၀) ပြည့်အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာသည့် တရုတ်ဒုတိယသမ္မတလီသည် ဇူလိုင် ၂၅ ရက်နံနက်က မြောက်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

အတိတ်သမိုင်းကို ပြန်ပြောင်းသုံးသပ်ခြင်းဖြင့် ယနေ့ကာလတွင် ကိုရီးယားကျွန်းဆွယ်တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုများ ဖော်ဆောင်ရန် မိမိတို့နက်ရှိုင်းသော ခံစားမှုများဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။ ဒုတိယသမ္မတလီသည် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏နိုင်ငံရေးဗျူရိုအဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။

တရုတ်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးသည် ခေတ်သစ်တစ်ခေတ်သို့ဝင်ရောက်လာပြီဖြစ်ကြောင်း၊ အတိတ်ဖြစ်ရပ်များပေါ်တွင် အခြေခံကာ အနာဂတ်ကာလအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဒုတိယသမ္မတလီက ထပ်မံပြောကြားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က တရုတ်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံနယ်ပယ်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ မြောက်ကိုရီးယားပြည်သူများ လူမှုဘဝတိုးတက်မြင့်မားရန်နှင့်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားသွားမည်ဟု ဆုံးဖြတ်ထားပါကြောင်း၊ တရုတ်နိုင်ငံ၏ အားပေးမှုများဖြင့် ခြောက်နိုင်ငံဆွေးနွေးပွဲကို ပြန်လည်စတင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

(ဆင်ဟွာ)

တောင်ကိုရီးယား ဂျီဒီပီ ၁ ဒသမ ၁ ရာခိုင်နှုန်းထိတိုးလာ

ဆိုးလ် ဇူလိုင် ၂၆

တောင်ကိုရီးယားနိုင်ငံ၏ ယခုနှစ် ဒုတိယသုံးလအတွင်း စုစုပေါင်း ပြည်တွင်းထုတ်ကုန်ပမာဏ ဂျီဒီပီသည် ပထမသုံးလထုတ်ကုန်ပမာဏထက် ၁ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနည်းပါးသော်လည်း ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့်ဖြစ်ကြောင်း ကိုရီးယားနိုင်ငံဗဟိုဘဏ်မှ ဇူလိုင် ၂၅ ရက်က ထုတ်ပြန်ခဲ့သော စာရင်းအင်းများ၌ဖော်ပြသည်။ အသားတင်ပြည်တွင်းထုတ်ကုန်ပမာဏသည် ပြီးခဲ့သည့်ပထမ သုံးလက ၀ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုဒုတိယသုံးလပတ်အတွင်း ထုတ်ကုန်ပမာဏတိုးလာခြင်းပင်ဖြစ်သည်။ စာရင်းဇယားများအရ ၂၀၁၁ ခုနှစ်၏ ပထမသုံးလပတ်အတွင်း ဂျီဒီပီအမြင့်ဆုံးဖြစ်ခဲ့ပြီး ၁ ဒသမ ၃ ရာခိုင်နှုန်းထိ ရောက်ခဲ့သည်။ ကိုရီးယားနိုင်ငံ၏ပုဂ္ဂလိကထုတ်ကုန်လုပ်ငန်းများသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားများဖြစ်ကြပြီး ၎င်းတို့ကြောင့် ဒုတိယသုံးလအတွင်း ဂျီဒီပီသည် ပထမသုံးလက ထက်တိုးလာခဲ့ခြင်းဖြစ်သည်။

(ဆင်ဟွာ)

အီဂျစ်အစိုးရသစ် မော်စီထောက်ခံသူများ လက်မခံ

အီဂျစ်သမ္မတရာထူးမှဖြုတ်ချခြင်းခံရသော မိုဟာမက်မော်စီသည် စစ်တပ်က အဓမ္မဖြားယောင်းခေါ်ဆောင်သွားခဲ့သည်ဟု ၎င်းမိသားစုက စွပ်စွဲလိုက်သည်။ ၎င်း၏မိသားစုအနေဖြင့် စစ်တပ်ကို ဥပဒေအရအရေးယူ ဆောင်ရွက်သွားနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ကိုင်ရိုမြို့သတင်းစာရှင်းလင်းပွဲ၌ သမ္မတမော်စီ၏ သမီးဖြစ်သူ ရှားမားကပြောကြားသည်။ ဇူလိုင် ၂၂ ရက်က အတိုက်အခံနှင့် မော်စီကို ထောက်ခံသူများ ခိုက်ရန်ဖြစ်ကြရာ အနည်းဆုံးသုံးဦးသေဆုံးသွားသည်။ မော်စီ၏ မွတ်ဆလင်ညီနောင်များအဖွဲ့က စစ်တပ်ကျောထောက်နောက်ခံအစိုးရသစ်ကိုအသိအမှတ်ပြုရန်ငြင်းဆိုထားပြီး ဆန္ဒပြမှုများ ဆက်လက်ပြုလုပ်သွားမည်ဟု ဆိုသည်။

ဆီးရီးယားအစိုးရ အားကောင်းလာနိုင်

ဆီးရီးယားသမ္မတဘာရှာအယ်လ်အာဆတ်အစိုးရသည် မကြာမီလများအတွင်း အင်အားတောင့်တင်းခိုင်မာလာဖွယ်ရှိကြောင်း၊သို့ရာတွင်ဆီးရီးယားအတိုက်အခံများကို ပိုမိုကူညီပေးရလိမ့်မည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းကပြောသည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ဆီးရီးယားပြဿနာအဖြေရှာနိုင်ရန် ဆက်လက်ကြိုးပမ်းရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ကပြောသည်။ လက်နက်ကိုင်သူပုန်များအနေဖြင့် စွန့်စားရမှုများမြင့်တက်လာနေကြောင်း ဗြိတိသျှစစ်ဘက်အကြီးအကဲက သတိပေးလိုက်သည်။ ဆီးရီးယားအစိုးရတပ်များသည် ဇွန်လအတွင်းက နိုင်ငံအနောက်ပိုင်းကျူဆရာမြို့ကို သိမ်းပြီးနောက် အားကောင်းသောစစ်တပ်ဖြစ်လာခဲ့သည်။

ဗင်နီဇွဲလားနှင့် ကိုလံဘီယာဆက်ဆံမှု ပြန်လည်ပြုလုပ်

ဗင်နီဇွဲလားနှင့် ကိုလံဘီယာသမ္မတနှစ်ဦးသည် အိမ်နီးချင်းနှစ်နိုင်ငံအကြား အငြင်းပွားပြီးနှစ်လအကြာ ဆက်ဆံရေးကောင်းမွန်ရန် သဘောတူလိုက်ပြီဖြစ်သည်။ ကိုလံဘီယာသမ္မတ ဂျူအန်မန်နျူရယ်ဆန်တို့စ်နှင့် ဗင်နီဇွဲလားသမ္မတ နီကိုလတ်မာဒူရိုတို့သည် ဗင်နီဇွဲလားနယ်စပ်မြို့၌တွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းတို့နှစ်ဦးသည် လုံခြုံရေးစွမ်းအင်နှင့် ကုန်သွယ်ရေးကဏ္ဍများတွင် အဆင့်မြင့်အဖွဲ့များ ထူထောင်သွားရန် သဘောတူခဲ့သည်။မေလတွင်မစ္စတာဆန်တို့စ်က ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ကာပရီလက်စ်အား ဘိုဂိုတာ၌တွေ့ဆုံရန် သဘောတူခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးတင်းမာခဲ့ရသည်။

မြင့်မောင်စိုး - စုစည်းသည်

နိုင်ငံတကာသတင်း

ပြန်လည်စတင်တော့မယ့် အစ္စရေး - ပါလက်စတိုင်းဆွေးနွေးပွဲ

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး တိုက်ရိုက်ဆွေးနွေးပွဲတွေ ပြန်လည်ကျင်းပနိုင်ဖို့အတွက် အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုနဲ့ ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ်တို့က သဘောတူညီခဲ့ကြလို့ အဲဒီဆွေးနွေးပွဲကို အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့မှာ လာမယ့် ဇူလိုင် ၃၀ ရက်တွင် တွေ့ဆုံဆွေးနွေးကြပါတော့မယ်။ အစ္စရေးတို့နဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ တိုက်ရိုက်ဆွေးနွေးရေးနဲ့ ပတ်သက်ပြီး ပါလက်စတိုင်း ထိပ်တန်းအရာရှိတွေ မကြာမီက တွေ့ဆုံဆွေးနွေးခဲ့ကြပြီး တစ်စုံတစ်ရာ သဘောတူညီမှုမရဘဲ ပြီးဆုံးခဲ့ပေမယ့် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်ကတော့ အစ္စရေးတို့နဲ့ တိုက်ရိုက်ဆွေးနွေးဖို့ သဘောတူကြောင်း ပြောကြားခဲ့တယ်လို့ဆိုပါတယ်။

မာမွတ်အဘတ်စ်ရဲ့ တပ်ဖွဲ့ဝင်တွေနဲ့ သွေးချောင်းစီးအောင် တိုက်ခိုက်ခဲ့ပြီးနောက် ၂၀၀၇ ခုနှစ်က စတင်ပြီး ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်ထားခဲ့တဲ့ အစ္စလာမ့်စ်ဟားမားစ်အဖွဲ့ကတော့ ပါလက်စတိုင်းသမ္မတရဲ့ တိုက်ရိုက်ဆွေးနွေးဖို့ သဘောတူညီမှုဟာ အန္တရာယ်အလွန်များတယ်လို့ ဆိုနေပါတယ်။

ဒါ့အပြင် မာမွတ်အဘတ်စ်ရဲ့ သဘောတူညီချက်ဟာ ပါလက်စတိုင်းအားလုံးကို ကိုယ်စားမပြုဘူးလို့လည်း ဆိုနေပြီး အားလုံးရဲ့ သဘောတူညီမှုရမှ အပြီးသတ် ဆုံးဖြတ်ချက်ချသင့်တယ်လို့လည်း ဟားမားစ်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဆာမီအဘူဇူရီက ပြောကြားပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင် ၁၉ ရက်က ရာမာလာမြို့မှာ ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ်နဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီတို့ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် သတင်းစာ ရှင်းလင်းပွဲတစ်ရပ်ပြုလုပ်တဲ့အခါ ပါလက်စတိုင်းနဲ့ အစ္စရေးတို့ရဲ့ တိုက်ရိုက်တွေ့ဆုံဆွေးနွေးမှု ပထမအဆင့်ကို လာမယ့် သီတင်းပတ်အနည်းငယ်အတွင်းမှာ နှစ်ဖက်ကိုယ်စားလှယ်တွေ ဝါရှင်တန်မြို့မှာကျင်းပဖို့ စီစဉ်ထားတယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ပါလက်စတိုင်း သမ္မတမာမွတ်အဘတ်စ်ဟာ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအတွက် အာရပ်အဖွဲ့ချုပ်အဖွဲ့ဝင်တွေနဲ့လည်း တွေ့ဆုံဆွေးနွေးမှုတွေ ဆက်လက်ပြုလုပ်သွားမယ်လို့ဆိုပါတယ်။ ပါလက်စတိုင်းနဲ့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးဖို့ သဘောတူထားပြီးနောက်ပိုင်းဦးတည်ရာလမ်းကြောင်းပေါ်မှာတိုးတက်အောင်မြင်မှုတွေရရှိအောင် ကြိုးစားသွားမှာဖြစ်တယ်လို့ အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုက ပြောကြားပါတယ်။

ပါလက်စတိုင်းမှာရှိတဲ့ အခြားအုပ်စုတွေကတော့ ဒီဆွေးနွေးပွဲဟာ ပါလက်စတိုင်းပြည်သူတွေ အတွက် တစ်စုံတစ်ရာအကျိုးဖြစ်ထွန်းစေမယ့် ရလဒ်တွေထွက်ပေါ်လာမှာ မဟုတ်ဘူးလို့ တုံ့ပြန်ထားပါတယ်။ နှစ်ပေါင်း ၂၀ခန့်ကတည်းကအခုလိုဆွေးနွေးပွဲတွေ ကျင်းပလိုက်၊ ပြီးဆုံးလိုက်နဲ့ အချိန်တွေသာ ကြာညောင်းလာခဲ့ပေမယ့် ပါလက်စတိုင်းပြည်သူတွေအတွက် အကျိုးရလဒ်က သုညသာ ရှိနေခဲ့ပြီး အစ္စရေးတို့အတွက်ကတော့ သူတို့ရဲ့အစီအစဉ်တွေ အကောင်အထည်ဖော်နိုင်ဖို့ အချိန်ဆွဲဆန့်ပေးသလို အကျိုးရလဒ်များရရှိစေခဲ့တယ်လို့ဆိုနေကြပါတယ်။

၂၀၁၀ ခုနှစ် အောက်တိုဘာလကတည်းက နှစ်ဦးနှစ်ဖက်ဆွေးနွေးပွဲတွေရပ်ဆိုင်းခဲ့တာဟာ အခုပြန်လည်ကျင်းပနိုင်ရေး ဖြစ်ထွန်းလာပြီမို့ ဘယ်လိုရလဒ်တွေထွက်ပေါ်မယ်ဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

မောင်မဟာ - ရေးသည်

ကမ္ဘာနှင့်တူသောဂြိုဟ်များ ရှာဖွေသည့် အာကာသမှန်ပြောင်းယာဉ် နာဆာပြန်လည်ထိန်းချုပ်



နေစကြဝဠာ အပြင်ဘက်ရှိ ကမ္ဘာဂြိုဟ်နှင့်တူသော ဂြိုဟ်များကို လေ့လာရန် နာဆာမှ လွှတ်တင်ထားသော ကက်ပလာ အာကာသမှန်ပြောင်းယာဉ်ကို ထပ်မံချွတ်ယွင်းမှုများ မဖြစ်ပေါ်စေရန်နှင့် အဆိုပါဂြိုဟ်များကို ဆက်လက်ရှာဖွေနိုင်ရန် ထိန်းချုပ်လျက်ရှိကြောင်း နာဆာ သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါ အာကာသယာဉ်တွင်ပါရှိသော အာကာသကြည့်မှန်ပြောင်း တပ်ဆင်ထားမှုပိုမိုခိုင်ခံ့ရန်နှင့် အခြား အစိတ်အပိုင်းပစ္စည်းများ ထပ်မံဆုံးရှုံးမှုမရှိစေရန် နာဆာမှ အာကာသရေးရာသုတေသနပညာရှင်များက ကြိုးစားနေခြင်းဖြစ်သည်။ထိုသို့ကြိုးစားနေမှုကြောင့် ယခုလကုန် သို့မဟုတ် ယင်းထက် အချိန်စောပြီး ကက်ပလာ အာကာသ မှန်ပြောင်းယာဉ်အနေဖြင့် ကမ္ဘာနှင့်တူသောဂြိုဟ်များ ရှာဖွေမှု လုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်ရန် မျှော်မှန်းထားသည်။

ယင်း အာကာသ မှန်ပြောင်း ယာဉ်ကို ၂၀၀၉ ခုနှစ်ကတည်းက နာဆာမှ အာကာသသို့ လွှတ်တင်ထားခဲ့ခြင်း ဖြစ်သည်။ ပြီးခဲ့သည့်နှစ်လခန့်က ကက်ပလာမှန်ပြောင်း အာကာသယာဉ်မှ ဘီးလေးဘီးအနက် နှစ်ဘီးပြုတ်ထွက်သွားမှု ဖြစ်ပွားခဲ့သည်။ ထို့ကြောင့် အင်ဂျင်နီယာနည်းပညာအစီအစဉ်ဖြင့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး ကြိုးစားထိန်းချုပ်နေခြင်း ဖြစ်သည်။

မျှော်လင့်ထား

ကက်ပလာ မှန်ပြောင်း အာကာသယာဉ်သည် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ပါက နှစ်အတန်ကြာမျှ အာကာသ၌ ကမ္ဘာနှင့်တူသော ဂြိုဟ်များကို ရှာဖွေမှုများ ဆက်လက်ပြုလုပ်သွားနိုင်မည်ဟု မျှော်လင့်ထားသည်။

အာကာဟိန်း - ရေးသည်

ပဲဖြည့်စွက်စာ စားသုံးပါလည်း ဆီးကျိတ်ကင်ဆာကို မကာကွယ်နိုင်

ပဲအမျိုးမျိုးစားသုံးတတ်သော ဆီးကျိတ်ကင်ဆာဆဲလ်များ ဖယ်ရှားကုသမှု ခံယူပြီးသူများသည်လည်း ကင်ဆာဆဲလ်များ တစ်ဖန်ပြန့်ပွားနိုင်မှုတွင် ပဲမစားသုံးသောသူများလိုပင် ကျန်းမာရေးကောင်းကျိုးသက်ရောက်မှုအခြေအနေထူးမခြားနားပင်ဖြစ်ကြောင်း သုတေသနတစ်ရပ်က ဖော်ပြသည်။

သုတေသနပြုချက်အရ ပဲဖြည့်စွက်စာများစားသုံးခြင်းက ဆီးကျိတ်ကင်ဆာတစ်ဖန်ဖြစ်လာနိုင်မှုတွင် မည်သို့မျှ အကျိုးမသက်ရောက်နိုင်သည်မှာ ရှင်းလင်းသေချာပါကြောင်း ချီကာဂိုရှိ အီလီနွိုက်တက္ကသိုလ်မှပညာရှင် သုတေသန အဖွဲ့ခေါင်းဆောင် မာတန်ဘော့စ်လန်းက ဆိုသည်။

အများဆုံး

အမျိုးသားများ ကင်ဆာဖြစ်ပွားမှုတွင် အများဆုံးသည် အရေပြားကင်ဆာဖြစ်ပြီး ဆီးကျိတ်ကင်ဆာဖြစ်မှုသည် ဒုတိယအများဆုံးဖြစ်ကြောင်း အမေရိကန်ကင်ဆာအသင်း၏ အဆိုအရသိရသည်။ ဆီးကျိတ်ကင်ဆာသည် အမျိုးသားခြောက်ဦးလျှင် တစ်ဦးနှုန်းမျှ ဖြစ်ပွားသည်ဟုဆို၏။

အချို့သောဆရာဝန်များက ပဲတွင်ပါဝင်သော isoflavones ဒြပ်ပေါင်းသည် ဆီးကျိတ်ကင်ဆာတားဆီးရာတွင် အထောက်အပံ့ပေးစွမ်းသည်ဟု ယူဆခဲ့ကြသည်။ သို့သော် ယခုသုတေသနတွေ့ရှိချက်အရ ပဲအမျိုးမျိုးနှင့် အခြားအာဟာရ ဖြည့်စွက်စာများက ရောဂါပြန့်ပွား ကြီးထွားမှုကို နည်းပါးမှု ဖြစ်စေနိုင်သည်ဆိုသည့် ယခင်ယူဆချက် မမှန်ကန်ကြောင်း တွေ့ရှိရသည်။

ဘော့စ်လန်းနှင့်အဖွဲ့က ၁၉၉၇ ခုနှစ် ဇူလိုင်မှ ၂၀၁၀ ခုနှစ် မေလကြားတွင် ဆီးကျိတ်ကင်ဆာခွဲစိတ်ကုသမှုခံယူပြီး လေ့လာကြာမျှရှိသူ အမျိုးသား ၁၇၇ ဦးကို ပဲဖြည့်စွက်ဓာတ်နှင့် အာဟာရဖျော်ရည်များ နေ့စဉ်စားသုံးစေခဲ့သည်။

ပြောကြား

သို့သော်လည်း ပါဝင်သူအများစုကို ညွှန်ကြားချက်အတိုင်း စားသောက်စေသော်လည်း ဆေးစစ်အကဲဖြတ်မှုပြုလုပ်ချိန်မှာပင် ထိုညွှန်ကြားချက်ကို ရပ်ဆိုင်းပစ်ရသည်။ "ဘာကြောင့် ပဲဖြည့်စွက်စာ နေ့စဉ် စားသုံးခိုင်းနေတာကို ရပ်ပစ်ရတာလဲဆိုတော့ ဒါက အကျိုးကျေးဇူးဘာမှမရှိတာ သေချာသိလိုက်ရလို့ပါ" ဟု ဘော့စ်လန်းက ပြောကြားခဲ့သည်။

ဩသဓကျော် - ဘာသာပြန်သည်

ကမ္ဘာ့အသက် အကြီးဆုံး အမျိုးသားကြီး

ကမ္ဘာပေါ်တွင် အသက်ကြီးဆုံး အမျိုးသားကြီးအဖြစ် အမေရိကန်နိုင်ငံမှ အသက် ၁၁၂နှစ်အရွယ်ရှိ ဆာလက်တီရာနိုဆန်ချက်ဇ်ဘလက်ဇ်ကွက်ဇ်ဖြစ်လာကြောင်း ဇူလိုင် ၂၆ ရက်၌ ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြသည်။အဆိုပါအမျိုးသားကြီးသည် ယခင်က ကမ္ဘာ့အသက်အကြီးဆုံးအဖြစ် စံချိန်တင်ထားသည့် ဂျပန်နိုင်ငံမှ အသက် ၁၁၆ နှစ်အရွယ် ဂျီရိုအီမန်ကီမူရာ ပြီးခဲ့သည့် ဇွန် ၁၂ ရက်က သေဆုံးသွားပြီးနောက် ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသားကြီး ဖြစ်လာခဲ့သည်။ လောလောဆယ်တွင် ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးကြီးအဖြစ် ဂျပန်နိုင်ငံမှ အသက် ၁၁၅နှစ်အရွယ်ရှိ မီဆာရိုအို ကာဝါဖြစ်သည်။ ယခုကမ္ဘာ့အသက်အကြီးဆုံး အမျိုးသားကြီး ဆာလက်တီရာနိုသည် ၁၉၀၁ခုနှစ်က မွေးဖွားခဲ့သူအဖြစ် လက်ခံအတည်ပြုထားသူ ဖြစ်သည်။ **ကေဇင်ရေးသည်**

ဆောင်းပါး

နှုတ်မှုစွမ်းရည်နှင့် ကျောင်းသင်ပညာရေး

ချစ်နိုင်(စိတ်ပညာ)

ငယ်စဉ်က

လွန်ခဲ့သော အနှစ်ငါးဆယ်ကျော်က စာရေးသူသည် မြေလတ်ဒေသရှိ အထက်တန်းကျောင်းတစ်ကျောင်းမှ အထက်တန်းကျောင်းသားလေး ဖြစ်ပါသည်။ စာဖတ်ဝါသနာပါသဖြင့် ကျောင်းစာကြည့်တိုက်ရှိ စာအုပ်ဟူသမျှကို မွှေနှောက်ပြီးဖတ်သည်။ စာများများဖတ်ခြင်းသည် စကားရည်လုပွဲ၊ ကျပန်းစကားပြောပွဲတို့အတွက် များစွာအထောက်အကူရသည်။ သူများပြောစရာအတွက် အချက်အလက်ကူညီရှာဖွေ၍ပေးနိုင်သည်။ မိမိပြောရသောအခါ အကြောင်းချင်းရာ အကိုးအကားရသည်။ စာဖတ်ခြင်း၏ ကောင်းကျိုးတရားကိုသိ၏။

ကျောင်းအတွင်းကျင်းပသော စကားရည်လုပွဲနှင့် ကျပန်းစကားပြောပွဲတို့တွင် နှစ်စဉ်နှစ်တိုင်းပါဝင်၏။ ဘာရယ်တော့မဟုတ်။ ရေနံချောင်း အမျိုးသားအထက်တန်းကျောင်းသားဘဝမှာ ဗိုလ်ချုပ်အောင်ဆန်းသည် စာသင်ခန်းထဲမှာ စာတော်ရုံမျှသာမက နံရံကပ်စာစောင် အယ်ဒီတာ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲတို့တွင်လည်း ပါဝင်လှုပ်ရှားလေ့ရှိခဲ့သည်ဟု သခင်ခင်ဇော်၊ ရေနံမြေ၊ ဗိုလ်ချုပ်အောင်ဆန်း အထက်တန်းကျောင်းသားဘဝက ကျောင်းနေဖက် အခန်းဖော်သူငယ်ချင်း၊ နောင်အခါ စာရေးသူတွေဖြစ်လာတော့ ရေးသားတာဖတ်ဖူးလေတော့ ဗိုလ်ချုပ်အောင်ဆန်းကို အားကျအတုယူခြင်းမျှသာ။

မောင်အောင်ဆန်းလို

အထက်တန်းကျောင်းသားဘဝ ပညာထူးချွန်သဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် တက္ကသိုလ်ဝင်တန်းမှာ ဂုဏ်ထူးနှစ်ဘာသာဖြင့် ထူးထူးချွန်ချွန် အောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်တက်ရာတွင်လည်း ဟောပြောပွဲမှန်သမျှတက်သည်။ စကားရည်လုပွဲ (အင်္ဂလိပ်လို) ပြောရာမှာလည်း ဝင်ပါသည်။ အစမှာ သူပြောတာ မြန်လည်းမြန် အသံထွက်လည်း မပီသဖြင့် အပြောအဟောမချော။ သို့ရာတွင် အခါခါတက်ပြောရင်း လေ့ကျင့်မှုများလာပြီးသော အချိန်တွင် သိသိသာသာကောင်းမွန်လာကြောင်း ဖတ်ရ၏။ လေ့ကျင့်လျှင် ကျွမ်းကျင်၏။

အသက် ၃၂ နှစ်ကျော်ကျော်လေးမှာပင် ကျဆုံးကွယ်လွန်ရရှာသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မိမိကိုယ်ကို နှုတ်မှုစွမ်းရည်တိုးတက်ကောင်းမွန်အောင် ရည်မှန်းချက်ထားလျက် ကောင်းစွာ လေ့ကျင့်ကြိုးစားခဲ့သော ကျောင်းသားကောင်းတစ်ဦးဖြစ်ပါသည်။ ပညာကိုလိုလား၏။ ကြိုးစား၏။

အထက်တန်းကျောင်းသားဘဝတွင် စာလည်းများများဖတ်သည်။ ကျောင်းစာလည်းတော်သည်။ စကားပြောလည်း လေ့ကျင့်သည်။ တက္ကသိုလ်ကျောင်းသားဖြစ်လာသောအခါ အင်္ဂလိပ်စာကို သူ့အထူးလေ့လာသည်။ အင်္ဂလိပ်လိုပြောဆိုခြင်းကိုလည်း ဒေါက်တာဘမော်၊ ဂျေ့ဇ်ဦးစောတို့ လာရောက်ဟောပြောပုံကို လေ့လာ၍ ကိုယ်တိုင်တတ်မြောက် ကျွမ်းကျင်အောင် လေ့ကျင့်၏။

ပင်ကိုဉာဏ်ရည်ထက်မြက်မှု၊ တတ်မြောက်ချင်စိတ်ထက်သန်မှု၊ အဆက်မပြတ်လေ့ကျင့်ကြိုးစားမှုတို့ကြောင့် ဗိုလ်ချုပ်သည် အင်္ဂလိပ်ဘာသာ၊ ဂျပန်ဘာသာတို့ကို ကောင်းမွန်ရေလည်စွာဟောပြောနိုင်၏။ ဗိုလ်ချုပ်သည် လက်ရုံးရည်သာမက နှလုံးရည်ပါ ပြည့်သူဖြစ်၏။

သူတစ်ပါးကို နားလည်အောင် နားပေါက်အောင် ပြောဆိုတတ်ရန်မှာ မလွယ်ပေ။ ဘာသာရပ်တစ်ခုပဲလေ။

နှုတ်မှုစွမ်းရည်

သူတစ်ပါး၊ လူအများနားဝင်အောင်၊ လက်ခံချင်အောင် ဟောပြောတတ်ရန်ကား ပို၍ခက်သေး၏။

လေ့ကျင့်မှ ကျွမ်းကျင်သည်။ ကျွမ်းကျင်မှ ယုံကြည်ပါသည်။ နှုတ်မှုပညာသည် မလေ့ကျင့်ဘဲမတတ်ပါ။ တတ်မြောက်ကျွမ်းကျင်ဖို့ရာ စာပေဗဟုသုတကို များများဖတ်ရှုလေ့လာရသည်။ အသံထွက် ဌာန်ကရိုဏ်းကျအောင် လေ့ကျင့်ရသည်။ အဆွဲ၊ အဆိုင်း၊ အဖြတ်၊ တက်သံ၊ ကျသံမှန်ကန်ပီသအောင် လေ့ကျင့်ရသည်။ အချိန်ကိုက်ပြောနိုင်အောင်လေ့ကျင့်မှရသည်။

ဟောပြောချက်၊ တင်ပြမှုတစ်ခုသည် အကြောင်းအရာပိုင်းတွင်လည်း ပရိသတ်ကို ဆွဲဆောင်ဖမ်းစားနိုင်အောင် ဖွဲ့စည်းတတ်ရမည်။ ပြောဆိုပုံ တင်ပြပုံကလည်း ယုံယုံရဲရဲနှင့် ဟန်ပါပါ မာန်ပါပါ အသံနေအသံထား နှင့် လွှမ်းမိုးနိုင်စွမ်းရှိရသည်။ သို့ရာတွင် ထန်လွန်းလျှင်လည်းမရ။ ပျော့ပျော့အေးအေးနှင့် လေးလေးထိုင်းထိုင်းကြီးလည်း မဖြစ်စေရ။ ပရိသတ်ရှေ့တွင် စာရွက်ကိုတက်ဖတ်နေသော မဟောပြောတတ်သည့်သူတွေ တွေ့ဖူးခဲ့ပါလိမ့်မည်။ မသင်ခဲ့လျှင် မတတ်ပါ။

အရေးကြီးသောအရွယ်

အထက်တန်းကျောင်းသားအရွယ် ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်းကျောင်းသား ကျောင်းသူများ မြန်မာဘာသာဖြင့် နှုတ်မှုပညာလေ့ကျင့်ပျိုးထောင်ပေးသင့်ပါသည်။

ပညာရေးခေတ်ရေစီးကြောင်းက ပြောင်းလဲနေပါသည်။ စာမေးပွဲအောင်လျှင် ပြီးရော၊ ကျောင်းသားအရည်အသွေးမြင့်မြင့် မမြင့်မြင့် ကိစ္စမရှိဟူသော အခြေအနေမှ စာသင်သားကို ဗဟိုပြု၍ တကယ်တော်လာအောင်၊ အမှန်တကယ်တတ်အောင် သင်ပြပေးရသော အရည်အသွေး (Quality) ဦးစားပေးသော ပညာခေတ်သို့ ရွေ့လျားလာပြီ။ နိုင်ငံတကာနှင့် ယှဉ်ရမည်။ ပဋိပက္ခ ယှဉ်နိုင်ရမည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် စာရေးသူတို့ကို ရန်ကုန်ရှိ အထက (၁)ဒဂုံ၊ အထက(၂)ဒဂုံ ကျောင်းများတွင် စကားရည်လုပွဲနှင့် ကျပန်းစကားပြောပွဲများ၌ အကဲဖြတ်ဒိုင်လူကြီးလာလုပ်ပေးပါရန် မေတ္တာရပ်ခံသည်။ စကိုင်းနက်ရုပ်မြင်သံကြား ထုတ်လွှင့်ရေး ပညာရေးအစီအစဉ်က အကူအညီတောင်းခံခြင်းဖြစ်၏။ တစ်နိုင်ငံလုံးသို့ ရုပ်သံမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဟု ဆို၏။

ဒေါက်တာမျိုးသန့်တင်၊ ဆရာ နွမ်ဂျာသိုင်း၊ ဆရာကောင်းသန့်၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာလယ်တွင်းသားစောချစ်၊ ဆရာ ချစ်စံဝင်းနှင့် မိမိတို့ပါဝင်ဆောင်ရွက်ကြ၏။ အကဲဖြတ်အမှတ်ပေးဒိုင်လုပ်ကြရ၏။ သုံးသပ်ချက်ပြောပြရ၏။ ပြဿနာမရှိ။ ပိုင်းဝန်းပါဝင်ကြ၏။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ပြသခဲ့သော စကိုင်းနက် တိုက်ရိုက်ထုတ်လွှင့်ခြင်း ပညာရေးအစီအစဉ်ကို တစ်နိုင်ငံလုံးရှိ စကိုင်းနက်ရုပ်မြင်သံကြား ပရိသတ်အများ ကြည့်ခဲ့ကြရသည်။ ကြိုက်နှစ်သက်ကြသည်။

လာပြန်ပြီ

ယခုနှစ် ပညာသင်နှစ် နှစ်ဦးပိုင်းမှာ လာပြန်ပြီ။ ဒဂုံမြို့သစ် (တောင်ပိုင်း) အထက (၂)တွင် ကျပန်းစကားပြောပြိုင်ပွဲ၌ နဝမတန်းကျောင်းသားသုံးဦး၊ ကျောင်းသူ သုံးဦးယှဉ်ပြိုင်ပြောဆိုသည်ကို အကဲဖြတ်အမှတ်ပေးရသည်။ ၂၀၁၃ ခုနှစ် ဇူလိုင် ၄ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိဖြစ်၏။ တိုက်ရိုက်လွှင့်၏။

အခြေခံပညာဦးစီးဌာန ရွေးပေးသော ခေါင်းစဉ်ခြောက်ခုကို ပြိုင်ပွဲဝင်သူ ခြောက်ဦးက မဲနှိုက်ပြီး ကျရာခေါင်းစဉ်ကို ၁၀ မိနစ်တိတိစီ ဖောက်ပြောရ၏။ ကြိုတင်လေ့ကျင့်ပြင်ဆင်နိုင်ရန် ခေါင်းစဉ်များကို အားလုံးသို့ အသိပေးထားခဲ့ပုံတော့ရ၏။

ခေါင်းစဉ်များမှာ (ထိုနေ့က)-

၁။ ပန်းတိုင်ရှိရာ

၂။ သူရဲကောင်း

၃။ တန်ဖိုး

၄။ ချစ်တဲ့ရောဝတီ

၅။ သင်တောသစ်ပင်တို့ချစ်ခင်၏ နှင့်

၆။ ဒါတို့ပြည် ဒါတို့မြေ တို့ဖြစ်ကြ၏။

အကြောင်းအရာ ခေါင်းစဉ်များကလည်း အထက်တန်းကျောင်းသားကျောင်းသူအသက်အရွယ်နှင့် ဆီလျော်သည်။ ပြိုင်ပွဲဝင် နဝမတန်းကျောင်းသားကျောင်းသူလေး ခြောက်ဦးမှာ ပြိုင်ပွဲဝင်လိုသော ကျောင်းသား ၇၅ ယောက်ထဲမှ ဦးစွာပဏာမယှဉ်ပြိုင်ပြီး ရွေးထားသော အကောင်းဆုံး လက်ရွေးစင်များလည်း ဖြစ်ကြသဖြင့် မည့်ကြချေ။

ဆရာမတွေ ရေးပေးထားသော စကားလုံးအချို့ကို အလွတ်ရွတ်ပြသလို ပြောဆိုခြင်းမျိုး၊ ဆရာမက သင်ပြပေးလိုက်သော သီချင်းကို ကီးမကိုက်ဘဲ သီဆိုခြင်းမျိုး၊ အသေးအဖွဲ့ အလွဲအချော်အနည်းငယ်တော့ ရှိကြသည်။ ဆိုးဆိုးရွားရွား များများစားစား ပြောစရာတော့မရှိပေ။ ထင်တာထက် ပိုတော်ကြလေသည်။

အမှတ်ပေးစနစ်

ထိုနေ့က အကဲဖြတ်ဒိုင်အဖွဲ့က အကဲဖြတ်အမှတ်ပေးသောစနစ်မှာ ဟောပြောချက်အမှတ် ၁၀၀နှင့် ရုတ်ခြည်းအမေးအဖြေမေးခွန်း သုံးခု ကိုးမှတ်၊ ထို့ကြောင့် စုစုပေါင်း တစ်ယောက်ချင်း ၁၀၉ မှတ်စီ ပေးရသည်။ ဒိုင်အဖွဲ့ဝင်သုံးဦးက ပေးသဖြင့် ပြိုင်ပွဲဝင်တစ်ဦးသည် အကယ်၍ ရာနှုန်းပြည့် အမှတ်ပြည့်ရလျှင် ၃၂၇ မှတ်အထိ ရရှိနိုင်၏။

ပြိုင်ပွဲဝင်တစ်ဦးချင်းကို အကဲဖြတ်သော ပေးမှတ် ၁၀၀ဆိုသည်မှာ အကြောင်းအရာပိုင်း ၅၀ မှတ် နှင့် ပြောဆိုတင်ပြပုံ ၅၀ မှတ်တို့ ပါဝင်ကြပါသည်။

အသေးစိတ်အင်္ဂါရပ် (Traits) တစ်ခုချင်းကို ၁၀ မှတ်စီ သတ်မှတ်ထားပါသည်။

(က) အကြောင်းအရာ ၅၀ မှတ်

၁။	နိဒါန်း၊ စာကိုယ်၊ နိဂုံးပြည့်စုံမှုရှိခြင်း	၁၀ မှတ်
၂။	အကြောင်းအရာပြည့်စုံခြင်း	၁၀ မှတ်
၃။	အထောက်အထားအကိုးအကား	၁၀ မှတ်
၄။	အစီအစဉ်တကျဆက်စပ်မှုကောင်း	၁၀ မှတ်
၅။	ခေါင်းစဉ်နှင့်ကိုက်ညီဆီလျော်မှု	၁၀ မှတ်

(ခ) ပြောဆိုတင်ပြပုံ ၅၀ မှတ်

၁။	အသံနေအသံထား ပီသရှင်းလင်းခြင်း	၁၀ မှတ်
၂။	ကိုယ်ဟန်အမူအရာလိုက်လျောညီခြင်း	၁၀ မှတ်
၃။	မိမိကိုယ်ကို ယုံကြည်မှုရှိခြင်း	၁၀ မှတ်
၄။	ပရိသတ်ကိုဆွဲဆောင်နိုင်စွမ်းရှိခြင်း	၁၀ မှတ်
၅။	အချိန်ကိုက်ညီစွာပြောဆိုခြင်း	၁၀ မှတ်

(ဂ) ရုတ်ခြည်းမေးခွန်းသုံးခုကို တုံ့ပြန်ဖြေဆိုခြင်း

- မှန်ကန်ခြင်း၊ ဆီလျော်ခြင်း   ၉ မှတ်

ဆုငွေ

ယှဉ်ပြိုင်သူပြိုင်ပွဲဝင်ခြောက်ဦးအနက် ပထမဆုငွေကျပ်နှစ်သိန်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်းခွဲ၊ တတိယဆုအဖြစ် ငွေကျပ် တစ်သိန်းတို့ရရှိကြပါသည်။ ကျန်သုံးဦးကိုလည်း နှစ်သိမ့်ဆု ငွေကျပ် ငါးသောင်းစီ ချီးမြှင့်လိုက်ကြောင်း တွေ့ရသည်။ ဆုမရသူဟူ၍ မရှိ။

အနယ်နယ်အရပ်ရပ်မှ Sky Net ရုပ်သံအစီအစဉ်ကြည့်နေကြသူများ ထံမှဖုန်းဖြင့်မေးခွန်းတွေမေးမြန်းခြင်း၊ဆုငွေပေးအပ်ခြင်းများလည်းချက်ချင်း ပင်ကြေညာပြီး ဖြေကြားပေးလေသည်။ ဆက်သွယ်ရေးနည်းကောင်းမွန်ခြင်း၏ အကျိုးကျေးဇူးဖြစ်၏။ မြန်ဆန်၏။ ထိရောက်၏။ ဒေသများစွာ လွှမ်းခြုံ၏။

တိုက်တွန်းချက်

ကျပန်းစကားပြောပြိုင်ပွဲ ဆုပေးသေးမီ အမှာစကားပြောကြားပေးပါဦးဟု အစီအစဉ်အရထည့်သွင်းထားသဖြင့် မိမိက ဒိုင်အဖွဲ့ကိုယ်စား ပြောရပါသေး၏။ လက်ရှိအခြေအနေ၏ အဓိကလက္ခဏာသုံးရပ်ကို အသိပေးလိုပါသည်-

(၁) ခေတ်ကြီးက လျင်မြန်စွာရွေ့လျားနေပါသည်။

(၂) မြန်မာနိုင်ငံသည်နိုင်ငံတကာနှင့် အဆက်ပြတ်ခဲ့ရာမှ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးပိုင်းဝန်းပိတ်ဆို့ပြတ်တောက်နေရာမှ ပြန်လည် ထိဆက်လာပြီ။ ပွင့်လင်းလာပြီ။ အပြန်အလှန်ထိတွေ့လာခဲ့ပြီ။ (၂၀၁၂ ခုနှစ်တွင် နိုင်ငံခြားသား ၁ ဒသမ ၁ သန်းကျော် မြန်မာပြည်သို့လာရောက်လည်ပတ်ခဲ့၏။ စီချိန်တင်၏) အနာဂတ်မှာ နိုင်ငံခြားသားဧည့်သည်များ နှစ်သန်း၊ သုံးသန်းလာကြီးမည်။ (အာဆီယံကြောင်ဆိုသော် ထိုင်း၊ မလေးရှား၊ စင်ကာပူတို့မှာ နိုင်ငံခြားသားဧည့်သည် သန်း ၂၀ ကျော် နှစ်စဉ်လာနေပါ၏။)

(၃) မြန်မာနိုင်ငံ၏ အခြေအနေသည် လျင်မြန်စွာပြောင်းလဲနေပါပြီ။ နိုင်ငံရေးစနစ်ပြောင်းလဲခဲ့ပြီ။ စီးပွားရေးစနစ်ပြောင်းနေပြီ။ အစစအရာရာ ပညာရေးအပါအဝင် ပြောင်းလဲနေကြ၏။

ထို့ကြောင့်-

လူငယ်များအားလုံးသည် စာများများဖတ်ရပါမည်။ နားမျက်စိကိုဖွင့်၍ ပညာဗဟုသုတ ဖြည့်ဆည်းကြရမည်။ အင်္ဂလိပ်စာအရေး၊ အဖတ်၊ အပြောလေ့ကျင့်ကြပါ။ မိမိကိုယ်ကိုယ် မြှင့်တင်ရန် နေ့စဉ်မပြတ်လေ့ကျင့်ပါ။ Sharpen Your Saw သင်၏ လွှကိုသွေးနေပါ။ အသွားမထက်ဘဲ သစ်ပင်များများ မခုတ်လှဲနိုင်ပါ။ အသွားတုံးသဖြင့် ပင်ပန်းသလောက်ခရီးမရောက်ခဲ့သည့် သင်ခန်းစာလည်း ရခဲ့ကြရပါပြီ။ အရည်အသွေးနိမ့်လာပါက မြောင်းထဲ ကျတတ်သည်။

နှုတ်မှုစွမ်းရည်ဆိုသည်မှာ နှလုံးရည်ပါပဲ။ လက်ရုံးရည်လိုပင် အရေးပါပါသည်။ သူတစ်ပါးနားဝင်အောင်ပြောဆိုတတ်ရမည်။ လူအများလက်ခံနာယူချင်အောင် ဟောပြောတတ်ရမည်။ လူထုကို စည်းရုံးဆောင်နိုင်အောင် အဟောအပြောအတတ်ပညာကို ဆည်းပူးလေ့ကျင့်ပြီးတတ်မြောက်ကျွမ်းကျင်အောင်ဖြည့်တင်းကြစေလိုပါသည်။ မြန်မာလိုသာမက အင်္ဂလိပ်လိုပါ ထိုအပြင် ဖြစ်နိုင်လျှင် ဘာသာစကားလေးမျိုး၊ ငါးမျိုး ပြောဟောနိုင်အောင်ကြိုးစားကြစေချင်ပါသည်။ ဒါမှ လူရာဝင်မည်။ အရှေ့တောင်အာရှနိုင်ငံသားချင်း ယှဉ်ရမည်။ အာရှတိုက်သားချင်းပြိုင်ကြရမည်။

ကမ္ဘာနှင့်ယှဉ်၍ နိုင်ငံတကာကိုယှဉ်ပြိုင်၍ မိမိတို့ကအသာရအောင် အနိုင်ရအောင် အရည်အချင်းရှိရမည်။

အတိတ်က ပညာရေးမှုနှင့်ခေတ်မမီတော့ပါ။ စာသင်သားကိုယ်တိုင်က ခေတ်ကိုအပေါ်စီးရှုမြင်နားလည်ပြီး ပညာလိုချင်စိတ်၊ ပညာတန်ဖိုးကိုအလေးထားစိတ်ရှိမှဖြစ်ပါလိမ့်မည်။ စိတ်အားထက်သန်မှုရှိပါရဲ့လား။ ဗဟုသုတရှိအောင် နေ့စဉ်သတင်းစာဖတ်ရပါမည်။

အနာဂတ်သည် အတိတ်ခရီးအတွေ့အကြုံနှင့် လုံးဝမတူကွဲပြားသော အခြေအနေသစ်ဖြစ်၏။ အရည်အသွေးရှိမှ စိန်ခေါ်နေ၏။

လူငယ်များ အရည်အသွေး အမှန်တကယ်မြင့်မားအောင် ကိုယ်တိုင်ကြိုးစားမှ တော်ကာကျမည်။

နိဂုံး

(၁) စာများများဖတ်ကြပါ။ သုံးသပ်ပါ။

(၂) အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြောတို့ကို နေ့စဉ်အဆက်အပြတ်လေ့ကျင့်ထားပြီး အသုံးချနိုင်ပါစေ။

တောင်ဒဂုံအထက(၂) ကျပန်းစကားပြောပြိုင်ပွဲတွင် ဒိုင်အဖွဲ့ဝင်အနေနှင့် စာရေးသူက ငါးမိနစ်မျှစင်ပေါ်တက်၍ ဩဝါဒပေးခဲ့ပါသည်။ ကျောင်းသင်ပညာရေးသည် ပြင်ပဗဟုသုတကင်း၍ မရ။

လာဘ်ပေးလာဘ်ယူမှု တိုင်ကြားနိုင်

လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီသို့ တိုင်ကြားလိုသည့် ကိစ္စရပ်များကို အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ နေရပ်လိပ်စာအပြည့်အစုံနှင့် ခိုင်လုံသောအထောက်အထားများ အပြည့်အစုံဖော်ပြလျက် လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီ၊ နိုင်ငံတော်သမ္မတရုံး၊ ရုံးအမှတ် (၁၈)၊ နေပြည်တော်သို့ လိပ်မူ၍ပေးပို့တိုင်ကြားနိုင်ပါကြောင်းနှင့် အထောက်အထားပြည့်စုံမှုရှိသည့် တိုင်ကြားစာများအား လိုအပ်သောစုံစမ်းစစ်ဆေးမှုများ ပြုလုပ်၍ မှန်ကန်မှုရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

လွှတ်တော်ရေးရာကဏ္ဍ

❍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှ

သို့ရာတွင် BE၊ RE နှင့် Actual တို့တွင် ရငွေ၊ သုံးငွေများ ပြောင်းလဲသွားတတ်သည့် သဘောတရားများကို ဂရုပြုနိုင်ပါရန်နှင့် အမှန်စာရင်းများကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ထားနိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် သုံးသပ်တင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များနှင့်အတူ ပြန်လည်ပေးပို့လာသော ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုပြီး လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်က နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ဥပဒေကြမ်း၏အပိုဒ် ၆၉ ကို "ကော်မရှင်နှင့် ကော်မရှင်၏ ရုံးလုပ်ငန်းဆိုင်ရာကုန်ကျစရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ တစ်လုံးတစ်ခဲတည်းသောရန်ပုံငွေသို့ ရငွေသွင်းပြီး ခွင့်ပြုရန်ပုံငွေမှ ကျခံသုံးစွဲရမည်" ဟု ပြင်ဆင်သင့်ကြောင်းဖြင့် ဆွေးနွေးပြီး လွှတ်တော်က အတည်ပြုသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များနှင့်အတူ ပြန်လည်ပေးပို့လာသော ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များနှင့်အတူ ပြန်လည်ပေးပို့လာသော သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုပြီး ယင်းဥပဒေကြမ်းကို နမ့်ခမ်း မဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းက ဆွေးနွေးကာ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ယင်းဥပဒေကြမ်းနှင့်ပတ်သက်၍ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းက ၎င်း၏အမြင်ကို ပြောပြရာတွင် "ကျွန်တော်တင်သွင်းခဲ့တဲ့အဆိုက မြန်မာစာ အသုံးအနှုန်းနဲ့ဆိုင်ပါတယ်၊ စာလုံးအချို့ကို ပြင်ဆင်ပေးဖို့အတွက်တင်သွင်းတာပါ၊ အများစုသော ဥပဒေဆိုင်ရာ အသုံးအနှုန်းတွေက သာမန်လူတွေအဖို့ ထူးဆန်းပြီး နားလည်သဘောပေါက်ဖို့ခက်ခဲပါတယ်၊ အဓိက ကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ရုံးသုံးဘာသာစကားဖြစ်တဲ့ မြန်မာစာပေကို အသုံးအနှုန်း အထားအသို အဓိပ္ပာယ်လွဲမှားမှု မရှိစေလိုတာပါ၊ ကျွန်တော်ရဲ့အမြင်ကိုပြောရမယ်ဆိုရင် သဘာဝဘေးအန္တရာယ်တွေ မကြုံတွေ့ရအောင်၊ကြုံတွေ့ရမယ်ဆိုရင်လည်း ကာကွယ်နိုင်အောင်၊ ဆုံးရှုံးမှု နည်းနိုင်သမျှနည်းပါးအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်၊ လက်ရှိမှာ ကိုယ့်အတိုင်းအတာနဲ့ကိုယ် အကောင်းဆုံးဆောင်ရွက်နေပေမယ့် အားနည်းချက်၊ လိုအပ်ချက်တွေလည်း စီမံခန့်ခွဲရေးကဏ္ဍတွေမှာ လိုအပ်နေပါသေးတယ်"ဟု ပြောပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များနှင့်အတူ ပြန်လည်ပေးပို့လာသော လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုချက်ရယူသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်နှင့် နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းတို့က ဆွေးနွေးကြကာ လွှတ်တော်၏အဆုံးအဖြတ်ကို ရယူအတည်ပြုပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

❖ ကျောဖုံးမှ

ဆိုလိုတာက တစ်ခေတ်တုန်းက လာဘ်စားတဲ့ အရာရှိတစ်ဦးကို အရေးယူတာ သူ့ရဲ့ပိုင်ဆိုင်မှုတွေကိုပါ ချိပ်ပိတ်ပြီး တရားရုံးတင် စစ်ဆေးခဲ့တာ ရှိခဲ့ဖူးပါတယ်။ အခုအချိန်မှာလည်း အကျင့်ပျက်ခြစားမှုက နေရာတိုင်း၊ ဌာနတိုင်းမှာ ရှိနေတတ်ပြီး ကျွန်တော်ကိုယ်တိုင် ဝန်ကြီးဌာနတစ်ခုကို ဝင်ခွင့်ရဖို့အတွက် ဂိတ်ပေါက်ဝကစပြီး လက်ဖက်ရည်ဖိုးပေးခဲ့ရတာမျိုးကြုံခဲ့တယ်။ အခုတော့ အဲဒီလိုအမူငယ်တွေ အများကြီး လျော့သွားပါပြီ။

တိုင်ကြားနိုင်တဲ့ အဖွဲ့အစည်းတွေကိုလည်း နိုင်ငံတော်က သတ်မှတ်ပေးထားတော့ အရင်လောက် မဆိုးတော့ပါဘူး။ အဓိကပြောရရင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေက မရှိမဖြစ်လိုအပ်ပြီးအမှန်တကယ်လည်း ကျင့်သုံးဖို့လိုအပ်ပါတယ်။

ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)

ကျွန်မအနေနဲ့ ဒီနေ့လွှတ်တော်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကြမ်း အတည်ပြုဖြစ်တာကို အလွန်ကြိုဆိုပါတယ်။ အမှန်အတိုင်းပြောရရင် ကျွန်မတို့ဝန်ထမ်းတွေမှာ အတွင်းထိလိုက်စားနေတာပါ။ အခုလို အကျင့်ပျက်ခြစားနေတဲ့ လာဘ်ပေးလာဘ်ယူမှုတွေ၊ အဂတိလိုက်စားမှုတွေကို ကုသဖို့ခက်ခဲသလို အရေးကြီးဆုံးဖြစ်တဲ့ တာဝန်သိမှု၊ တာဝန်ယူမှုတွေ mindset ထဲအလိုလို ဝင်ရောက်လာအောင် သင်ကြားပေးရမှာပါ။ လွှတ်တော်မှာ ကျွန်မတို့ ပြည်သူ့လွှတ်တော်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကြမ်းလို့ ခေါ်ဝေါ်သုံးစွဲဖို့ ကျွန်မတို့က ထောက်ခံခဲ့ပေမယ့် နောက်ဆုံးပြည်ထောင်စုလွှတ်တော်မှာ လာဘ်ပေးလာဘ်ယူပပျောက်ရေးလို့ ခေါ်ဝေါ်သုံးစွဲခဲ့တာပါ။ အဲဒါကို သမ္မတကြီးက သဘောထားမှတ်ချက်ပေးခဲ့ပြီး အဂတိလိုက်စားမှုလို့ ဆန္ဒပြုပေးခဲ့တဲ့အတွက် ကျွန်မအနေနဲ့ ထောက်ခံခဲ့ပါတယ်။ မကြာခင်ဥပဒေက အသက်ဝင်လာတော့မှာ ဖြစ်ပါတယ်။

ဒေါ်နန်းဝါနု
(ကွန်ဟိန်းမဲဆန္ဒနယ်)

ဒေါက်တာဗညားအောင်မိုး
(မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် ၇)

တကယ်လို့ ကော်မရှင်ဖွဲ့ခဲ့မယ်ဆိုရင် ကော်မရှင်အနေနဲ့ နိုင်ငံတော်အစိုးရလက်အောက်မှာ မဟုတ်ဘဲ သီးသန့်ခွဲခြား ထွက်ရှိထားတဲ့ ကော်မရှင်တစ်ခုဖြစ်ဖို့ လိုအပ်ပါတယ်။

ဒေါက်တာဗညားအောင်မိုး
(မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် ၇)

ကျွန်တော်တို့ တိုင်းပြည်မှာ အသစ်လိုအပ်နေတဲ့ ဥပဒေထဲမှာ အခုအတည်ပြုလိုက်တဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကြောင်းအရာက အလွန်လိုအပ်ပါတယ်။ ဘာကြောင့်လိုအပ်ရသလဲဆိုရင် အကျင့်ပျက်ခြစားခြင်းလို့ တင်စားပြောရလောက်အောင် အကျင့်စွဲနေကြတဲ့ အဂတိတရားတွေနေရာအနှံ့မှာ တွေ့နေရလို့ဖြစ်ပါတယ်။ လာဘ်လာဘဆိုတဲ့ ငွေကြေး၊ ရာထူးစည်းစိမ် တစ်စုံတစ်ရာအပြင် အဂတိလိုက်စားသူတွေကို အချိန်မီသတိပေးပြီး တားဆီးသင့်ပါတယ်။ ဥပဒေနောက်မှာ ပြစ်မှု၊ ပြစ်ဒဏ်ဆိုတာ တွဲလျက်ရှိပြီးသားဖြစ်ပါတယ်။ အဲဒီတော့ အောက်ခြေကနေ အဆင့်မြင့်တာဝန်ထမ်းဆောင်နေရတဲ့အကြီးအကဲတွေအထိ သတိထားပြီး ဝန်ထမ်းကျင့်ဝတ်စည်းကမ်းတွေကို လိုက်နာမယ်ဆိုရင် ဘာမှမလိုအပ်ပါဘူး။ အခွန်အကောက်တွေအားလုံးကို နားလည်ပေးအပ်ကြမယ်။ ကောက်ခံသူအဆင့်ဆင့်ကလည်း တာဝန်သိမှုနဲ့ နိုင်ငံတော်ဘဏ္ဍာတိုးစေမယ်ဆိုရင် ဝန်ထမ်းတွေရရှိမယ့် လစာတွေကလည်း မြင့်တက်လာမှာမလွဲတာမို့ မိမိတာဝန်ကျေပွန်အောင်ရှေးရှုစွဲ အလေ့အထတွေက နိုးထကြပါတော့လို့ နိုင်ငံ့ဝန်ထမ်းတွေကို အကြံပေးချင်ပါတယ်။ နောက်တစ်ခုကတော့ အကောင်အထည် ဖော်ဆောင်မယ့် ကော်မတီရဲ့ လုပ်ဆောင်ချက်တွေ ကောင်းမွန်ဖို့ လိုအပ်ပါတယ်။ ဒါကိုတော့ စောင့်ကြည့်ရမှာပါ။ ဘာပဲပြောပြော မကြာခင်မှာတော့ ကျွန်တော်တို့ တိုင်းပြည်ရဲ့ အဂတိလိုက်စားနေမှုတွေ တစ်စတစ်စ လျော့နည်းလာမှာတော့ အသေအချာပါပဲ။

မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေးစက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၆

မြန်မာနိုင်ငံ တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေး စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ (၁/၂၀၁၃) အစည်းအဝေးကို ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက မိမိတို့နိုင်ငံ၏ သယံဇာတ အရင်းအမြစ်များအား ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေးကို ဦးတည်၍ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ EITI (Extractive Industries Transparency Initiative) အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နိုင်ရေးကို အချိန်နှင့် တစ်ပြေးညီ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ ရေတို ရေရှည်ဖွံ့ဖြိုးရေးအတွက် ဦးတည်ဆောင်ရွက်ခြင်းဖြစ်၍ ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးကို များစွာ အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း၊ EITI အဖွဲ့ဝင်အဖြစ် ယခုနှစ်အကုန်တွင် အချိန်မီလျှောက်ထားနိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ နောက်တစ်ဆင့်အနေဖြင့် အစိုးရ၊ ကုမ္ပဏီများနှင့် အရပ်ဘက် အဖွဲ့အစည်းများ ပါဝင်သော Multi-stakeholder Group (MSG) ဖွဲ့စည်းဆောင်ရွက်နိုင်ရေးကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းစဉ်များအား အချိန်မီပြီးမြောက်အောင် ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး နိုင်ငံတော်သမ္မတ၏ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီအဖွဲ့ဝင် ဒေါက်တာဇော်ဦးက EITI လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေး ဆောင်ရွက်ချက်များ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟုမ္မလင်းမြို့နယ်၌ မိုးနှင်းဆီစာကြည့်တိုက်ဖွင့်

ဟုမ္မလင်း ဇူလိုင် ၂၆

ဟုမ္မလင်းမြို့နယ် ထိန်ကင်းအုပ်စု ဆန်ကျိန်ကျေးရွာ မိုးနှင်းဆီစာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ စာကြည့်တိုက်ကို ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းရွှေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကောင်းမြတ်ညီ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးဇော်ဌေးအောင်နှင့်စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးလှတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့်ဌာနဆိုင်ရာများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ) (၁၁၇)**

ပဲခူး၌ လယ်ယာမြေ လုပ်ကိုင်ခွင့်ပြုလက်မှတ်ပေးအပ်

ပဲခူး ဇူလိုင် ၂၆

ပဲခူးမြို့နယ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်ချက်အရ ပဲခူးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမင်းသော်တာနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဝင် ဦးကျော်သူရတို့အဖွဲ့သည် ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက ဘုရားကြီးမြို့ အရှေ့ရွှေကျင်ဘုန်းတော်ကြီးကျောင်းနှင့် ဇဗ္ဗူကျော်ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းတို့တွင် လယ်သမား ၁၈၃ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို ထုတ်ပေးခဲ့ပြီး လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌဦးမင်းသော်တာက လယ်ယာမြေလုပ်ပိုင်ခွင့်ပါ စည်းကမ်းချက်များအား ရှင်းလင်းပြောကြားခဲ့သည်။ ကျန်ရှိနေသေးသော လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကိုလည်း ဆက်လက်ပေးအပ်သွားမည်ဖြစ်သည်။

(မြို့နယ်မြေစာရင်း)

အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကော်မတီ အလုပ်ရုံဆွေးနွေးပွဲဖွင့်

ရန်ကုန် ဇူလိုင် ၂၆

အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေး အသိုက်အဝန်းကော်မတီ၏ ထင်ပေါ်ကျော်ကြားသူများအကြား အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနများမှ အငြိမ်းစားအရာရှိကြီးများပါဝင်သည့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကော်မတီ၏ ထင်ပေါ်ကျော်ကြားသူများအဖွဲ့မှ အဖွဲ့ဝင်များတက်ရောက်ကြပြီး ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရေးတွင် ဘာသာရပ်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဒေသအတွင်း အရေးပါသောကိစ္စရပ်များဖြစ်သည့် တောင်တရုတ်ပင်လယ်အရေးကိစ္စ၊ နိုင်ငံဖြတ်ကျော်မှုခင်းကိစ္စရပ်များ၊ ရွှေ့ပြောင်းလုပ်သား ကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်သည်။

ပံ့ပိုးပေးသွားမည်

အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေး အသိုက်အဝန်းကော်မတီ၏ ထင်ပေါ်ကျော်ကြားသူများအဖွဲ့ အစည်းအဝေးများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီး အစည်းအဝေးများတွင် ထုတ်ပြန်သည့် နိုင်ငံရေးလုံခြုံရေးဆိုင်ရာ ကြေညာချက်၊ ထုတ်ပြန်ချက်များ အတွက် အကြံပြုချက်များ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆ ရှေ့ဖုံးမှ

လုပ်ငန်းကို ဩဂုတ်လအတွင်း ပြီးစီးမည်ဟု မျှော်မှန်းထားသည်။

အဆိုပါပြည်ပကုမ္ပဏီများတွင် အမေရိကန်၊ ဗြိတိန်၊ အိန္ဒိယ၊ ဩစတြေးလျစသည့်နိုင်ငံများမှ ပါဝင်ပြီး ကွင်းဆင်းလေ့လာမှုများ ပြီးဆုံးပါက အပြီးသတ်တင်ဒါရွေးချယ်မှုကို လာမည့်နိုဝင်ဘာလအတွင်း ပြုလုပ်နိုင်မည်ဟု ခန့်မှန်းထားသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် လာမည့်ငါးနှစ်ကျော်ကာလအတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့တွင်းသစ်ပေါင်း ၃၀၀ခန့် တူးဖော်ရန် အစီအစဉ်ရှိနေသည်။ မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းများတွင် ပြည်ပကုမ္ပဏီများကအထူးစိတ်ဝင်စားလျက်ရှိရာ အထူးသဖြင့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကို ပြည်ပကုမ္ပဏီများက ပိုမိုစိတ်ဝင်စားလျက်ရှိသည်။ ယင်းမှာ စီးပွားဖြစ်လုပ်ကိုင်နိုင်ရန် ပိုမိုအလားအလာကောင်းသောကြောင့်ဖြစ်သည်။

လောလောဆယ်တွင် ရွှေ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြင့် တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့များ ဇူလိုင်လအတွင်း စတင်ရောင်းချမည်ဖြစ်သည်။

နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ပြည်တွင်းသတင်း

ဧည့်လမ်းညွှန်များ လက်တွေ့နယ်ပယ်တွင်အရည်အချင်းပြည့်မီအောင်ကြိုးစား

ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် ဧည့်လမ်းညွှန်(အခြေခံ)သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၂၆

ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဝါးတန်းလမ်း ပန်ဒါဟိုတယ်၌ပြုလုပ်သော ဧည့်လမ်းညွှန်(အခြေခံ)သင်တန်း အမှတ်စဉ် (၄၂)ဆင်းပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း တိုးတက်လာသည်နှင့်အမျှ ဧည့်လမ်းညွှန်များ လိုအပ်လာပါကြောင်း၊ ယခုသင်တန်းဆင်း ဧည့်လမ်းညွှန်များအနေဖြင့် လက်တွေ့နယ်ပယ်တွင် အရည်အချင်းပြည့်မီအောင် ကြိုးစားကြစေလိုကြောင်း၊ ၂၀၁၂ ခုနှစ်အတွင်း ပြည်ပဧည့်သည် ၁ ဒသမ ဝ၆ သန်းဝင်ရောက်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ် ဇူလိုင်လထိ ပြည်ပဧည့်သည် ၈၇၀၀၀၀ ဝင်ရောက်ခဲ့ရာ ဝန်ဆောင်မှု ၅၉ ရာခိုင်နှုန်းရှိပါကြောင်း၊ လာမည့်ပွင့်လင်းရာသီတွင် ယခုထက်ပိုမိုတိုးတက်လာမည်ဖြစ်ရာ ၁ ဒသမ ၈ သန်းခန့်ရောက်ရှိနိုင်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းဆင်းလက်မှတ်ရရှိရုံသာမဟုတ်ဘဲ လက်တွေ့နယ်ပယ်တွင် ကျွမ်းကျင်အောင်မြင်မှုရရှိအောင် ကြိုးစားကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍအတွက် အရည်အချင်းပြည့်မီသော ဧည့်လမ်းညွှန်ကောင်းများဖြစ်စေလိုပါကြောင်း ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(သတင်းစဉ်)**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. NGUYEN SINH HUNG ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

▲ ရှေ့ဖုံးမှ

ပြစ်ဒဏ်များချမှတ်အရေးယူခဲ့ပါသည်။ ဖမ်းဆီးအရေးယူမှု၊ ပြစ်ဒဏ်ချမှတ်မှုများ၊ စစ်ဆေးဆဲပြစ်မှုများကိုလည်း သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

၅။ မြန်မာနိုင်ငံတော်အစိုးရသည် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ရခိုင်ပြည်နယ်အစိုးရ၊ ကုလသမဂ္ဂအေဂျင်စီများ၊ အိုင်အင်ဂျီအိုများ၊ အင်ဂျီအိုများနှင့်ပူးပေါင်း၍ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသူများအား ဘာသာရေး၊ လူမျိုးရေးခွဲခြားမှုမရှိဘဲ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ခဲ့ပါသည်။ စေတနာရှင် နိုင်ငံအသီးသီး၏ အစိုးရများမှတစ်ဆင့် ထောက်ပံ့ကူညီမှုများကိုလည်း နှစ်ဖက်အသိုက်အဝန်းသို့ မျှတစွာ ထောက်ပံ့ဖြန့်ဝေပေးခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် ပြည်ထောင်စုအစိုးရက တာဝန်ယူဆောက်လုပ်ပေးသော လူနေအဆောက်အအုံ လုံးချင်းအိမ် ၉၆၀ လုံး ဆောက်လုပ်ရန်အနက် ၉၄၅လုံး ဆောက်လုပ်ပြီးစီးပြီး၊ တဲတန်းလျား ၁၄၄၃ လုံး ဆောက်လုပ်ရန်အနက် ၁၄၁၃ လုံး ဆောက်လုပ်ပြီး၍ ဒုက္ခသည်များအား နေရာချထားပေးပြီးဖြစ်ပါသည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ယူသော အဆောက်အအုံလုံးချင်းအိမ် ၂၈၂ လုံး ဆောက်လုပ်ရန်အနက် အားလုံးဆောက်လုပ်ပြီးစီးပြီး၊ တဲတန်းလျား ၉၃၇ လုံး ဆောက်လုပ်ရန်အနက် ၅၃၈ လုံး ဆောက်လုပ်ပြီးစီးပြီးဖြစ်ပါသည်။ အိုးမဲ့အိမ်မဲ့ ဖြစ်သူများအား ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးများကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၆။ ဗုဒ္ဓဘာသာနှင့် မူဆလင်ဘာသာဝင်များအကြား ယုံကြည်မှုနှင့် သဟဇာတဖြစ်မှုတို့သည် မြန်မာပြည်သူများအကြား ရေရှည်တည်ငြိမ်အေးချမ်းမှုအတွက် အရေးကြီးကြောင်း မြန်မာနိုင်ငံ နိုင်ငံတော်အစိုးရနှင့် လူမှုအဖွဲ့အစည်းများ၊ ဘာသာရေးအသီးသီးမှ ခေါင်းဆောင်များက ကောင်းစွာသိမြင်သလို အလေးထားဆောင်ရွက်နေသည့်ကိစ္စရပ်လည်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ရှိသကဲ့သို့ အပြန်အလှန် ယုံကြည်လေးစားမှုနှင့် နားလည်စာနာသည်းခံမှုများ ရှိရန်လည်း လိုအပ်သည်။ ထို့ပြင် ဘာသာရေးအစွန်းရောက်သည့် ရန်လိုမုန်းတီးမှုများကို ဆန့်ကျင်တိုက်ဖျက်သွားရန်နှင့်ဘာသာရေးပဋိပက္ခများ ကြီးထွားအောင် မတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်နေသူများကို ဝိုင်းဝန်းဆန့်ကျင်သွားရန်လည်း လိုအပ်ပါသည်။

၇။ ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံ၌ တည်ငြိမ်မှုများ ပြန်လည်ရရှိနေပြီ ဖြစ်သော်လည်း ပြည်တွင်းပြည်ပမှ အချို့အဖွဲ့အစည်းများက မြန်မာနိုင်ငံအတွင်း ဘာသာရေးခွဲခြားမှု၊ လူမျိုးရေးခွဲခြားမှုများ ပြင်းထန်စွာဖြစ်ပွားနေသကဲ့သို့ ပုံဖော်စွပ်စွဲမှုများ ပေါ်ပေါက်လျက်ရှိပါသည်။ ထိုသို့သော ပုံဖော်စွပ်စွဲမှုများကြောင့် ပြဿနာများ ပို၍ရှုပ်ထွေးသွားစေနိုင်မည်ကို သတိပြုသင့်ပါသည်။

၈။ တိုင်းရင်းသားပြည်သူလူထုများ၊ နိုင်ငံသားများအားလုံး လူမျိုးဘာသာခွဲခြားမှုမရှိဘဲ ငြိမ်းချမ်းညီညွတ်စွာဖြင့် သမိုင်းစဉ်တစ်လျှောက် ဂုဏ်သိက္ခာမြင့်မားစွာ နေထိုင်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အစဉ်အလာကို စောင့်ထိန်းလျက် အနာဂတ်ကာလတွင်လည်း ယင်းသို့ ညီညွတ်စွာ နေထိုင်သွားရေးကို ရှေးရှုဆောင်ရွက်သွားကြရမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် နိုင်ငံရေး၊ စီးပွားရေး၊ စနစ်သစ်တစ်ရပ်အား အောင်မြင်စွာ တည်ဆောက်နိုင်ရေးကို နိုင်ငံသားတိုင်း၏ အဓိကတာဝန်အဖြစ် ခံယူကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။

၉။ နိုင်ငံတော်အစိုးရသည် လူမျိုးဘာသာမခွဲခြားဘဲ အထက်ပါဖြစ်စဉ်များကြောင့် ထိခိုက်နစ်နာခဲ့သူများအား ပြန်လည်နေရာချထားရေး၊ ပုံမှန်ဘဝသို့ ပြန်လည်ထူထောင်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော သဟဇာတဖြစ်မှု၊ ငြိမ်းချမ်းမှုကို ဆောင်ကြဉ်းနိုင်ရေးအတွက် စေတနာရှင်နိုင်ငံများ၊ ကမ္ဘာ့ကုလသမဂ္ဂနှင့်နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းမှ စေတနာရှင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

ဩဂုတ်လထုတ် သုတပဒေသာစာစောင် ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က လစဉ်ထုတ်ဝေလျက်ရှိသော သုတပဒေသာစာစောင်အတွဲ (၄၀)၊အမှတ်(၈)၊၂၀၁၃ခုနှစ်၊ ဩဂုတ်လထုတ်ကို ဘာသာပြန်စာပေစိတ်ဝင်စားသော စာဖတ်ပရိသတ်အတွက် အသွင်သစ်၊ အမြင်သစ်၊ ဒီဇိုင်းသစ်ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ဩဂုတ်လထုတ် သုတပဒေသာစာစောင်တွင် မြန်မာကို ကမ္ဘာက သိစေခဲ့သော ကမ္ဘာ့စီးပွားရေးဖိုရမ်၊ ကျင့်ဝတ်မစောင့်ထိန်းသူ ကွန်ပျူတာပညာရှင် စနိုးဒန်၊ EITI လုပ်ငန်းစဉ်များ၊ ပျော်ရွှင်ခိုင်မြဲသော အိမ်ထောင်ရေးဆီသို့၊ တစ်ကမ္ဘာလုံးကို စိန်ခေါ်နေသောရေ၊ ပိုမိုကောင်းမွန်သော ဘဝနေနည်း၊ အာဆီယံနိုင်ငံများ၏ ဒီဂျစ်တယ်ကွာဟမှုနှင့် စိန်ခေါ်မှုများ၊ လူငယ်နှင့်စိတ်ဖွံ့ဖြိုးရေး၊ အချိန်ဆွဲမနေပါနှင့်၊ ကျေးဇူးတင်ပါတယ်မေမေ၊ တစ်ကျော့ပြန် ကြောက်မက်ဖွယ်ရာ H_7N_9 တုပ်ကွေး၊ ကိုရီးယား ငွေကြယ်ပွင့်တို့ကမ္ဘာစသော ဆောင်းပါးများနှင့်အတူ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ စည်သူဒေါက်တာခင်မောင်ညွန့်၊ ဟိန်းလတ်၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ မောင်မြင့်ကြွယ်၊ မောင်ပေါ်ထွန်း၊ ကျော်ရှင်း၊ မောင်ကျေးဇူး၊ ကြည်ရွှန်း၊ စိုးသီဟနောင်၊ ဒီဇင်ဘာမွန်း၊ နန်းညွန့်ယဉ်ခမ်းတို့၏ ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါး၊ ဟာသ၊ ဖြစ်ရပ်မှန်၊ အင်္ဂလိပ်စာ၊ ထူးဆန်းထွေလာ၊ တိရစ္ဆာန်ထိန်းသိမ်းရေး စသည့် ကဏ္ဍများ စုံစုံလင်လင်ပါရှိသည်။

သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၁၆၀၀ ဖြင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့်မြို့အသီးသီးရှိ စာပေဗိမာန်အရောင်းကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန်အရောင်းဌာန အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။ www.moi.gov.mm/ppe Website တွင်လည်း ဖတ်ရှုနိုင်ပါသည်။

(သတင်းစဉ်)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ပေးပို့တင်ပြလာသည့် တရားမဝင်ကျွဲနွားများ ဖမ်းဆီးရမိမှုအခြေအနေဆိုင်ရာ သတင်းကောက်နုတ်ချက်

၁။ ၈-၇-၂၀၁၃ ရက်၊ ၁၈း၃၀ နာရီအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကျွန်းလှမြို့၊ ဒုတိယမှူးခင်းနှိမ်နင်းရေးမှူး ရဲအုပ်၊ သဖန်းဆိပ်နယ်မြေ ရဲစခန်းမှူးနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကျွန်းလှမြို့နယ်၊ တပေါင်းကျေးရွာ(ရွာဟောင်း)အနောက်ဘက်၊ မူးမြစ်ကမ်းဘေး၌ တရားမဝင်သယ်ဆောင်လာသော ကျွဲအထီး ၁၆ ကောင်အား တပေါင်းကျေးရွာ(ရွာဟောင်း)နေ ဦးသိန်းနိုင်ထွန်းမှ ထိန်းသိမ်းထားစဉ် ဖမ်းဆီးရမိခဲ့ပါသဖြင့် သဖန်းဆိပ်နယ်မြေရဲစခန်းတွင်(ပ)အမှတ်၊ ၈၀/၁၃ ပုဒ်မ အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ-၅ အရ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

၂။ ၉-၇-၂၀၁၃ ရက်၊ ၀၅း၃၀ နာရီအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့သည် မကျီးတုံးကျေးရွာမြောက်ဘက်၊ ဗျူဟာလမ်းအနီး၌ ပိုင်ရှင်မဲ့ နွားအထီး ၁၀ ကောင်အား ဖမ်းဆီးရမိခဲ့ကြောင်း၊ ၁၀-၇-၂၀၁၃ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဖောင်းပြင်မြို့နယ် ရောင်းဟီးကျေးရွာအုပ်စု၊ သက်ကယ်ကျင်းကျေးရွာ၌ ဦးဝင်းနိုင် အပါအဝင် (၃)ဦးအား တရားမဝင် နွားအထီး (၄) ကောင် သယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရပြီး ဖောင်းပြင်မြို့ရဲစခန်းတွင် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ-၅ အရ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

၃။ ၉-၇-၂၀၁၃ ရက်၊ ၂၀း၁၅ နာရီအချိန်ခန့်တွင် ဝန်းသိုရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နှင့်အဖွဲ့သည် သတင်းအရ ကင်းမွန်းခြံရွာနှင့်ချောင်းဆုံရွာသွား တောလမ်း၌ ရန်နိုင်အပါ (၅)ဦးမှ နွားအထီး ၁၀ ကောင်အား ဝန်းသိုမြို့နယ်၊ ကျုံးကြီးရွာမှ ကသာမြို့နယ်၊ အထက်သဖန်းဒေါင့်ရွာသို့ တရားမဝင်သယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဝန်းသိုမြို့နယ်ရဲစခန်းတွင် (ပ)အမှတ် (ပ)၁၅၀/၁၃ အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ(၅)အရ အရေးယူဆောင်ရွက်ထားလျက်ရှိကြောင်းနှင့် ၁၀-၇-၂၀၁၃ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်မှ ဒုရဲအုပ် ဇော်မိုးသန်းနှင့်အဖွဲ့သည် တနယ်ကျေးရွာအနီး ပရမ်းပကားချောင်းဘေး၌ နွားအထီး (၇) ကောင်အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပြီး ၎င်းနွားများအား ဒီပဲယင်းမြို့နယ် ရဲစခန်းတွင် ထိန်းသိမ်းထားရှိပါသည်။

၄။ ၉-၇-၂၀၁၃ ရက်၊ ၂၂း၃၀ နာရီအချိန်တွင် နေပြည်တော် ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ နွယ်ရစ်ရွာမှ ပုဏ္ဏမာကျေးရွာ၊ မြောက်ဘက်ထိပ်တွင် အထောက်အထားခိုင်လုံစွာမပါရှိဘဲ သယ်ဆောင်လာသော နွားအထီး ၁၁ ကောင်အား တပ်ကုန်းရဲစခန်းမှ ဖမ်းဆီးရမိခဲ့ပြီး တပ်ကုန်းရဲစခန်းတွင် အရေးကြီးကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ(၅)ဖြင့် တရားစွဲအရေးယူထားကြောင်းနှင့် ၁၅-၇-၂၀၁၃ ရက်၊ ၁၅း၃၀ နာရီအချိန်တွင် ရွှေကျင်မြို့နယ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး၊ ဒုတိယရဲမှူးနှင့် ရဲတပ်ဖွဲ့ဝင် ၂၀ ဦး၊ အထွေထွေအုပ်ချုပ်ရေးမှူးနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးတို့ပါဝင်သောအဖွဲ့သည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ရွှေကျင်မြို့နယ်၊ တောင်ဘက်ကျေးရွာအုပ်စု၊ စားကျက်ကွင်း၌ သတင်းအရ စောင့်ဆိုင်းနေစဉ် နွားအထီး (၁၆) ကောင်ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပြီး အဆိုပါနွားအထီး (၁၆) ကောင်အား ရွှေကျင်မြို့နယ်၊ မြို့မရဲစခန်းတွင် ထိန်းသိမ်းထားပါသည်။

၅။ ၁၁-၇-၂၀၁၃ ရက်၊ ၁၄း၁၀ နာရီတွင် ချင်းပြည်နယ်၊ ဟားခါးမြို့နယ် ရဲတပ်ဖွဲ့မှ ရဲအုပ်ဦးစီးသောအဖွဲ့သည် ဟားခါးမြို့မြောက်ဘက် ၇ မိုင်ခန့်အကွာ သီဖူးလ်ရွာသွား မြေသားလမ်းပေါ်၌ ဦးနိုဆန်း၊ ဦးဆာမှုံနှင့် ဦးကပ်ထန်းတို့မှ နွားမကြီး (၃) ကောင်၊ နွားအထီးလတ် (၁)ကောင်၊ နွားမလတ် (၁)ကောင်၊ နွားမပေါက် (၂)ကောင်၊ နွားမသားပေါက်ငယ် (၃)ကောင်၊ စုစုပေါင်း ၁၀ ကောင်အား စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာမပါဘဲ တရားမဝင်သယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဟားခါးမြို့နယ် ရဲစခန်းတွင် သိမ်းဆည်းထားပြီး နွားများကို တရားမဝင်သယ်ဆောင်လာသူ (၃) ဦးအား ဟားခါးမြို့မရဲစခန်းတွင် (ပ) ၂၃/၂၀၁၃၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ (၅)ဖြင့် အရေး ယူဆောင်ရွက်လျက်ရှိပါသည်။

၆။ ၁၃-၇-၂၀၁၃ ရက်၊ ၁၁း၄၅ နာရီအချိန်တွင် တောင်ကြီး-လွိုင်လင်မြို့ဝင် လုံခြုံရေးကင်း၌ လွိုင်လင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်နှင့် အဖွဲ့ဝင် (၆)ဦး၊ လွိုင်လင်မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာသန့်ဆွေဦးနှင့် ဒုတိယဦးစီးမှူး ဦးနေလင်း၊ လွိုင်လင်မြို့နယ် စည်ပင်သာယာရေးဦးစီးဌာနမှ အမှုဆောင်အရာရှိတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရစောင့်ဆိုင်းနေစဉ် ယာဉ်မောင်းဦးပွကြီးနှင့် ယာဉ်မောင်းဦးစိုးပိုင်တို့ မောင်းနှင်လာသော (၁၂) ဘီးယာဉ် (၂) စီးအား စစ်ဆေးခဲ့ရာ အဆိုပါယာဉ်များပေါ်တွင် တရားမဝင် သယ်ဆောင်လာသော အေးခဲအမဲသားအလေးချိန် စုစုပေါင်း ၁၂၄၈၀ ပိဿာအား သိမ်းဆည်းရမိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. NGUYEN SINH HUNG သည်အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက် ၈နာရီခွဲတွင် ရွှေတိဂုံစေတီတော်သို့ရောက်ရှိပြီး ဉေ့ခံတန်ဆောင်းရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်၍ ရွှေတိဂုံစေတီတော်အတွက် အလှူငွေ အမေရိကန်ဒေါ်လာ ၁၀၀၀ကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းပြီး စေတီတော်အား လှည့်လည်ကြည့်ရှုကြသည်။

အမှာစကားပြောကြား

ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ဆီဒိုးနားဟိုတယ်၌ ကျင်းပသော မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ဘဏ်နှင့်ဘဏ္ဍာရေး လုပ်ငန်းများအတွက် သတင်းအချက်အလက်နည်းပညာ ဖြေရှင်းချက်များဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် ဧည့်သည်တော် ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. NGUYEN SINH HUNG ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီးနှင့် သံရုံးမိသားစုတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဈေးများတွင် GSM Sim ကတ်များ ဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၂၆

နေပြည်တော်ကောင်စီနယ်မြေရှိ သပြေကုန်းဈေး၊ နေပြည်တော်မြို့မဈေးနှင့် ဒက္ခိဏသီရိဈေး၊ ပုဗ္ဗသီရိဈေးနှင့် အာဟာရသုခဈေးများ၌ ဈေးသူဈေးသားများအား GSM Sim ကတ်နှင့် WCDMA 800 MHz Sim ကတ်များအား မဲနှိုက်၍ ဖြန့်ဝေပေးနေမှုကို (**ယာပုံ**) နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်နှင့်အဖွဲ့က ကြည့်ရှုအားပေးကာ ဈေးသူဈေးသားများနှင့်တွေ့ဆုံပြီး လူနေမှုဘဝမြင့်မားရေးအတွက် အထောက်အကူဖြစ်စေသော ဆက်သွယ်မှုစနစ်မှ ရရှိနိုင်သည့် အကျိုးကျေးဇူးများနှင့် နေပြည်တော်ကောင်စီ၏ ပြည်သူလူထု လူတန်းစားအလွှာအသီးသီး ဖုန်း Sim ကတ်များ ရရှိနိုင်ရေးအတွက် နေပြည်တော်ကောင်စီမှ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ယနေ့ ဈေးငါးဈေးတွင် နေပြည်တော်မြို့မဈေးအတွက် Sim ကတ် ၃၅၅ ကတ်၊ သပြေကုန်းဈေးအတွက် ကတ် ၂၆၀၊ ဒက္ခိဏဈေးအတွက် ၁၃၇ ကတ်၊ ပုဗ္ဗသီရိဈေးအတွက် ၁၃၄ ကတ်၊ အာဟာရသုခဈေးအတွက် ၂၉၈ ကတ် စုစုပေါင်း ၁၁၈၄ ကတ်ကို ဈေးသူဈေးသားများထံ ဒုတိယအကြိမ်မြောက် ခွဲဝေပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ နေပြည်တော်ကောင်စီ နယ်မြေအတွက် စတုတ္ထအကြိမ်မြောက် အနေဖြင့် ခွဲဝေရရှိသော GSM Sim ကတ် ၂၁၀၀၀ နှင့် WCDMA 800 MHz Sim ကတ် ၃၀၀၀ အား ရုံးဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ ၂၄၂ ရွာ၊ ဝေးလံဒေသ ကျန်းမာရေးဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများ၊ ဈေးဌာနများနှင့် ဈေးများသို့ ဆက်လက်ခွဲဝေပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ
၂၆-၇-၂၀၁၃

တောင်ကုတ်မြို့
၈ ဒသမ ၆၂ လက်မ
ကျောက်ဖြူမြို့
၅ ဒသမ ၀၀ လက်မ
မြောက်ဦးမြို့
၄ ဒသမ ၆၉ လက်မ
ကျောက်တော်မြို့
၄ ဒသမ ၅၇ လက်မ
အမ်းမြို့
၃ ဒသမ ၈၆ လက်မ

သဘာဝဓာတ်ငွေ့ပိုက်လိုင်း အစားထိုးခြင်းပြီးစီး လိုင်းပေါင်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည်

နေပြည်တော် ဇူလိုင် ၂၆

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ကန်ပေါက် -မြိုင်ကလေး လက်မ ၂၀ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား ၂၀၁၃ခုနှစ် Master Plan ဖြင့်ပိုက်လိုင်း အစားထိုးလဲလှယ်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ သံဖြူဇရပ်နှင့်ရေးအကြား ၃၉ မိုင်ခန့် အပိုင်းနေရာ၌ ပိုက်လိုင်းအစားထိုးလဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အင်ဂျင်နီယာအကြိုလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ယခုအခါ ပြီးစီးပြီဖြစ်သဖြင့် ယနေ့ ညနေ ၆ နာရီမှစတင်၍ လိုင်းပေါင်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး ပြုပြင်ချိန် ခန့်မှန်း၂၄ နာရီကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြောင်းမြမြို့နယ် ပြင်ရွာကျေးရွာ လေပြင်းလေပွေတိုက် စာသင်ကျောင်းပျက်စီး၊ မြစ်ရေကြီးသဖြင့် ကမ်းပါးပြိုကျ

မြောင်းမြ ဇူလိုင် ၂၆

ယခုရက်ပိုင်းအတွင်း မြန်မာ့ပင်လယ်ပြင်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်မှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း အချို့နေရာများတွင် မိုးများအဆက်မပြတ်ရွာသွန်းခြင်း၊ ရုတ်တရက်လေပြင်းများ တိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပြင်ရွာကျေးရွာတွင် ဇူလိုင် ၂၄ ရက် ညနေ ၆ နာရီကျော်ခန့်က ရုတ်တရက် လေပြင်းလေပွေတိုက်ခတ်မှုကြောင့် ကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲ၊ မူလတန်း ကျောင်းဆောင်နှင့် အထက်တန်းကျောင်းဆောင်တို့ အမိုးသွပ်အချပ် ၈၀ ခန့် ပွင့်လန်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ငွေကျပ် ၇၀၀၀၀၀ခန့်ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့ပြီး မူလတန်းကျောင်းသားကျောင်းသူ ၁၅၈ ဦးအား ကျေးရွာရှိကျောင်းသစ်ဘုန်းတော်ကြီးကျောင်းတွင် ယာယီရွှေ့ပြောင်း၍ သင်ကြားမှုမပျက် စာသင်ကြားလျက်ရှိသည်။

ယင်းနေ့ည ၉ နာရီ ၅၅ မိနစ်ခန့်က ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအနီး မြစ်ကမ်းပါးတွင် အလျားပေ ၁၀၀၊ အကျယ်ပေ ၂၀ ခန့် မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွားခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး တစ်ခြမ်းပြိုကျခဲ့သဖြင့် ရုံးအဆောက်အအုံမှ သစ်များ၊ အမိုးသွပ်များကို ဆုံးရှုံးမှုမရှိစေရန် ဖျက်သိမ်း၍ အနီးဝန်းကျင်ရှိ ဈေးဆိုင်ခန်းသုံးခန်း၊ လူနေအိမ်တစ်လုံး၊ မိသားစုဝင် အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၂၄ ဦး တို့ကို ဘေးလွတ်ရာသို့ ယာယီပြောင်းရွှေ့ပေးထားရကာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များက နေ့၊ ည ကင်းတာဝန်ချ၍ စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဖြစ်ပွားရာသို့ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်၊ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးဌေးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်နှင့် တာဝန်ရှိသူများသွားရောက်၍ စာသင်ကျောင်းပျက်စီးမှုကို အမြန်ဆုံး ပြင်ဆင်နိုင်ရေးအတွက် သစ်၊ သွပ်မိုးနှင့် စာသင်ကြားမှုမပျက်စေရေးတို့ကို စီစဉ်ဆောင်ရွက်ပေးပြီး ပြင်ရွာကျေးရွာမြစ်ကမ်းပါး ထပ်မံပြိုကျမှုမရှိရေး၊ ကျေးရွာနေပြည်သူများ ဘေးကင်းလုံခြုံမှုရှိရေးတို့ကို သွားရောက်ကာ စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြင်ရွာကျေးရွာနေ ကိုဇင်ဘိုက "ကျွန်တော်တို့ကျေးရွာမှာ အခုလို မိုးတွင်းအခါမှာ မိုးက တအားရွာ၊ မြစ်ရေကကြီးပြီး မြေကြီးကိုမြစ်ရေတိုက်စားမှုဖြစ်လို့ မကြာခဏကမ်းပြိုမှုဖြစ်တယ်၊ ရွာကအခုဆိုရင် တစ်ဝက်လောက်ပဲ ကျန်တော့တယ်၊ သဘာဝ ဘေးအန္တရာယ်က ကျွန်တော်တို့အတွက် ကြီးမားတဲ့ စိန်ခေါ်မှုတစ်ခုပါပဲ၊ နားလည်ကျွမ်းကျင်တဲ့အသိပညာရှင်၊ အတတ်ပညာရှင်တွေလာရောက်ပြီး အကြံဉာဏ်နဲ့အကူအညီတွေ ပေးစေချင်ပါတယ်" ဟု ပြောကြားသည်။

ပြင်ရွာကျေးရွာသည် ရန်ကုန်-လပွတ္တာရေကြောင်းခရီး၊ ရွှေမြစ်ကမ်းနံဘေးတွင် တည်ရှိပြီး ရန်ကုန်သင်္ဘောများဆိုက်ကပ်ကာ ကုန်စည်ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးသောရွာကြီးတစ်ရွာဖြစ်သည်။ မြစ်ရေစီးကြောင်းပြောင်းလဲကာ ရေတိုက်စားမှုကြောင့် ယခင်နှစ်များကလည်း မြစ်ကမ်းပါးပြိုကျမှု ဖြစ်စဉ်များတွင် အိမ်ခြေများဆုံးရှုံးရသည်အထိ ဖြစ်ခဲ့ရပြီး ကျေးရွာလမ်း လေးလမ်းရှိခဲ့သော ရွာကြီးသည် ယခုအခါ ရွာတွင်းလမ်း တစ်ခုသာ ကျန်ရှိတော့ကြောင်းသိရသည်။

အောင်မင်း(မြောင်းမြ)

ပြည်တွင်းသတင်း

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးသင်တန်းဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၂၆

မိမိတို့ဝန်ထမ်းများအနေဖြင့် ပြည်သူကြည်ဖြူသော ဝန်ထမ်းများဖြစ်စေရန် အဓိကကျသော ဝန်ဆောင်မှုကောင်းခြင်း၊ ဆက်ဆံရေးကောင်းခြင်းနှင့် ပြည့်စုံအောင်

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ် ပြည်သူ့ဆက်ဆံရေးဆိုသည်မှာ ခေါင်းစဉ်ဖြင့် ဆွေးနွေးပို့ချစဉ်။ (သတင်းစဉ်)

အလေးထား ပြုပြင်ပြောင်းလဲသွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအားလုံးသည် ပြည်သူလူထုနှင့် ဆက်ဆံရာတွင် စေတနာအဓိကထားဆောင်ရွက်ရန်၊ ပွင့်လင်းမြင်သာစွာ ပြည်သူလူထု၏ လိုလားချက်ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးရန်လိုကြောင်း၊ မိမိတို့ဌာနသည် ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရသောဌာနဖြစ်၍ ပြည်သူလူထုအား အကောင်းဆုံးဝန်ဆောင်မှုပေးရန်လိုကြောင်းဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က ယနေ့နံနက်ပိုင်းကကျင်းပသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးသင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲထွဋ်က ပြည်သူ့ဆက်ဆံရေးဆိုသည်မှာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးဇော်မင်းဦးက ပြည်သူ့ဆက်ဆံရေးဆိုင်ရာ သတိပြုလိုက်နာရန်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသောင်းလွင်က ပြည်သူ့ဝန်ထမ်းတို့တာဝန်နှင့် ပြည်သူ့ဆက်ဆံရေးခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပို့ချခဲ့ကြသည်။

အဆိုပါသင်တန်းအား ဇူလိုင် ၂၈ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ်လမ်း မွမ်းမံထိန်းသိမ်း

နေပြည်တော် ဇူလိုင် ၂၆

မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ်လမ်း မိုင်တိုင်(၂၀၆/၄)နှင့် (၂၀၆/၅)ကြား ကွမ်းလုံနှင့် သိန္နီလမ်းဆုံတွင် လမ်းချဲ့ရန်၊ လမ်းအကွေ့ ဖြောင့်မည့်နေရာ၊ ကျောက်မဲမြို့လမ်းအသုံးပြုခကောက်ခံရေးစခန်း၌ ကုန်တင်ယာဉ်ကြီးများ ကတ္တားချိန်တွယ်နေမှု၊ ယာဉ်ကြီး၊ ယာဉ်ငယ်များအား လမ်းအသုံးပြုခ ကောက်ခံနေမှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများသို့ အသိပေးကြေညာချက်

ရက်စွဲ။၂၆-၇-၂၀၁၃

၁။ လက်ရှိပင်စင်ခံစားနေသော အငြိမ်းစားများအား လက်ရှိပင်စင်လစာအပြင် ဝန်ထမ်းများအား လစာတိုးမြှင့်ခွင့်ပြုသည့် ကျပ်(၂၀၀၀၀)အပေါ် ပင်စင်နည်းဥပဒေနှင့်အညီ တွက်ချက်၍ ၂၀၁၃ ခုနှစ်၊ ဧပြီလ လစာမှစ၍တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါသည်။

၂။ ပင်စင်စားများ တိုးမြှင့်ပင်စင်လစာကို လွယ်ကူမြန်ဆန်စွာ ခံစားခွင့်ရရှိရေးအတွက် ပင်စင်စားများက လျှောက်ထားဆောင်ရွက်ရန် မလိုအပ်ဘဲ ပင်စင်ဦးစီးဌာနနှင့်သက်ဆိုင်ရာကာကွယ်ရေး ငွေစာရင်းရုံးများက တိုးမြှင့်ပင်စင်လစာသစ်ကို တာဝန်ယူတွက်ချက်၍ တိုးမြှင့်လစာသစ်ငွေပေးမိန့်ကို လက်ရှိ ပင်စင်ထုတ်ယူလျက်ရှိသော မြန်မာ့စီးပွားရေးဘဏ်များသို့ပေးပို့၍ ပင်စင်လစာသစ်အား ထုတ်ပေးလျက်ရှိပါသည်။

၃။ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့အထိ မြို့ပြ၊ ကာကွယ်ရေးပင်စင်စားဦးရေ(၅၄၃၆၄၀)ဦး၊ စာရင်းရှိအင်အား၏ (၉၇) ရာခိုင်နှုန်းအတွက် ပင်စင်လစာသစ်ထုတ်ယူခွင့်ကို မြန်မာ့စီးပွားရေးဘဏ်များသို့ အကြောင်းကြားဆောင်ရွက်ပြီး ဖြစ်ပါသည်။

၄။ ပင်စင်လစာသစ်ခံစားခွင့်ရှိသူ ပင်စင်စားများအနက် အကြောင်းအမျိုးမျိုးကြောင့် ပင်စင်လစာထုတ်ယူရန် အခက်အခဲရှိသူများအား ထုတ်ယူခွင့် အမြန်ဆုံးရရှိနိုင်ရေးအတွက် ပင်စင်ဦးစီးဌာနနှင့် သက်ဆိုင်ရာ ကာကွယ်ရေး ငွေစာရင်းရုံးများမှ ဆောင်ရွက်သွားပါမည်။

၅။ ပင်စင်လစာသစ်ခံစားခွင့်မရရှိသေးသော ကာကွယ်ရေးပင်စင်စားများသည် သက်ဆိုင်ရာ ကာကွယ်ရေး ငွေစာရင်းရုံးခွဲများသို့ ဆက်သွယ်ဆောင်ရွက်ပါရန်နှင့် မြို့ပြပင်စင်စားများသည် မိမိတို့နှင့်နီးစပ်ရာ ပင်စင်ဦးစီးဌာန ရုံးချုပ်၊ တိုင်းဒေသကြီးရုံးနှင့်ပြည်နယ်ရုံးများသို့ အောက်ပါဖုန်း/Fax နံပါတ်များဖြင့် ဆက်သွယ်သတင်းပေးပို့ကြပါရန်နှင့် ပင်စင်လစာသစ် ခံစားခွင့်ရရှိရေး အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်-

စဉ်	တိုင်းဒေသကြီး/ပြည်နယ် ပင်စင်ဦးစီးမှူးရုံး	ဆက်သွယ်ရန် ဖုန်းနံပါတ်များ/Fax
၁။	နေပြည်တော် ရုံးချုပ်	၀၆၇-၄၁၀၃၇၂၊ ၀၆၇-၄၁၀၅၂၁၊ ၀၆၇-၄၁၀၄၄၆
၂။	ရန်ကုန်တိုင်းဒေသကြီးရုံး	၀၁-၃၇၆၆၈၅၊ ၀၁-၃၇၄၇၆၅
၃။	ဧရာဝတီတိုင်းဒေသကြီးရုံး	၀၄၂-၂၅၅၅၃
၄။	ရခိုင်ပြည်နယ်ရုံး	၀၄၃-၂၄၃၁၅
၅။	မွန်ပြည်နယ်ရုံး	၀၅၇-၂၇၁၅၀
၆။	ကရင်ပြည်နယ်ရုံး	၀၅၈-၂၂၅၂၂
၇။	တနင်္သာရီတိုင်းဒေသကြီးရုံး	၀၅၉-၂၃၄၉၃
၈။	ပဲခူးတိုင်းဒေသကြီးရုံး	၀၅၂-၂၁၂၁၆၊ ၀၅၂-၂၁၀၁၇
၉။	ပဲခူးတိုင်းဒေသကြီးရုံးခွဲ(ပြည်မြို့)	၀၅၃-၂၆၄၇၆
၁၀။	မန္တလေးတိုင်းဒေသကြီးရုံး	၀၂-၇၁၈၃၂
၁၁။	မကွေးတိုင်းဒေသကြီးရုံး	၀၆၃-၂၅၅၈၁
၁၂။	စစ်ကိုင်းတိုင်းဒေသကြီးရုံး	၀၇၁-၂၃၆၁၆၊ ၀၇၁-၂၃၄၉၅
၁၃။	ကချင်ပြည်နယ်ရုံး	၀၇၄-၂၂၀၆၄
၁၄။	ရှမ်းပြည်နယ်	၀၈၁-၂၅၀၁၉
၁၅။	ရှမ်းပြည်နယ်ရုံးခွဲ(ကျိုင်းတုံမြို့)	၀၈၄-၂၃၀၂၅
၁၆။	ရှမ်းပြည်နယ်ရုံးခွဲ(လားရှိုးမြို့)	၀၈၂-၃၀၉၄၁
၁၇။	ကယားပြည်နယ်	၀၈၃-၂၂၅၃၇၊ ၀၈၃-၂၁၁၀၃

ပင်စင်ဦးစီးဌာန

ကလေးဝမြို့ သစ်ချောက်ဒေသမှ တတိယအဆင့်ကျောက်မီးသွေးများထွက်ရှိ

ကလေး ဇူလိုင် ၂၆

မြန်မာနိုင်ငံ၏အဓိက ကျောက်မီးသွေးထွက်ရှိရာ ဒေသကြီးတစ်ခုတွင် ပါဝင်သည့် ကလေးဝမြို့ သစ်ချောက်ကျောက်မီးသွေးသည် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် တတိယအဆင့်တွင် ပါဝင်သည့် Sub bituminous ခေါ် ကာဗွန်ပါဝင်မှု ၅၂ ဒသမ ၅ ရာခိုင်နှုန်း ပါဝင်သော ကျောက်မီးသွေးများ အဓိက ထွက်ရှိရာ ဒေသတစ်ခုဖြစ်သည်။

ကျောက်မီးသွေးများသည် ကလေး၊ ကလေးဝ၊ မော်လိုက်၊ တမူးဒေသအနှံ့အပြားတွင် ထွက်ရှိသည်။ ထင်ရှားသော ကျောက်မီးသွေးနေရာများအနေဖြင့် ကလေးဝ သစ်ချောက်ကျောက်မီးသွေးနှင့် ပလူဇဝကျောက်မီးသွေး၊ ခမ်းပတ်ရွာဟောင်း မင်းသမီးတောင် ကျောက်မီးသွေးများက နာမည်ကြီးကြောင်း သိရသည်။

အဆိုပါ ကျောက်မီးသွေးကို မော်တော်ကားများ၊ အမြန်ရေယာဉ်များ၊ ကုန်တင်တွဲ သင်္ဘောကြီးများဖြင့် မန္တလေးရွှေကြက်ယက်၊ မောင်းကုန်း၊ လက်ထုတ်ဆိပ်ကမ်းများသို့ ပို့ဆောင်ပေးကြကြောင်း ကျောက်မီးသွေးတင်လုပ်သားတစ်ဦးက ပြောကြားသည်။

ဒေသတွင်း ထွက်ရှိသည့် ကျောက်မီးသွေးများကို အတင်အချပြုလုပ်နေသော အလုပ်သမားခေါင်းဆောင်တစ်ဦးက ပြောကြားရာတွင် "အဓိက ကျောက်မီးသွေး ထုတ်လုပ်တဲ့ ကုမ္ပဏီများအနေနဲ့ ထွန်းသွင်၊ ထူးဟန်သစ်၊ မက်စ်မြန်မာ ကုမ္ပဏီများက အဓိက ထုတ်နေတယ်လို့

သိရပါတယ်။ ကျွန်မတို့ အလုပ်သမားအဖွဲ့အနေနဲ့ လူဦးရေ ၃၀ မှ ၄၀ ကြားရှိပြီး ကုမ္ပဏီက အလုပ်သမားခေါ်မှုကိုလိုက်ပြီး လမ်းဘေးမှာချထားတဲ့ ကျောက်မီးသွေးတွေကို စက်လှေတွေနဲ့ အမြန်ရေယာဉ်တွေပေါ်ကို တင်ပေးရပါတယ်။ တစ်တန်ကို တင်ခအနေနဲ့ ငွေကျပ် ၁၂၀၀ ရရှိပြီး ကားတစ်စီးကို ၁၀ တန်ကနေ ၁၅ တန်အထိပါရှိတယ်လို့ သိရပါတယ်၊ တစ်ရက်ကို ၁၅ စီးအထိ အတင်အချလုပ်တယ်လို့ ပေးရပါတယ်။ ဒါ့ကြောင့် တန်ပေါင်း ၁၅၀ လောက်ချပေးရပါတယ်၊ စက်လှေတွေကတော့ တစ်စီးကို တန်ပေါင်း နှစ်ရာ သုံးရာလောက်နိုင်ပါတယ်။ တွဲသင်္ဘောတွေကတော့ တန်ပေါင်း ရှစ်ရာအထိ တင်ဆောင်နိုင်ပါတယ်။ တင်ခကတော့ ကလေးဝ-မန္တလေးကို တစ်တန်ကို ငွေကျပ် ၁၂၀၀၀ ရရှိပါတယ်။ ကျွန်မအလုပ်သမားတွေက တစ်ရက်ကို ငွေကျပ် ၃၀၀၀ မှ ၄၀၀၀ အထိရရှိပါတယ်"ဟု ပြောပြသည်။

ဒေသတွင်းထွက်ရှိသည့်ကျောက်မီးသွေးများကို မိုးရာသီတွင် ရေကြောင်းမှ ပို့ဆောင်ပေးကြပြီး ပွင့်လင်းရာသီ ကားလမ်းပေါက်သည့်အချိန်တွင် ကားဖြင့် မန္တလေးအထိ ပို့ဆောင်ပေးကြကြောင်း သိရသည်။

သျှင်နေမင်း

အသက် ၁၁၀ ပြည့် အဘိုးဦးသွင် မွေးနေ့ပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲပြုလုပ်

မြစ်ငယ် ဇူလိုင် ၂၆

မြန်မာနိုင်ငံ၏ အမျိုးသားများထဲတွင် အသက်အကြီးဆုံးဟု ယူဆရသော အဘိုးဦးသွင်သည် မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက်တွင် အသက် ၁၁၀ နှစ်တင်းတင်းပြည့်ခဲ့ပြီဖြစ်ပေသည်။

စာရေးသူလည်း အဘိုးဦးသွင်၏ အသက် ၁၁၀ နှစ်ပြည့် မွေးနေ့ပွဲနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို တစ်ခေါက်ရောက်ခဲ့ပြန်ပါသည်။ ယမန်နှစ်ကလည်း အဘိုး၏အသက် ၁၀၉ နှစ်ပြည့်မွေးနေ့ကို ရောက်ခဲ့ပြီးဖြစ်သည်။

စာရေးသူကို အဘိုးကမှတ်ဉာဏ်ကောင်းစွာနှင့်ပင်"အဘိုးဆီကိုပြီးခဲ့တဲ့နှစ်က ငါ့မြေးလာသေးတယ်နော်၊ ဓာတ်ပုံရိုက်သွားတဲ့ သတင်းထောက်လေးမှတ်တယ်" ဟု ပြုံးနေသော မျက်နှာနှင့်ပြောရာ စာရေးသူကလည်း "ဟုတ်ပါတယ် အဘိုးမြေးပါ၊ ဒီနှစ်လည်း အဘိုးရဲ့ ၁၁၀ နှစ်ပြည့်ကို လာရောက် ဂါရဝပြုကန်တော့တာပါ၊ အဘိုး အခုလို အသက်ရှည်ရခြင်းအကြောင်းနဲ့ အဘိုးအကြိုက်ဆုံးအစားအစာလေးပြောပြပါဦး" ဟု စာရေးသူကတောင်းဆိုလိုက်ရာ "အဘိုးကို အခုလို လက်အုပ်ချီကန်တော့တဲ့ငါ့မြေးကျန်းမာပါစေ၊ မြေးကိုအဘိုးစကားတစ်ခွန်း လက်ဆောင်ပေးလိုက်မယ်၊ ငါ့မြေး အသက်ထက်ဆုံး မှတ်ထားပေတော့၊ ဆင်စီးပါ ငါ့မြေး။ ဆင်စီးပါဆိုတာက မြေးအနေနဲ့စားတဲ့အခါ သွားလာနေထိုင်တဲ့အခါ ဆင်ဆင်ခြင်ခြင်နဲ့ သွားလာနေထိုင်စားသောက်ပါ၊ အဘိုးအနေနဲ့ ဘယ်အစားအစာကိုမဆိုစားတယ်။ စားတဲ့အခါမှာလည်း မျှတအောင်စားတယ်၊ တန်ဆေးလွန်ဘေးလို့ဆိုတယ် မဟုတ်လား၊ ငါ့မြေးရဲ့၊ ပြီးတော့အဘိုး ထမင်းစားတဲ့အခါ ဝက်သားဟင်းနဲ့ငါးသေးသေးလေးတွေကို အကြိုက်ဆုံးပဲ၊ အသီးအရွက်လည်းစားတယ်" ဟု ပြောပြသည်။ အတိတ်တစ်ချိန်ငယ်စဉ်က အဘိုးဦးသွင်သည် မြစ်ငယ်မီးရထားစက်ရုံတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး တစ်ဖက်ကလည်း မိဘရိုးရာ တိုင်းရင်းဆေးပညာဖြင့် လူပေါင်းများစွာကို အခမဲ့ ဆေးကုသခဲ့သူဖြစ်သည်။ ယခုအခါ အသက်အရွယ်ကြီးလာသောအချိန်တွင် ဆေးကုသမှုကိုရပ်ဆိုင်းခဲ့ပြီး တရားမှတ်ခြင်းဖြင့်သာ အချိန်ကိုကုန်လွန်စေခဲ့သည်။ အဘိုးဦးသွင်ကို မန္တလေး အမရပူရမြို့နယ် ညောင်နီပင်ကျေးရွာတွင် ၁၂၆၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက်၊ သောကြာနေ့တွင် မွေးဖွားခဲ့သည်။ ယခုအခါ အဘိုးသည် မြစ်ငယ်မြို့ စက်ကွေ့ရပ် ရန်ကုန်- မန္တလေးလမ်း နေအိမ်တွင် အေးချမ်းစွာနေထိုင်လျက်ရှိပြီး သားကြီး ဦးတင်မြင့်၊ သားငယ် ဦးချစ်ခိုင်တို့က ဖခင်ကြီးလိုအပ်သည်များကို ထောက်ပံ့ပေးလျက်ရှိပြီး အမြွှာသမီးများဖြစ်သော မစိမ်း၊ မငြိမ်းနှင့်သမီးငယ် မညိုတို့က အနီးကပ်ပြုစုစောင့်ရှောက်လျက်ရှိသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

လယ်ဝေးမြို့၌ လူမှောင်ခို / လူကုန်ကူးမှုဆိုင်ရာနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဟောပြော

လယ်ဝေး ဇူလိုင် ၂၆

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တွင် လူမှောင်ခို၊ လူကုန်ကူးမှုဆိုင်ရာနှင့်အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက လယ်ဝေးမြို့ အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် နေပြည်တော် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့မှ ဒုတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး မင်းနိုင်က လူမှောင်ခိုကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပြီး လယ်ဝေးမြို့နယ် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး စိုးမင်းသိန်းက မှုခင်းပိုင်းဆိုင်ရာများကို ဟောပြောခဲ့သည်။ ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်ဆွေဝင်းက အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေး အသိပညာပေးဟောပြော၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုချိုက အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အခြေခံစည်းမျဉ်းများအကြောင်း ဟောပြောခဲ့သည်။

ထို့အတူ မွန်းလွဲ ၁ နာရီတွင် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့်အမျိုးသမီးငယ်များ လွဲမှားသော အယူအဆများ မဖြစ်စေရေး အသိပညာပေး ဟောပြောပွဲကို အထက(၂)လယ်ဝေး၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက အသိပညာပေးဟောပြောပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို အသိပညာပေးဟောပြောရာ ကျောင်းအုပ်ဆရာကြီးနှင့်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ယောမင်းကြီး ဦးဘိုးလှိုင် အမှတ်တရ ထိန်းသိမ်းစောင့်ရှောက်မှုကင်းမဲ့နေ

ပြည်သူ့အကျိုး၊ တိုင်းပြည်အကျိုးအတွက်ဆိုလျှင် မင်းလိုလိုက်မင်းကြိုက်မဆောင်ဘဲ အမှန်တရားကို ရဲရဲဝံ့ဝံ့တင်ပြလျှောက်ထားဝံ့သည့် ယောအတွင်းဝန် ဦးဘိုးလှိုင်ဟုဆိုလျှင် သိကြမည်။ တိုင်းကျိုးပြည်ပြု အမတ်ကြီးအကြောင်း လေ့လာမှတ်သားဖူးမည်ထင်ပါသည်။

ဦးဘိုးလှိုင်သည် အင်းဝစတုတ္ထမြို့တည်၊ နန်းတည် ဘကြီးတော်မင်းတရားကြီးလက်ထက် ရေနံချောင်းမြို့စား သတိုးမင်းလှကျော်ထင်နှင့် ဒေါ်မယ်ငြိမ်းတို့က မြန်မာသက္ကရာဇ် ၁၁၉၁ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၀ ရက်နေ့တွင် မြင်းခြံမြို့အထက် တလုပ်မြို့နယ် ရွာပုလဲရွာ၌ မွေးဖွားခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ် ပြာသိုလဆန်း ၈ ရက်တွင် မင်းတုန်းမင်းနှင့်ကနောင်မင်းသားတို့ ပုန်ကန်ရာ၌ ဦးဘိုးလှိုင်၏ စစ်ရေးစစ်ရာသေနင်္ဗျူဟာများဖြင့် အလိုတော်ပြည့်မြောက်အောင် ဆောင်ရွက်တော်မူနိုင်ခဲ့၍ မင်းလှစည်သူဘွဲ့ဖြင့် ယောမြို့ကို အပိုင်စား ချီးမြှင့်တော်မူခြင်း ခံခဲ့ရသည်။ သီပေါမင်းလက်ထက်တွင် မကွေးမြို့ကိုအပိုင်စားရရှိပြီး ပြည်ကြီးမှန်ကင်းဝန်ကြီးအဖြစ် ချီးမြှင့်ခြင်းခံခဲ့ရပြီး ဝက်မစွတ်မြို့စား၊ ရွှေပြည်ဝန်ကြီးအဖြစ် စသည်စသည်ဘွဲ့အမည်နာမ အမျိုးမျိုးတို့ဖြင့် ထင်ရှားကျော်ကြားခဲ့သည့် တိုင်းကျိုးပြည်ပြု အမတ်ကြီးတစ်ပါးလည်းဖြစ်သည်။

ရဟန်းရှင်လူတို့ နည်းနာယူနိုင်လောက်အောင်အထိ တိကျမှန်ကန်သော ပါဠိ၊ အဋ္ဌကထာ၊ သဒ္ဒါ၊ အလင်္ကာများနှင့်စီရင်အပ်သော ဆေးပညာ၊ သိပ္ပံ၊ အဘိဓမ္မာ၊ ဗေဒင်ပညာ၊ ဝိပဿနာ စသည့် ကျမ်းအမျိုးမျိုးအဖုံဖုံကို ပြုစုရေးသားခဲ့သော ကျမ်းပြုအကျော်လည်းဖြစ်သည်။ သူ့ခေတ်သူ့အခါက ငွေဒင်္ဂါးတစ်သိန်း အကုန်အကျခံ တည်ဆောက်ခဲ့သောမန္တလေးတောင်အနောက်ဘက်ရှိ ယောမင်းကြီးအုတ်ကျောင်းကိုလည်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံအဖြစ် မန္တလေးမြို့တွင် ယနေ့တိုင်တွေ့မြင်နေရသေးသည်။

ဤမျှထင်ရှားကျော်ကြားခဲ့သည့် ယောမင်းကြီးဦးဘိုးလှိုင်အား နှောင်းလူတို့အမှတ်ရစေခြင်းငှာ အထိမ်းအမှတ်ပြု အမှတ်တရအုတ်ဂူပန်းခြံတို့ဖြင့် ခေတ်အဆက်ဆက် အသိအမှတ်ပြု ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပါသော်လည်း ယခုအခါ ယောအတွင်းဝန်ဦးဘိုးလှိုင်၊ ယောမင်းကြီးဦးဘိုးလှိုင်အမှတ်တရ ယဉ်ကျေးမှုအမွေအနှစ်တို့သည် အမှိုက်သရိုက်တို့ဖြင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်မှုကင်းမဲ့စွာ မှေးမှိန်ပျောက်ကွယ်လုနီးပါးဖြစ်နေသည်ကို တွေ့မြင်နေရ၍ မျိုးချစ်မြန်မာတစ်ဦးပီပီ ရင်ထဲအသွေးအသားထဲအထိ တစိမ့်စိမ့် ထိခိုက်ခံစားမိသည်။

ယင်းယောမင်းကြီး အမှတ်တရအုတ်ဂူ၊ ရုပ်တု၊ ပန်းခြံတို့သည် ယခုအခါ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ် အကွက်(၁၁၁) ၂၂ လမ်း၊ လမ်း ၉၀နှင့် ၉၁ လမ်းကြားတွင် တည်ရှိပြီး ရာဇဝင်ထဲက တိုင်းကျိုးပြည်ပြုအမတ်ကြီးကို ရာဇဝင်ထဲ၌ပင် ချန်မထားရစ်ခဲ့စေလိုကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ **နန်းမြို့သား**

ဂန့်ဂေါ ဇူလိုင် ၂၆

ဂန့်ဂေါတွင် ပျားကြီးကောင်များတုပ်သဖြင့် လူသေမှုဖြစ်ပြီးနောက် ပျားကြီးအုံများအား သက်ဆိုင်ရာက ရှင်းလင်းဆောင်ရွက်

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် ယခုလ ၂၅ ရက် နံနက် ၉ နာရီက ပျားကြီးကောင်များ အတုပ်ခံရသဖြင့် တစ်ဦးသေဆုံး၍ သုံးဦး ဒဏ်ရာရရှိမှုကြောင့် ပြည်သူလူထု၏ အသက်ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် မြို့ပေါ်ရှိ ပျားကြီးအုံများကို သက်ဆိုင်ရာက သုတ်သင်ရှင်းလင်းခဲ့ကြောင်း ဂန့်ဂေါမြို့မရပ်ကွက်နေ ဒေသခံ ရပ်မိရပ်ဖတစ်ဦးက ပြောကြားသည်။

"ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက မြောက်ကုန်းရပ်ကွက်မှာနေတဲ့ လူတစ်ဦးဟာ ပျားကြီးကောင်အတုပ်ခံရလို့ သေဆုံးခဲ့ရတယ်။ စည်ပင်သာယာရပ်ကွက်ထဲက ဇမ္ဗူထွန်း္မခေါင်ဘုရားကြီးအတွက် အလှူခံလာတဲ့ ဂေါပက လူကြီးသုံးဦးကိုလည်း ပျားတုပ်တယ်။ သူတို့က ဆေးရုံမှာ ဆေးကုသမှုခံယူနေပါတယ်"ဟု ၎င်းက ဆက်လက်၍ ပြောပြသည်။

ပျားကြီးကောင်များ အတုပ်ခံရ၍ တစ်ဦးသေဆုံးပြီး သုံးဦး အချိန်မီ ဆေးဝါးကုသမှု ခံယူခဲ့ရခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးဌာနသို့ ဆက်သွယ်မေးမြန်းခဲ့ရာ တာဝန်ကျဝန်ထမ်းတစ်ဦးက "ပျားကြီးကောင်အတုပ်ခံရလို့ သေဆုံးရသူဟာ မြောက်ကုန်းရပ်ကွက်နေ ကိုသားသားလေး အသက် (၃၆ နှစ်) ဆိုသူဖြစ်ပြီး ဆေးကုသခံနေရတဲ့ ဂေါပကလူကြီးသုံးယောက်ကတော့ ဦးဇော်မင်းစိန်၊ ဦးစောလေးနဲ့ ဦးဝင်းကိုတို့ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

လူ့အသက် သေစေနိုင်သည့် အဆိုပါ ပျားကြီးကောင်များသည် ဂန့်ဂေါမြို့ သစ်ထုတ်ရေးဌာနဝင်း အတွင်းရှိ မန်ကျည်းပင်ကြီး၌ အုံဖွဲ့နေရာမှ ယင်းကဲ့သို့ လူပုဂ္ဂိုလ်များကို လိုက်လံတုပ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်။

"ပျားအုံရှိတဲ့နေရာနဲ့ အိမ်က သုံးဖာလုံလောက်ဝေးပါတယ်။ ပျားတွေက နောက်ကလိုက်ပြီး အိမ်ထဲအထိ ဝင်တုပ်တယ်။ ပျားတုပ်ခံရပြီး မိနစ် ၂၀ လောက်ပဲကြာမယ်လို့ ထင်ပါတယ်။ ပျားအဆိပ်တွေနုတ်ပေးနေရင်း ကိုသားသားလေးက ဆုံးသွားခဲ့ပါတယ်။ အရင်တုန်းကတော့ ပျားတုပ်ခံလို့ လူသေဆုံးတယ်ဆိုတာမရှိပါဘူး" ဟု ပျားတုပ်ခံရသဖြင့် သေဆုံးရသူ၏ ဇနီးက ဆက်သွယ်မေးမြန်းချက်များကို ဖြေကြားခဲ့သည်။

အဆိပ်ပြင်း၍ လူ့အသက်ကို သေစေနိုင်သော အဆိုပါ ပျားကြီးအုံများကို ပြန့်ပွားမှုမရှိစေရန်နှင့် သက်ဆိုင်ရာမှ ပြည်သူ့အသက်အိုးအိမ်စည်းစိမ်များအား အချိန်မီ ကာကွယ်စောင့်ရှောက်မှုများပေးနိုင်ရန် ၎င်းပျားကြီးအုံများကို စနစ်တကျ သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း ဒေသခံမြို့မိမြို့ဖတစ်ဦးက ပြောပြသဖြင့် သိရသည်။

ဩဇာ (မုံရွာ)

စိုက်ပျိုးစရိတ်ချေးငွေ အမြန်ထုတ်ပေးစေချင်

ခင်ဦး ဇူလိုင် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့သည် ယခုနှစ် မိုးခေါင်သည့်ဒဏ်ကို ခံစားနေကြရသည်။ မိုးကလည်းခေါင်၊ အလုပ်အကိုင်အခွင့်အလမ်းကလည်းနည်းပါး၊ ရပ်ထဲရွာထဲ ငွေရှင်ကြေးရှင်တို့ထံမှ ငွေတိုးကြီးမားစွာဖြင့် ချေးယူကာ စားဝတ်နေရေးကို ဖြေရှင်းနေကြရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် လက်ပံကုန်းကျေးရွာမှ တောင်သူကြီး ဦးထွေးတင်က ပြောကြားရာတွင် မိမိတို့ဒေသသည် ဆည်ရေသောက်မဟုတ်ဘဲ မိုးကောင်းတောလယ်ယာမြေကို လုပ်ကိုင်စားသောက်နေရကြောင်း၊ ယခုနှစ်အတွက် မိုးခေါင်နေ၍ စိုက်ပျိုးရန် ပျိုးပင်မထောင်ရသေးကြောင်း၊ ပျိုးထောင်ရက်မှာ ယခုလအတွင်းသာ အကောင်းဆုံးအချိန်ဖြစ်ကြောင်း၊ တချို့က နွားတစ်ရှဉ်းရှိလျှင် နွားတစ်ကောင်ရောင်းပြီး စားဝတ်နေရေး ပြေလည်အောင် ဖန်တီးနေရကြောင်း၊ ယခုအချိန်ထိ စိုက်ပျိုးစရိတ်ချေးငွေ မရသေးသဖြင့် အမြန်ဆုံး ထုတ်ပေးစေချင်ကြောင်း ပြောကြားသည်။

ရောင်နီတင်ဝင်း

မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်းများ အလုပ်ရုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၆

ကျန်းမာရေးဝန်ကြီးဌာနနှင့်ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ ပူးပေါင်းလုပ်ဆောင်သည့်အဖွဲ့အစည်းများ၏ လက်ရှိလုပ်ငန်းအခြေအနေကို သုံးသပ်မှုဝေခြင်းအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက မြန်မာနိုင်ငံ၏ မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ငါးနှစ် မဟာဗျူဟာစီမံကိန်းများရေးဆွဲခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မဟာဗျူဟာစီမံကိန်းတွင် တွေ့ရှိရသည့် လိုအပ်ချက်များကို မျိုးဆက်ပွားကျန်းမာရေး လုပ်ငန်းကော်မတီနှင့် ကော်မတီမှ ဆုံးဖြတ်ချက်များ၊ လမ်းညွှန်ချက်များကို ပီပီပြင်ပြင် အကောင်အထည်ဖော်နိုင်ရန် ကျွမ်းကျင်မှုဆိုင်ရာကော်မတီကိုပါ ဖွဲ့စည်းဆောင်ရွက်လာခဲ့သော်လည်း လက်တွေ့တွင် မလုပ်နိုင်ခဲ့သည့်လုပ်ငန်းများ အများအပြား ကျန်ရှိနေသေးကြောင်း၊ ကျန်ရှိနေသေးသည့် လုပ်ငန်းများကို နောင်လာမည့် မဟာဗျူဟာတွင် ထည့်သွင်းရေးဆွဲ၍ ထောင်စုနှစ်ရည်မှန်းချက်၏ အရေးကြီးကဏ္ဍဖြစ်သည့် မိခင်သေဆုံးမှု၊ ကလေးသေဆုံးမှု ကျဆင်းရေးနှင့် လူတိုင်း မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီ ရရှိနိုင်ရေးအတွက် လုပ်ငန်းတူအချင်းချင်း ပိုမိုညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်နေသည်ကိုလည်း တွေ့ရှိရကြောင်း၊ မိမိတို့အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို သုံးသပ်ဆန်းစစ်၍ မလုပ်နိုင်သည့် လုပ်ငန်းများကို ဖြည့်ဆည်းနိုင်ရန် အဖွဲ့အစည်းအချင်းချင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းဆက်စပ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့၏ လုပ်ငန်းယုံကြည်ချက်ကို တန်ဖိုးထားလျက် မိခင်တစ်ဦးမှ မိခင်တိုင်း၊ မိခင်တိုင်းမှ တစ်နိုင်ငံလုံးအတွက် ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရေး ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်း ပူးပေါင်းလုပ်ဆောင်သည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများအား ရောင်တော်ဖွင့်

နေပြည်တော် ဇူလိုင် ၂၆

နေပြည်တော် ပျဉ်းမနားမြို့ ဗိုလ်ချုပ်လမ်းရှိ နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများ စံကျောင်းတော် တပ်တွင်းဓမ္မာရုံ၌ ဝါတွင်းကာလတွင် ဓမ္မာရုံဝတ်ဖြူတော်အသင်းက မြို့တွင်းလှည့်လည်၍ ဆွမ်းတော်ကြီးတင်နှင့် နောက်နေ့ အရုဏ်ဆွမ်းကပ်ပွဲများ၌ ပင့်ဆောင်ရန် နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများအား ကြိုတင်၍ ရွှေကြာသက်န်းကပ်ခြင်း၊ ရောင်တော်ဖွင့်ခြင်းများကို ပြုလုပ်ပေးလျက်ရှိကြောင်း တပ်တွင်းဓမ္မာရုံဥက္ကဋ္ဌ ဦးလှသောင်းထံမှ သိရသည်။ **(ယာပုံ)**

ပျဉ်းမနားမြို့၏ ဓလေ့ထုံးစံအရ မြို့ပေါ်ရှိ ဓမ္မာရုံရှစ်ရုံတို့သည် ဝါတွင်းကာလ၌ ဓမ္မာရုံဝတ်ဖြူတော်အသင်းများတွင် အပတ်စဉ် အဖိတ်နေ့ညနေနှင့်ဥပုသ်နေ့အရုဏ်တို့၌ ဝတ်ဖြူတော်ဝတ်အသင်းသားများနှင့် ဓမ္မစကြာအမျိုးသမီးယောဂီများ ဦးဆောင်၍ မြို့တွင်းလှည့်လည်ခြင်း၊ တန်ခိုးကြီးဘုရားများအား အရုဏ်ဆွမ်းကပ်ခြင်းနှင့် ဝါတွင်းကာလ၌ဝိုင်းဝန်းလုပ်ဆောင်ကြမည်ဖြစ်ပြီး ဝါကျွတ်ပြီဆိုပါက နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများအား စံကျောင်းတော်မှ ဓမ္မာရုံများနှင့် ဌာနဆိုင်ရာများ၊ ဘာသာရေးအဖွဲ့အစည်းများမှ တစ်ဆူကျစီပင့်ဆောင်၍မြို့တွင်းသို့ညလုံးပေါက်လှည့်လည်ကာ ပျဉ်းမနားမြို့၏ နာမည်ကြီး ထင်ရှားသော နှစ်ကျိပ်ရှစ်ဆူပွဲတော်ကြီး ကျင်းပလေ့ရှိကြောင်း သိရသည်။ **(၁၄၅)**

ယာဉ်ကြောပိတ်ဆို့မှုမရှိစေရန် သတိပေးနှိုးဆော်ထား

ရန်ကုန် ဇူလိုင် ၂၆

စနေ-တနင်္ဂနွေနေ့များတွင် ပိတ်ရက်မရှိ လုပ်ငန်းများဖွင့်လှစ်ပေးရန် မေတ္တာရပ်ခံခဲ့သော်လည်း ပွဲရုံအများစုမှာ ဖွင့်လှစ်ခြင်းမရှိဘဲ ကားဂိတ်အများစုသာ ဖွင့်လှစ်လုပ်ကိုင်ကြောင်း၊ ဇူလိုင် ၁၈ ရက်က ဘုရင့်နောင် ယာဉ်ဝင်/ထွက်ပေါက်များတွင် အစိုးရ ရုံးပိတ်ရက် ဇူလိုင် ၁၉ ရက်မှ ၂၂ ရက်အထိ လေးရက်ဆက်တိုက်ပိတ်ထားပြီး ပြန်ဖွင့်သည့် ဇူလိုင် ၂၃ ရက်တွင် ယာဉ်သွားလာမှုများပြားသဖြင့် ယာဉ်ကြောပိတ်ဆို့မှုအချိန်ကြာမြင့်နိုင်ပါကြောင်း၊ အထူးဂရုပြုနိုင်ရန် အသိပေးဆိုင်းဘုတ်များ စိုက်ထူထားကြောင်း သိရသည်။

ကုန်စိမ်းသီးနှံဖြစ်သော ကြက်သွန်ကား ၄၈ စီး၊ အာလူးကား အစီး ၂၀ ဝင်ရောက်မှုရှိပြီး အခြားကုန်စည်များ တင်ဆောင်လာမှုနည်းကြောင်း၊ ရန်ကုန်မြို့တွင်းမှ ကုန်လာချသည့် ခေါက်တိုယာဉ်များလည်း အဝင်နည်းကြောင်း၊ သို့ဖြစ်၍ ပွဲရုံဝင်းအတွင်း ထူးခြားစွာ ယာဉ်ပိတ်ဆို့မှုမဖြစ်ခဲ့သော်လည်း နောက်ရက်များတွင် ကုန်ကား၊ ခေါက်တိုကားများစုပြုံဝင်ရောက်လာချိန်တွင် ယာဉ်ပိတ်ဆို့မှုဖြစ်လာနိုင်သည်ကို သတိပြုရန်လိုကြောင်း ရုံးကြီးချောင်းပတ်လမ်းမှ လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ဇွန် ၂၆ နှင့် ဇူလိုင် ၂ ရက်က ဘုရင့်နောင်လမ်းမကြီး၏ဘုရင့်နောင်လမ်းဆုံအနီး ယာဉ်ပိတ်ဆို့မှုကြောင့် ညနေမှ ညပိုင်းအထိလမ်းဆုံဖြတ်ကျော်ရန် ယာဉ်များ အချိန်တစ်နာရီကျော်ကြာခဲ့ကြောင်း၊ ဇူလိုင် ၈ နှင့် ဇူလိုင် ၁၅ ရက်မှ ၁၇ ရက်တို့တွင် မွန်းလွဲမှ ညပိုင်းအထိနေ့တစ်ဝက်ကျော်ကြာသော ယာဉ်ပိတ်ဆို့မှုများ ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ဖြစ်ပွားခဲ့သဖြင့် လူအများ သွားလာရေး အတိဒုက္ခရောက်ရုံသာမက လုပ်ငန်းများပါထိခိုက်မှုနှင့် ကြုံခဲ့ရသည်ဟု ဆိုသည်။ **ခင်ဆိုင်**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အခြေခံပညာအလယ်တန်းအဆင့် အခွန်ဆိုင်ရာပညာပေးဟောပြောပွဲကို ဗိုလ်မင်းရောင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ဇူလိုင် ၂၄ ရက်က မြို့နယ်အခွန်ဦးစီးမှူး ဒေါ်မေဇော်ဦးက အခွန်အကြောင်း သိကောင်းစရာများကို ဟောပြောစဉ်။ (၀၂၁)

စည်းကမ်းမဲ့ ယာဉ်လိုင်းများအား အထူးကြပ်မတ်ရန်လို

ကလေး ဇူလိုင် ၂၆

ကလေးမြို့အတွင်းရှိ ယာဉ်လိုင်းအချို့သည် စည်းကမ်းမဲ့စွာ လမ်းမကြီးပေါ်တွင် ဂိတ်ထိုးခြင်း၊ ဂိတ်များဖွင့်လှစ်ပြီး လက်မှတ်ရောင်းချခြင်းနှင့် ကုန်တင်ကုန်ချခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းကြောင့် အများပြည်သူများ သွားလာနေသော လမ်းမကြီးပေါ်တွင် ယာဉ်ကြောပိတ်ဆို့ခြင်း၊ ယာဉ်အန္တရာယ်များ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် တာဝန်ရှိသူများက အထူးကြပ်မတ်ရန်လိုအပ်ကြောင်း သိရသည်။ အထူးကြပ်မတ်ရန် လိုအပ်သောယာဉ်လိုင်းများမှာ ကလေး-တောင်ပေါ်ပြေးဆွဲနေသော ဂျစ်ဘီလူးများ ဂိတ်ထိုးရာ ကလေးမြို့ ဗိုလ်ချုပ်လမ်းနှင့် အထက(၂) ကျောင်းလမ်းထောင့် ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် ဂိတ်ဖွင့်လှစ်ရောင်းချ ဂိတ်ထိုးနေသည့် တောင်ပေါ်ခရီးသည်တင် ကားဂိတ်များနှင့် ယာဉ်လိုင်းများကလေး-နတ်ချောင်း-ဂန့်ဂေါ လမ်းမကြီးပေါ်ရှိ ကလေးတောင်ပိုင်း ပြေးဆွဲနေသော ကားဂိတ်များနှင့် ယာဉ်လိုင်းများ၊ ကလေး-ကလေးဝ ပြေးဆွဲနေသော ပင်လုံလမ်းမတော်ထိပ်ရှိ သုံးဘီးဂိတ်များဖြစ်ကြောင်း သိရသည်။ ထိုသို့ စည်းကမ်းမဲ့ ဂိတ်ထိုးမှုကြောင့် ကျောင်းဆင်း ကျောင်းတက်ချိန်များနှင့် ယာဉ်လိုင်းပိတ်ဆို့ချိန်များတွင် ယာဉ်အန္တရာယ်များ ပေါ်ပေါက်လာနိုင်ခြင်း၊ အဓိကဖြတ်သန်းသွားလာရာ လမ်းမကြီးများဖြစ်ရာ ဖြတ်သန်းသွားလာနေသူများ စိတ်ဒုက္ခဖြစ်ရခြင်းများကြောင့် တာဝန်ရှိသူများက အထူးကြပ်မတ်ပေးပါရန် စိတ်ဆန္ဒဖြစ်ပေါ်နေကြောင်း သိရသည်။

လရိပ်ပြာ(ကလေး)

ဂျပန်၌ရယူနိုင်သော ကရာတေးဒို ခါးပတ်နက်အထက်အဆင့်များ မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ရယူနိုင်တော့မည်

သတင်း - မြင့်မောင်စိုး
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၆

ဂျပန်နိုင်ငံတွင် ရယူနိုင်သည့် ကရာတေးဒို ခါးစည်းအနက်(ခါးပတ်နက်)အထက်အဆင့် DAN အဆင့်များကို မြန်မာနိုင်ငံ၌ ရယူနိုင်တော့မည်ဖြစ်ကြောင်း ကရာတေးဒို ခါးစည်းအနက်များအသင်း(ရန်ကုန်)မှ ဒုတိယဥက္ကဋ္ဌ ဦးမင်းလွင်က မြန်မာ့အလင်းသတင်းစာသို့ ပြောကြားလိုက်သည်။

ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း၌ ဇူလိုင် ၂၃ ရက် ညနေပိုင်းက ကျင်းပသော ကရာတေးဒိုခါးပတ်နက်အသင်း နည်းစနစ် ဖွံ့ဖြိုးရေး သင်တန်းဆင်းပွဲအခမ်းအနား၌ ဦးမင်းလွင်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

တက်ရောက်

"ကျွန်တော်တို့ ကရာတေးဒို ခါးပတ်နက်များအသင်း (ရန်ကုန်) အနေဖြင့် ဂျပန်နိုင်ငံက သင်တန်းဆရာ ဖူမိဟီရိုအန်ဒို (Fumihiro ANDO) ကို ခေါ်ယူပြီး ရန်ကုန်မြို့မှာရှိတဲ့ ကရာတေးဒိုအသင်း ၁၁ သင်းမှ နည်းပြ ၃၅ ဦးကို ခေါ်ယူပြီး ဇူလိုင် ၂၀ ရက်မှ ၂၃ ရက်အထိ ကရာတေးဒိုနည်းစနစ်ဖွံ့ဖြိုးရေးသင်တန်း အခမဲ့ပို့ချပေးခဲ့ပါတယ်။ မစ္စတာ ဖူမိဟီရိုအန်ဒိုအနေဖြင့် လာမည့်နှစ် ဇန်နဝါရီလမှာ ပြန်လာပြီး လက်ရှိ တက်ရောက်အောင်မြင်တဲ့ ခါးစည်းအနက် ကရာတေးဒို အားကစားသမားများကို ခါးစည်းအနက်အထက်အဆင့်ဖြစ်တဲ့ DAN အဆင့်များကို အကဲဖြတ်စစ်ဆေး အဆင့်မြှင့်တင်ပေးသွားမှာဖြစ်ပါတယ်"ဟု ဦးမင်းလွင်က ဆက်လက်ပြောကြားသည်။ ဂျပန်ကရာတေးဒိုနည်းပြဆရာ မစ္စတာ အန်ဒိုသည် ခါးစည်းအနက်အထက်အဆင့်ရှိ 6th DAN ရှိသူဖြစ်သည်။ ခါးပတ်အနက်အထက်အဆင့်များကို မြန်မာနိုင်ငံမှ ကရာတေးဒို အားကစားသမားများအနေဖြင့် ရယူလိုပါက ပြည်ပနိုင်ငံများသို့ သွားရောက်သင်တန်းတက်ရောက်ရယူခဲ့ရကြောင်း သိရသည်။

"ကျွန်တော်တို့ခေတ်က ခါးပတ်အနက် အထက်အဆင့် DAN သင်တန်းတက်ရောက်ချင်ရင် ကိုယ့်စရိတ်နဲ့ကိုယ် ပြည်ပသို့သွားရောက်ပြီး ရယူခဲ့ရပါတယ်"ဟု DAN အဆင့်(၅)ရှိ ဦးမင်းလွင်က ဆက်လက်ရှင်းပြသည်။

ကရာတေးဒို အားကစားတွင် အလဲထိုးခံစနစ်(IKO)နှင့် အမှတ်ပေးစနစ် WKF တို့ရှိသည်။ ယခု သင်တန်းတွင် ဂျပန်တုတ်သိုင်း ဘိုဂျစ်ဆူ (BOJITSU) သင်တန်းကိုပါ ကရာတေးဒို ဆရာက သင်ကြားပေးသဖြင့် တုတ်သိုင်းပညာကိုပါ တတ်မြောက်ကြ၍ ရပ်ကွက်၊ ကျေးရွာ ကာကွယ်ရေးအတွက်ပါ အထောက်အကူဖြစ်စေကြောင်း သိရသည်။

ကရာတေးဒို ခါးစည်းအဆင့်များ သတ်မှတ်ရာတွင် ခါးစည်းအဖြူမှစတင်ပြီး လိမ္မော်ရောင်၊ အပြာရောင်၊ အဝါရောင်၊ အစိမ်းရောင်၊ အညိုရောင်နှင့် အနက်ရောင်ဟူ၍ သတ်မှတ်ထားသည်။ ကရာတေးဒိုအားကစားသမားတစ်ဦးအနေဖြင့် ခါးပတ်အနက်အဆင့် ရရှိစေရန် သင်တန်းရက်မပျက်ဘဲ လေးနှစ်ဆက်တိုက် တက်ရောက်နိုင်မှ ခါးစည်းအနက်အဆင့်ဖြစ်နိုင်ကြောင်း သိရသည်။ သင်တန်းရက်ပျက်ရှိပါက ခါးပတ်အနက်ဖြစ်ရန် အနည်းဆုံး ခုနစ်နှစ်အထိ ကြာနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကရာတေးဒို အားကစားသမားများကို ဂျပန်သင်တန်းဆရာ ဖူမိဟီရိုအန်ဒိုက ဂျပန်တုတ်သိုင်း လေ့ကျင့်ပေးစဉ်။

ပြည်တွင်းသတင်း

ချင်းတောင်ပန်းသီးအထွက်နည်း၍ အရောင်းအဝယ်ကျဆင်း

ကလေး ဇူလိုင် ၂၆

ချင်းပြည်နယ်တွင် နှစ်စဉ်အထွက်နှုန်းကောင်းမွန်ခဲ့သော ချင်းတောင်ထွက်ပန်းသီးများ ယခုနှစ် ရာသီဥတုပြောင်းလဲမှုဒဏ်ကြောင့် ယခင်နှစ်များနှင့်မတူဘဲ ထွက်ရှိမှုနည်းပါးလာကြောင်း ဒေသခံတစ်ဦး၏ ပြောပြချက်အရသိရသည်။

တွေ့ရှိရ

ချင်းတောင်တွင် ပန်းသီးခင်းကို တီးတိန်မြို့နယ်၌ အများဆုံးစိုက်ပျိုးမှုရှိသော်လည်း စိုက်ပျိုးမှုနည်းစနစ်ပံ့ပိုးမှုအားနည်းသည့်အတွက် ချင်းတောင်ပန်းသီးများသည် အဆင့်မီဈေးကွက်ဝင်ဖြစ်မလာဘဲ အလုံးသေးအချဉ်ဓာတ်များသည့် ပန်းသီးများအဖြစ်သာ တွေ့ရှိရသည်။

"ချင်းတောင်မှာ ဟိုတုန်းကတော့ အစိမ်းသီးကို အများဆုံးစိုက်ကြတယ်၊ အခုတော့ အောသီး၊ ကိုယူကိုသီး၊ ဂျပန်သီး၊ ယောနသန်သီးစတဲ့ ပန်းသီးတွေ ၁၀ မျိုးဝန်းကျင်လောက် စိုက်ကြတာကို ဈေးကွက်ထဲမှာ တွေ့ရတယ်၊ ချင်းတောင်ထွက်ပန်းသီးထဲမှာ အဆင့်မီ ပန်းသီးတွေကတော့ အိုင်ဝါသီးနဲ့ ရှူဘီသီးကို လူကြိုက်များတယ်"ဟု တီးတိန်မြို့နယ် ဘွင်ကျေးရွာမှ ပန်းသီးခြံပိုင်ရှင် ဦးဒိုဇနန်က ပြောပြသည်။

ချင်းတောင်မြောက်ပိုင်းတွင် ပန်းသီးကို ဟားခါး၊ ဖလမ်း၊ တီးတိန်ဒေသတိုင်းတွင် စိုက်ပျိုးမှုရှိသော်လည်း တီးတိန်မြို့နယ်ဘွင်၊ ဗန်တဲ့၊ လိုင်ဖေ၊ ဆွောင်ပီး၊ ဒိမ်ပီးနှင့် လေးဒေါ့ကျေးရွာဒေသများတွင် အများဆုံးစိုက်ပျိုးမှုရှိကြောင်း သိရသည်။ တီးတိန်မြို့နယ်ထွက် ပန်းသီးကို ထင်းရှူးသေတ္တာဖြင့်ရိုက်ပြီး တစ်ဖက်နိုင်ငံ မြန်မာ-အိန္ဒိယနယ်စပ် မီဇိုရမ်ပြည်နယ်သို့လည်းကောင်း၊ ကလေးမြို့မှ တစ်ဆင့် ကလေးဝ၊ မုံရွာ၊ မန္တလေး၊ ရန်ကုန်သို့လည်းကောင်း၊ ချင်းတွင်းမြစ်ဖျားဒေသသို့လည်းကောင်း နှစ်စဉ်တင်ပို့ရောင်းချကြကြောင်း သိရသည်။

ဈေးကျဆင်း

ကလေးမြို့ဈေးကွက်ရောက် ချင်းတောင် ရှူဘီပန်းသီးတစ်ပိဿာလျှင် အစောပိုင်းက ငွေကျပ် ၂၅၀၀ မှ ငွေကျပ် ၃၀၀၀ အထိ ပေးဝယ်ခဲ့ကြရာမှ ယခုရက်ပိုင်းအတွင်း တစ်ပိဿာလျှင်ငွေကျပ် ၁၅၀၀ မှ ၂၀၀၀ အထိ ဈေးကျဆင်းခဲ့သည်။ ယခုနှစ် ချင်းတောင်ပေါ်တွင် ရာသီဥတုမကောင်းသည့်အတွက် ပန်းသီးအထွက်နှုန်းနည်းပါးပြီး အလုံးသေးအချဉ်ဓာတ်များသည့်အတွက် အရောင်းအဝယ်ပါးနေကြောင်း သိရသည်။

ဇိုဟေဆာ(ချင်းတောင်ခြေ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၆-၇-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၇၀၀၀၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၆၃၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၇၂ - ၉၈၂	ကျပ်
ဥရောပ	တစ်ယူရို	၁၂၈၅ - ၁၃၀၃	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၄ - ၇၇၆	ကျပ်
ထိုင်း	တစ်ဘတ်	၃၁.၈ - ၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆ - ၁၆.၄၂	ကျပ်
တရုတ်	တစ်ယွမ်	၁၅၆ - ၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၄ - ၃၀၉	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၁၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၈၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၃၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ငါးကြင်း	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀	ကျပ်
၂။ငါးမြစ်ချင်း	တစ်ပိဿာ	၁၀၀၀ - ၂၇၀၀	ကျပ်
၃။ငါးရံ့	တစ်ပိဿာ	၂၈၀၀ - ၃၈၀၀	ကျပ်
၄။ငါးဖယ်	တစ်ပိဿာ	၄၅၀၀ - ၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၂၃၀၀ - ၅၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀ -၁၇၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၈၅၀၀ -၁၅၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၀၀၀ -၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀ -၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နှမ်းဆန်	တစ်အိတ်	၁၈၅၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၂၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၉၅၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၀၀
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၅၀၀-၅၅၀
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၈၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၉၂၅-၉၇၅
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၃၅၀-၆၃၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၂၀၀၀-၂၀၅၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀
၁၂။	သကြား	တစ်ပိဿာ	၉၃၀-၁၀၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ချင်းပြည်နယ်ကျေးရွာအချို့တွင် အခမဲ့ WiFi အသုံးပြုနိုင်

တီးတိန် ဇူလိုင် ၂၆

ချင်းပြည်နယ်မြောက်ပိုင်း တီးတိန်မြို့နယ်ရှိ ဝေးလံခေါင်ပါးပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ထုတ်လိုင်၊ ပုမ်းဗာ၊ ဗန်တဲ့၊ ဇုန်း၊ ဖူနူမ်း၊ ဒိမ်ဇန်၊ ထန်နွဲ၊ စိုဇန်၊ ဘွင်၊ ဟေလေး၊ ပတ်ဇန်၊ ပန်ဆတ်ကျေးရွာများသာမက အနီးဝန်းကျင်ရှိ ကျေးရွာအချို့တွင် ဇွန် ၂၀ ရက်က စတင်၍ WiFi စနစ်ဖြင့် ကွန်ပျူတာ၊ အင်တာနက် အခမဲ့ တပ်ဆင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

"ဒီအစီအစဉ်ကို ဒီနှစ်ဧပြီလမှာ ကျရောက်ကျင်းပတဲ့ ထုတ်လိုင်ကျေးရွာ နှစ် ၁၀၀ ပြည့် ရတုသဘင်ပွဲတော်မှာ WiFi စနစ် ကျင့်သုံးနိုင်ဖို့ ဆုံးဖြတ်ချက်ချကြပြီး အခုလိုလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြတာပါ၊ အခုလောလောဆယ်မှာတော့ WiFi အလုံး ၂၀ တပ်ဆင်ပေးထားပြီး အိမ်ခြေလူဦးရေများတဲ့ ကျေးရွာဆိုရင် နှစ်လုံးကနေ သုံးလုံးအထိ တပ်ဆင်ပေးပါတယ်၊ နောက်ထပ်အသုံးပြုလိုတဲ့ ကျေးရွာရှိရင်လည်း ဆက်သွယ်မေးမြန်း အကူအညီတောင်းနိုင်ပါတယ်၊ ပြီးတော့ ထုတ်လိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာဆိုရင် အခြေခံကွန်ပျူတာကို ဘာသာရပ်တစ်ခုအနေနဲ့ သင်ကြားပို့ချနေပါတယ်"ဟု နည်းပညာအကျိုးတော်ဆောင် မိုက်ကယ်ဟန်ထံမှ သိရသည်။

မြန်မာနိုင်ငံတွင် ခေတ်မီနည်းပညာများ တိုးတက်မြင့်မားလာသည်နှင့်အမျှ မြို့ပြ၊ ကျေးလက်ဒေသများ ပါမကျန် ခေတ်မီနည်းပညာဖြင့် လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

မွေးနေ့ဆုတောင်း

ဖြူစင်-ဝင်းလက်
မျက်စံ-ဝင်းဝိုင်း
နှုတ်ခမ်း-ဖူးဖူး
ဉာဏ်ရည်-ထက်မြက်
သွက်လက်-ချက်ချာ
လှတဲ့သမီးကြီး

ဖြူစင်-ရှင်းသန့်
တစ်နေ့-တစ်ရက်
အပြုံး-အရယ်
တိုးလို့-တက်
သွက်လက်-ချက်ချာ
လှတဲ့-သမီးငယ်

Gold King & မိုးဇေကရီဇင်အောင် ၃၁ လပြည့်မွေးနေ့မင်္ဂလာ
Diamond King & သွန်းသရဖီဇင်အောင် ၁၂လပြည့်မွေးနေ့မင်္ဂလာ

မှသည် အသက်(၁၂၀)ကျော်တိုင်အောင်
ကျန်းမာ-ပျော်ရွှင်
နှစ်သက်-ရွှင်လန်း
အပြုံး-များစွာနှင့် အံ့မခန်းသော နေ့ရက်ပေါင်းများစွာကို ပြည့်ဝပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်တောင်းလျက်။

ပါးပါး-မားမား
(ရွှေဇင်ထက်)မိသားစု

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ အမှတ် ၂၄၊ မြေညီထပ်၊ ပိတောက်ရွှေဝါလမ်းဟုခေါ်တွင်သော တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ရောင်းချအကျိုးခံစားခွင့်ရှိသူဟုသိရသည့် ဦးမျိုးအောင် ၁၂/တမန(နိုင်)၀၈၉၄၃၉က ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သိန်းညွှန့် ၁၁/မတန(နိုင်)၀၁၁၂၄၇သို့ ရောင်းချရန် သဘောတူညီပြီးဖြစ်သည့်အလျောက် ဝယ်ယူသူ ဒေါ်သိန်းညွှန့်မှ စရန်ငွေအချို့ကိုပေးချေခဲ့ပြီးဖြစ်ပါ၍ အထက်ပါတိုက်ခန်းနှင့်တကွ ပိုင်ဆိုင်မှုအရပ်ရပ်အပေါ် ကန့်ကွက်ရန်ရှိပါက မည်သူမဆို ဤကန့်ကွက်လွှာအား ကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်သိန်းညွှန့်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းဖေ
B.A(Law), LL.B(Advocate)
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၃၀)
အမှတ် ၂၄၇၊ ဒုတိယထပ်၊ ဗိုလ်ချုပ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၆၁၃၅၈၃

သစ်အချောထည်ပြုလုပ်သော
Used Machine များ
သင့်တော်သောဈေးဖြင့်
အမြန်ရောင်းမည်။
ဖုန်း-၀၉-၅၀၀၉၄၄၈

လပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ်
ကားမျိုးစုံ ငှားရန်အသင့်ရှိသည်
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

"ကုန်အမှတ်တံဆိပ်သတိပေးကြေငြာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဒေါ်သင်ပြေလမ်း၊ အမှတ်-၂၉၊ ပထမထပ်နေ ဦးတင်စိုးဝင်း (၉/ညဥန (နိုင်) ၀၀၀၃၄၁) က အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မိမိတစ်ဦးတည်းပိုင်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

မှတ်ပုံတင်အမှတ် - ၆၀၁၁/၂၀၁၃

အထက်တွင် ကပ်နှိပ်ဖော်ပြထားသော "[illegible]" အမည်တံဆိပ်အမှတ်အသားကို အသုံးပြု၍ ဦးတင်စိုးဝင်းသည် [illegible] ထုတ်လုပ်ဖြန့်ဖြူးရာတွင် အသုံးပြုသည့် [illegible] မြန်မာနိုင်ငံတွင်းနှင့် ပြည်ပသို့ ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အတိအကျပုံတူဖြစ်စေ ဆင်တူယိုးမှား ထင်ယောင်ထင်မှား ဖြစ်စေ၍ အသုံးပြုခြင်းမပြုကြရန် သတိပေးအပ်ပါသည်။ ယင်းသတိပေးချက်ကို လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမျိုးအောင် (စဉ်-[illegible]) ဒေါ်[illegible] (စဉ်-[illegible]) ဒေါ်ဝင်းဝင်းထက် (စဉ်-[illegible])
တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ
အမှတ်-၃၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့ ၊ ဖုန်း - ၀၉ [illegible] ၊ ၀၉ [illegible]

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီးရုံးမှ တာဝန်ယူ ကြီးကြပ်လျက်ရှိသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် လိုအပ်သည့်အောက်ဖော်ပြပါ ကတ္တရာများကို မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်(တန်)	ပေးသွင်းရမည့်နေရာ
၁။	ကတ္တရာ(၈၀/၁၀၀)	၄၀၆.၄၆၀	အမ်းမြို့
၂။	။	၄၁၈.၂၉၀	တောင်ကုတ်မြို့
၃။	။	၄၀၅.၀၆၀	ကျောက်ဖြူမြို့
၄။	။	၁၃၁.၇၉၀	စစ်တွေမြို့
၅။	။	၆၈၇.၂၃၀	သံတွဲမြို့
၆။	။	၃၅၂.၅၆၀	ဘူးသီးတောင်မြို့
	စုစုပေါင်း	၂၄၀၁.၃၉၀ တန်	

၂။ **တင်ဒါတင်သွင်းရမည့်ရက်** -၁-၈-၂၀၁၃ ရက်မှ ၁၅-၈-၂၀၁၃ ရက်အထိ
တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန် -၁၆-၈-၂၀၁၃ရက် နံနက် ၉:၀၀ နာရီအချိန်
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ -ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး
ရခိုင်ပြည်နယ်၊ စစ်တွေမြို့
ဖုန်း-၀၄၃-၂၃၃၆၅၊ ၀၉-၅၆၈၀၅၆၇

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ ၃၁-၇-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀(သုဝဏ္ဏ) လူသုံးကုန်၊ မြေကွက်အမှတ် ၁၀၂၊ ဧရိယာ ၀ ဒသမ ၁၂၄ဧကရှိသော နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ မြဝတ်ရည်လမ်းနှင့် ဣန္ဒာသယလမ်းထောင့်၊ အမှတ် ၁၀၂ ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုလာသည့် အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးထွန်းဦး S/RGN-၀၀၁၉၂၅၏ကိုယ်စား အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ခင်မြတ်မွန် ၁၃/လရန(နိုင်) ၁၀၀၄၆၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ညှိနှိုင်း သဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီးပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း(စဉ်-၆၀၈၂)၊ B.A, H.G.P, C.B.L, D.B.L, D.M.L၊ ဥပဒေအကျိုးဆောင်
အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅

အမည်ပြောင်း

ဦးလှဦး၏သား လှိုင်းဘွဲ့မြို့နယ်၊ ပိုင်ကျုံမြို့နယ်ခွဲ လှကမန်းရွာနေ အထက(ခွဲ)ဒေါ်လန်းရွာ နဝမတန်းမှ မောင်ဖိုးဘန်ကောက် ၃/ပကန(နိုင်)၀၁၈၀၃၅ အား ခွန်ထွန်းဝင်းနောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ခွန်ထွန်းဝင်းနောင်

ဥတုရာသီ တောကိုမှီ၏

ရန်ကုန်လေဆိပ်တွင် မြန်မာနိုင်ငံကူးလက်မှတ်စာအုပ်အတု အသုံးပြုဝင်ရောက်လာသူများအား စစ်ဆေးအရေးယူ

ရန်ကုန် ဇူလိုင် ၂၆

ဇူလိုင် ၂၄ ရက် နံနက် ၈နာရီက ရန်ကုန်လေဆိပ်သို့ မလေး ရှားနိုင်ငံမှ Air Asia လေကြောင်းလိုင်း ခရီးစဉ်အမှတ် AK 1426 ဖြင့် ရောက်ရှိလာသော ကိုယဉ်ခိုင် (၃၀ နှစ်) စိုင်းဂေါင်းရွာ မြိုင်မြို့နယ် မကွေးတိုင်းဒေသကြီးနေသူသည် မလေးရှားနိုင်ငံသို့ ၂၀၁၀ ခုနှစ်က တရားဝင်သွားရောက်အလုပ်လုပ်ကိုင်ခဲ့ပြီး Yin Khaing (မနလ M 673081 ၆-၁-၁၀၁၂)၊ မြန်မာနိုင်ငံကူးလက်မှတ်စာအုပ်အတုကို အစစ်အမှန်အဖြစ် အသုံးပြုကာ ဝင်ရောက်လာကြောင်း ရန်ကုန်လေဆိပ်(လဝက)က စစ်ဆေးတွေ့ရှိရသဖြင့် ကိုယဉ်ခိုင်အပေါ် အရေးယူပေးရန် လဝက (လေဆိပ်စစ်ဆေးရေးအဖွဲ့)က တိုင်တန်းခဲ့၍ မင်္ဂလာဒုံမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ အဆိုပါလေယာဉ်ဖြင့် ပင်ရောက်ရှိလာသော ကိုအောင်မျိုးထက်(၂၆နှစ်) (၆)ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူသည် မလေးရှားနိုင်ငံသို့ ၂၀၁၁ ခုနှစ်တွင် တရားဝင်သွားရောက်ခဲ့ပြီး Aung Myo Htet (မနလ M 673084 /၆-၁-၁၀၁၂)၊ မြန်မာနိုင်ငံကူးလက်မှတ် စာအုပ်အတုကို အစစ်အမှန်အဖြစ်အသုံးပြုကာ ဝင်ရောက်လာကြောင်း ရန်ကုန်လေဆိပ်(လဝက)က စစ်ဆေးတွေ့ရှိရသဖြင့်ကိုအောင်မျိုးထက်အား အရေးယူပေးရန်၊ လဝက(လေဆိပ်စစ်ဆေးရေးအဖွဲ့)က တိုင်တန်းခဲ့၍ မင်္ဂလာဒုံမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(စိုးဝင်း-SP)**

လေဘေးသင့်ပြည်သူများအား ထောက်ပံ့

ကျောက်မဲ ဇူလိုင် ၂၆

လွန်ခဲ့သည့် မေလက ကျောက်မဲမြို့နယ်ရှိ လေဘေးသင့်အိမ်ထောင်စုများအတွက် ရှမ်းပြည်နယ် အစိုးရက ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ကျောက်မဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ပြည်နယ်အစိုးရက ထောက်ပံ့သောငွေကျပ် ၁၀၃သိန်းကို ပြည်နယ်အစိုးရကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးစိုင်းခမ်းကျော်၊ ဦးစိုင်းသန်းမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးတင်ဌွေးတို့က မော်မာ၊ ဟဲကို၊ နောင်ပိန်၊ စခန်းသာ၊ ကွဲကုန်း၊ နမ့်ဟူးတောင်စသည့်ရွာများအပါအဝင် မြို့ပေါ်ရှိ ၁၊ ၂၊ ၆၊ ၈၊ ၉ ရပ်ကွက် အိမ်ထောင်စုများအား အချိုးကျပေးအပ်ခဲ့သည်။ **(ယာပုံ) မောင်မောင်**

မိုင်းခုတ်မြို့၌ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

မိုင်းခုတ် ဇူလိုင် ၂၆

ရှမ်းပြည်နယ် မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့နယ်ခွဲတွင် တပ်နယ်၊ ဌာနဆိုင်ရာများနှင့် အလှူရှင်ပြည်သူများက ပထမအကြိမ် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီက မြို့နယ်ခွဲအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ သဏ္ဍိသုခကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ အရှင်ဇာနဂထံမှ ဩဝါဒပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်သည်။

ဆက်ကပ်လှူဒါန်း

စေတနာရှင် ပြည်သူများက မြို့နယ်ခွဲအတွင်းရှိ ကျောင်း ၁၀ ကျောင်းမှ ပင့်သံဃာတော် ၁၄ ပါးတို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဘာသာပေါင်းစုံစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး အလုပ်ရုံဆွေးနွေး

ပုသိမ် ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်က ကြီးမှူးကျင်းပသည့် ရတနာမြေလူမှုဖွံ့ဖြိုးရေးအသင်း၏ စီစဉ်မှုဖြင့် ဘာသာပေါင်းစုံ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၄ ရက်က စတင်ကျင်းပရာ ပုသိမ်မြို့နယ် မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်က အဖွင့်ဩဝါဒစကား မိန့်ကြားသည်။

ဆက်လက်၍ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာနှင့် အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာဝင်တို့မှ တာဝန်ရှိသူများက တရားများ ဟောကြားခဲ့ကြသည်။ ညနေပိုင်းတွင် ဗလီနှင့် ခရစ်ယာန်ဘုရားကျောင်းများသို့ ချစ်ကြည်ရေးသွားရောက်ခဲ့ကြပြီး အခမ်းအနားဒုတိယနေ့တွင် သာသနာ့ပါလကျောင်းဆရာတော်က ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးနှင့်ပတ်သက်၍ တရားဟောကာ တက်ရောက်လာကြသည့် ဘာသာပေါင်းစုံမှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြပြီး ညနေပိုင်းတွင် ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီးနှင့် ဟိန္ဒူဘုရား ကျောင်းများသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

နယ်သတင်းတိုများ

ရေချိုငါးလုပ်ငန်းဥပဒေအကြောင်းရှင်းလင်း

ဘိုကလေး ဇူလိုင် ၂၆

ဘိုကလေးမြို့နယ် ကျွန်းညိုကျေးရွာအုပ်စု ကွမ်းသီးချောင်းကျေးရွာတွင် ဇူလိုင် ၂၁ ရက်က မြို့နယ်စိုက်ပျိုးမြင့်အဖွဲ့ဝင်များပါဝင်လျက် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းထိုက်က ဒေသခံပြည်သူများကို ဧရာဝတီတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေ ၂/၂၀၁၂ ကို ရှင်းလင်းပြောကြားသည်။ **(၀၈၇)**

သန်းခေါင်စာရင်းနှင့် သွေးလွန်တုပ်ကွေးပညာပေးဟောပြော

လယ်ဝေး ဇူလိုင် ၂၆

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၁ ရက် မွန်းလွဲ ၁ နာရီက နောင်ဘိုကျေးရွာ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်က အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးမှူး ဦးချစ်စိန်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ရှင်းလင်းဟောပြောသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်တွင် စတင်သန်းခေါင်စာရင်းကောက်ယူရခြင်းရည်ရွယ်ချက်များနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေရေးအတွက် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ကိုကိုရှူပ(နေပြည်တော်)**

တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေး

သီပေါ ဇူလိုင် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မိုးတေကျေးရွာအုပ်စု ရွာဦးဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဇူလိုင် ၂၅ ရက်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်ပွဲကျင်းပရာ သီပေါမြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူးဦးမျိုးတင့်ဇော်က အမှာစကားပြောကြားသည်။ မြို့နယ်မြေစာရင်း ဒုတိယဦးစီးမှူး ဦးတွဲမောင်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်ခြင်း၏ ရည်ရွယ်ချက်များနှင့် အခွင့်အရေးများကို ရှင်းလင်းပြောကြားကာ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်များကို တောင်သူတစ်ဦးချင်းထံ ပေးအပ်သည်။ **စိုင်း(သီပေါ)**

မီးသတ်ပညာသင်တန်းဆင်းပွဲကျင်းပ

သီပေါ ဇူလိုင် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော မီးသတ်ပညာပေးသင်တန်းအမှတ်စဉ် (၁/၂၀၁၃)ဆင်းပွဲကို ဇူလိုင် ၂၅ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ အရန်မီးသတ် တပ်ဖွဲ့တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်းတို့က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်များကို တစ်ဦးချင်းချီးမြှင့်ပေးအပ်သည်။ **စိုင်း(သီပေါ)**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

လေလံကြော်ငြာ

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၂) ဧရာဝတီတံတား(ရတနာပုံ) စီမံကိန်းဝင်းအတွင်း အသုံးပြုပြီးသော အောက်ဖော်ပြပါပစ္စည်းများကို လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ကတ္တရာပုံးခွံ	၁၁၄၅ ချပ်
၂။	တာယာ(အဟောင်း)ဆိုဒ်စုံ	၁၇၀ လုံး
၃။	ဘက်ထရီ(အဟောင်း)ဆိုဒ်စုံ	၈၂ လုံး

၂။ **လေလံတင်သွင်းရမည့်ရက်** - ၂၅-၇-၂၀၁၃ ရက်မှ ၉-၈-၂၀၁၃ ရက်အထိ
လေလံလက်ခံရွေးချယ်မည့်ရက် - ၁၀-၈-၂၀၁၃ ရက်
တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - အထူးစီမံကိန်းကြီးအဖွဲ့(၂)၊ ဧရာဝတီတံတား (ရတနာပုံ)စီမံကိန်းဝင်း၊ အမရပူရမြို့နယ်၊ ဖုန်း-၀၇၂-၂၂၂၈၀

၃။ လေလံလျှောက်လွှာပုံစံများကို အထူးစီမံကိန်းကြီးအဖွဲ့(၂)၊ ဧရာဝတီတံတား (ရတနာပုံ)စီမံကိန်းဝင်းတွင် ၂၉-၇-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

တစ်ဦးတည်းဖြစ်ကြောင်း

ဖောင်းဆိုင်ရွာမှ ဦးဇော်ဒင်၏သမီး မနန်ဘောမ်နှင့် မနန်ဘောက်သည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၃-၂-၁၉၉၈ဖြစ်ပါသည်။

မနန်ဘောက်

တိုက်ခန်းရောင်းမည်

ဗညားဒလလမ်းမပေါ်၊ မင်္ဂလာဈေးနှင့် ယုဇနပလာဇာကြား ပေ (၁၅×၉၀)လေးလွှာ၊ ပြင်ဆင်ပြီး၊ **တိုက်သားကောင်း၊ ကားဂိတ်နီး၊ ကျပ်သိန်း ၈၀၀။**

ဖုန်း-၀၉-၇၃၀၅၇၀၈၀

"ယုန်မိသားစုကုမ္ပဏီ"
09-73161672
09-73494343
09-73054542

09-31383831
33238332

Mya Kan Engineering Co., Ltd.
No.57-A, Tharyar Shwe Pyi Road, 16 Ward, Yankin Township, Yangon
Ph:01-401121, 09-73216755, 09-73216766

(1) General Manager(M/F) -1Post
Any Graduate, more preferable MBA. Must have minimum 8 years experience in related job. Must be able to lead for Sales & Marketing team.

(2) Asst: Manager(M/F) -2 Post
Any Graduate, more preferable B.E(Electrical Power/ Mechanical). Must have five (5) years experience in Sales & Marketing field.

(3) Technical Coordinator (M/F) -5 Post
B.E (Electrical Power/ Mechanical) of A.G.T.I. Must have 3 years experience in related job.

(4) Accountant(M/F) - 1 Post
B.Com (or)LCCI Level (3). Must have 3 years experience in related job.

(5) Sales & Marketing Executive (M/F) -10 Post
Any Graduate, more preferable B.E (Electrical Power/ Mechanical). Must have 2 years experience in Sales & Marketing field.

(5) Driver(M) - 1 Post
Must have driving license.

All applicant should be good communication skill in English, can use email, internet & computer. Interested persons are invited to submit the applications with update CV, Photo, other supportive documents, update labour card to the above address within (2) weeks. Only short-listed candidates will be notified.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန အော်တိုတယ်လီဖုန်းလိုင်းဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လိုသည့် ပြည်တွင်းကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အများပြည်သူများအား ပိုမိုကောင်းမွန်သော အော်တိုတယ်လီဖုန်းလိုင်း ဝန်ဆောင်မှုများ ပေးနိုင်ရန်ရည်ရွယ်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက် အော်တိုတယ်လီဖုန်းလိုင်း Outside Plant (OSP) ကေဘယ်ပြုပြင်ထိန်းသိမ်းရေးဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်လိုသည့် ပြည်တွင်းကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ၂၀၁၃ ခုနှစ် ဇူလိုင် ၂၉ရက် နံနက် ၉း၃၀ နာရီမှ ဩဂုတ် ၂ရက် ညနေ ၁၆း၀၀ နာရီအတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာန၊ အမှတ် ၁၀၃၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် တင်ဒါပုံစံများအား တစ်စုံလျှင်ကျပ် ၁၀၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

၂။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာန၊ အမှတ် ၁၀၃၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ ၂၀၁၃ ခုနှစ် ဩဂုတ် ၁၉ရက် နံနက် ၀၉း၃၀နာရီမှ ညနေ ၁၅း၀၀ နာရီအတွင်း တင်ဒါတင်သွင်းပါရန်နှင့် သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါတင်သွင်းရန်နှင့် အသေးစိတ်သိရှိလိုသည်များရှိပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာန တယ်လီဖုန်းအမှတ် ၀၁-၃၈၀၃၃၃၊ ၀၁-၂၃၀၀၇၇၇ နှင့် ၀၉-၅၀၂၁၀၅၅၊ ၀၉-၅၀၂၁၀၇၈များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

အမြန်ပြန်လာပါ

မောင်တင်ဖြိုးဝေ(ခ)ဦးဖြိုး ၅/ပလန(နိုင်)၀၆၁၆၂၆သည် ၁၉-၇-၂၀၁၃ ရက်တွင် အိမ်မှထွက်သွားပါသဖြင့် မိဘများနှင့်မောင်နှမများ စိတ်ပူနေပါသည်။ မိခင်ကျန်းမာရေးမကောင်းပါသဖြင့် အမြန်ပြန်လာပါရန်နှင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၆၈၁၄၂၉၄၊ ၀၉-၄၄၂၀၇၆၅၅၆၊ ၀၉-၄၃၁၆၂၇၅၀၊ ၀၉-၄၄၂၀၇၃၇၃၈၊ ၀၉-၉၁၀၄၆၉၉၀

နိုင်ငံတကာအားကစားသတင်း



နာပိုလီနဲ့ ဟီဂူအင်တို့ရဲ့ပေါင်းစည်းမှု

မန်ယူရော အာဆင်နယ်ပါ လက်မှိုင်ချလိုက်ရပါပြီ။ ဒါက နာပိုလီအသင်းမှာ ရီးရဲမက်ဒရစ်က ပြောင်းရွှေ့လာတဲ့ တိုက်စစ်မှူး ဟီဂူအင် ဆေးစစ်မှုအောင်မြင်သွားခဲ့လို့ပဲဖြစ်ပါတယ်။ အထူးသဖြင့် နောက်ဆုံးအချိန်အထိ မျှော်လင့်နေတဲ့ အာစင်ဝင်းဂါးရဲ့ဆန္ဒတွေ အကောင်အထည်မဖော်နိုင်တော့ပါဘူး။

ရီးရဲမက်ဒရစ်နဲ့ အာဂျင်တီးနား တိုက်စစ်မှူး ဟီဂူအင်ကိုအာဆင်နယ်တို့က နွေရာသီတစ်လျှောက်လုံးမှာ အကြိမ်ကြိမ်ကမ်းလှမ်းမှု၊ ဆွေးနွေးမှုတွေ ပြုလုပ်နေခဲ့တာပါ။

နာပိုလီနည်းပြ ဘင်နီတက်ဇ်ကတော့ "စွမ်းဆောင်ရည်မြင့်မားတဲ့ တိုက်စစ်မှူးတစ်ဦးကို ကျွန်တော် လက်မလွှတ်တမ်းခေါ်ယူဖို့ ကြိုးစားနိုင်ခဲ့ပါတယ်"ဟု ထုတ်ဖော်ပြောကြားနေပါတယ်။ ဘင်နီတက်ဇ်ဟာ လီဗာပူး နည်းပြဟောင်းဖြစ်တာမို့ အစွမ်းထက်တဲ့ လီဗာပူးဂိုးသမား ပီပီရေနာကိုလည်း နာပိုလီအသင်းကိုအငှားစာချုပ်နဲ့ ခေါ်ယူဖို့စီစဉ်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။

တိုက်စစ်မှူး ဟီဂူအင်ကို နာပိုလီအသင်းက ပီအက်စ်ဂျီအသင်းကို ထွက်သွားတဲ့တိုက်စစ်မှူး ကာဗာနီနေရာမှာ အစားထိုး ကစားစေမှာဖြစ်ပါတယ်လို့ နည်းပြဘင်နီတက်ဇ်က ဆိုပါတယ်။ မိမိလိုချင်တဲ့တိုက်စစ်မှူးရဲ့ အရည်အသွေးတွေ ဟီဂူအင်မှာရှိနေတယ်လို့လည်း ထပ်မံပြောကြားနေပါတယ်။

အသက် ၂၅ နှစ် အရွယ်ရှိတဲ့ ဟီဂူအင်ဟာ ရေးဗားပလိတ်အသင်းမှာ ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ကစားခဲ့ပြီး ရီးရဲမက်ဒရစ်အသင်းကို ၂၀၀၇ ခုနှစ်မှ ရောက်ရှိခဲ့တာဟာ ၂၀၁၃ ခုနှစ်အထိ ဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်နဲ့ ဘာနေဗျူးကွင်းမှာ ခုနစ်နှစ်တာကာလအတွင်း ဂိုးပေါင်း ၁၀၇ဂိုး သွင်းယူပေးခဲ့သူဖြစ်ပြီး လာလီဂါဖလား သုံးကြိမ်၊ ကိုပါဒယ်ရေးဖလား တစ်ကြိမ်တို့အပြင် အခြားဆုဖလားတွေကိုလည်း ရယူခဲ့သူဖြစ်ပါတယ်။

နာပိုလီအသင်းရဲ့ ရည်မှန်းချက်က အပြင်းစားပါပဲ။ ကစားသမားသစ်ခေါ်ယူတဲ့နေရာမှာ ရီးရဲမက်ဒရစ်ရဲ့ နောက်ထပ် တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ကာလီဂျွန်နဲ့ နောက်ခံလူ ဘီရိုလ်တို့ကိုလည်း ထပ်မံခေါ်ယူဖို့အသင့်ဖြစ်နေပါပြီ။ ဒါ့အပြင် ပီအက်စ်ဗွီ အင်ဒိုဗင်အသင်းရဲ့ တောင်ပံကစားသမား မာတန်ကိုလည်းထပ်ပြီး ခေါ်ယူဦးမှာပါ။

နာပိုလီအသင်းဟာ လာမည့်ဘောလုံးရာသီမှာ ဆုဖလားတွေရယူဖို့အသင့်ရှိနေပါပြီ။ အကောင်းဆုံး ခြေစွမ်းပြနိုင်မယ့် ကစားသမားတွေကိုလည်း စုဆောင်းထားနိုင်ပြီ။ ဒါကြောင့် ကျွန်တော်တို့အသင်းဟာ တိုက်ပွဲဝင်ဖို့ အသင့်ဖြစ်နေပြီလို့ နည်းပြဘင်နီတက်ဇ်က ဆိုနေပါတယ်။

တိုက်စစ်မှူး ဟီဂူအင်ကတော့ နာပိုလီအသင်းမှာ ကျွန်တော် အကောင်းဆုံး စွမ်းဆောင်မှုပေးနိုင်မယ်လို့ ယုံကြည်နေပါတယ်။ တိုက်စစ်မှူးတစ်ဦးအနေနဲ့ ဂိုးတွေများများ သွင်းနိုင်ပြီး အောင်ပွဲခံနိုင်ဖို့ အားထုတ်ရမှာပါ"ဟု ပြောကြားသွားပါတယ်။

နာပိုလီအသင်းမှာ ဟီဂူအင်ရဲ့ စွမ်းဆောင်မှုအပေါ်မှာ ပရိသတ်တွေရဲ့ယုံကြည်မှု ဘယ်လောက်အထိ ရရှိနိုင်မယ်ဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

မိုးမြင့်လင်းလက်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် ဆိုင်းဘုတ်ကိုင်အမျိုးသမီး Volunteer များအဖြစ်ပါဝင်ဆောင်ရွက်ရန် ထပ်မံဖိတ်ခေါ်ကမ်းလှမ်းခြင်း

၁။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံအသီးသီးကိုယ်စားပြုဆိုင်းဘုတ်ကိုင် အမျိုးသမီး ၁၁ ဦးနှင့် ပိတ်ပွဲအခမ်းအနားတွင် အားကစားနည်း ၃၃ နည်း ကိုယ်စားပြုဆိုင်းဘုတ်ကိုင် အမျိုးသမီး ၃၃ ဦးကို Volunteer ကိုယ်တိုင် ဆန္ဒပြုသူအဖြစ် ရွေးချယ်တာဝန်အပ်နှင်းရန်ရှိပါသည်။

၂။ ပထမအကြိမ်ရွေးချယ်ခြင်းမှ ၁၈ ဦး ရွေးချယ်ပြီးနောက် အရန်အပါအဝင် ထပ်မံလိုအပ် ၃၀ ဦးကို ထပ်မံရွေးချယ်ပါမည်။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အလှည့်ကျဆောင်ရွက်သော အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားဖြစ်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ်အမျိုးသမီးများ ပါဝင်ဆောင်ရွက်စေလိုသော စေတနာဖြင့် ဖိတ်ခေါ်ခြင်းဖြစ်ရာ ဆိုင်းဘုတ်ကိုင်အမျိုးသမီးများအဖြစ် Volunteer ဆောင်ရွက်ရန် စိတ်ဝင်စားသူ လူငယ်အမျိုးသမီးများသည် ဖော်ပြပါလိုအပ်သော အရည်အချင်းများနှင့်အတူ စာရင်းသွင်းအရွေးချယ်ခံရန် ဖိတ်ခေါ်ပါသည်-

(က) မြန်မာတိုင်းရင်းသူဖြစ်ရမည်။ (ခ) ရုပ်ရည်ပြေပြစ်ချောမောသူ အပျိုဖြစ်ရမည်။ (ဂ) ခန္ဓာကိုယ်အချိုးအစား ပြေပြစ်သူဖြစ်ရမည်။ (ဃ) အရပ် ၅ ပေ၊ ၄ လက်မရှိရမည်။ (င) အသက် ၁၈ နှစ်မှ ၂၃ နှစ် အတွင်းဖြစ်ရမည်။ (စ) တက္ကသိုလ်ကျောင်းသူ(သို့မဟုတ်)ဘွဲ့ရရှိသူဖြစ်ရမည်။ (သက်ဆိုင်ရာ တက္ကသိုလ်၏ ထောက်ခံချက်(သို့မဟုတ်) ဘွဲ့လက်မှတ် မိတ္တူပြနိုင်ရမည်။) (ဆ) အင်္ဂလိပ်ဘာသာစကားအသင့်အတင့် ပြောဆိုနိုင်သူဖြစ်ရမည်။ (ဇ) မြန်မာဆန်သော အသားအရောင်ရှိရမည်။ (ဈ) ဆံပင် အနက်ရောင်ဖြစ်ရမည်။ (ည) ကျန်းမာရေးကောင်းမွန်ရမည်။ ဆိုင်းဘုတ်ကိုင်၍ ပြင်ပမီတာ ၅၀၀ အားကစားကွင်း ပရိသတ်ရှေ့ မီတာ ၃၀၀ အကွာအဝေးကို ကြံ့ကြံ့ခိုင်ခိုင် လမ်းလျှောက်နိုင်ရမည်။ (ဋ) ပြိုင်ပွဲဝင် အားကစားသမားနေရာယူချိန်၊ ဖွင့်ပွဲ အစီအစဉ်ဆောင်ရွက်ချိန်ကွင်းအတွင်း လမ်းလျှောက်အချိန်အပါအဝင် စုစုပေါင်း မိနစ် ၆၀ မတ်တတ်ရပ်နိုင်ရမည်။ (ဌ) ပြစ်မှုကင်းရှင်းကြောင်း၊ နိုင်ငံအတွက် Volunteer အဖြစ် ဆောင်ရွက်လိုစိတ်ရှိကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံချက်ပါရှိရမည်။ (ဍ) ဖွင့်ပွဲ၊ ပိတ်ပွဲစစ်ကြောင်းများ ပုံမှန်လေ့ကျင့်ချိန်၊ အစမ်းလေ့ကျင့်ချိန် ဝတ်စုံပြည့်လေ့ကျင့်ချိန်များအတွက် လိုအပ်ပါက နေပြည်တော်၌ အခြားကပွဲဝင် ကျောင်းသူကလေးများကဲ့သို့ အခါအားလျော်စွာလာရောက်စခန်းဝင် နေထိုင်လေ့ကျင့်ရမည်။ (ဎ) လာရောက်သည့်စရိတ်၊ နေထိုင်လေ့ကျင့်စဉ် နေထိုင်စားသောက်မှုစရိတ်ကို ဖွင့်ပွဲ၊ ပိတ်ပွဲကော်မတီက ကျခံပါမည်။ (ဏ) လှယဉ်ကျေးမယ်ဝတ်စုံဖြင့် တစ်လအတွင်း ရိုက်ကူးထားသော ၆ လက်မ×၄ လက်မအရွယ်ရှိ ကိုယ်လုံးပေါ်ဓာတ်ပုံ ရှေ့တည့်တည့်တစ်ပုံ၊ ဘေးစောင်းတစ်ပုံနှင့် ၆ လက်မ× ၄ လက်မ အရွယ်ရှိ ရှေ့တည့်တည့်မှ ရိုက်ကူးထားသော ကိုယ်တစ်ပိုင်းပုံတစ်ပုံတို့နှင့်အတူ ပူးတွဲလျှောက်ထားရမည်။

၃။ လျှောက်လွှာများကို အောက်ပါ ရုံး/ပုဂ္ဂိုလ်များထံသို့ ၉-၈-၂၀၁၃ ရက်နေ့ထက် နောက်မကျစေဘဲပေးပို့ရမည်-

(က) ပါမောက္ခချုပ်ရုံး ဦးသန့်ဇင်ဦးဌာနမှူး(စီမံ/ဘဏ္ဍာ) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ဒဂုံမြို့သစ်(တောင်ပိုင်း) ရန်ကုန်တယ်လီဖုန်းအမှတ်၀၁-၅၉၀၂၆၃၊ ၀၉-၅၁၂၁၄၅၁၊ (ခ) ညွှန်ကြားရေးမှူးချုပ်ရုံး သမိုင်းသုတေသနဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) နေပြည်တော် တယ်လီဖုန်းအမှတ်၀၆၇-၄၀၈၃၈၄၊ (ဂ) မဇူဇူ(Zu Zu Collection) အမှတ်(၃၈/စီ(၁) အင်းလျားလမ်း ရန်ကုန်တယ်လီဖုန်းအမှတ်၀၁-၅၃၇၂၇၅၊ ၀၉-၅၀၁၀၉၈၀၊ (ဃ) မလတ်လတ် (Latt Latt Designer) တိုက်(၆၀) အခန်း(၇) ကမ္ဘာအေးဘုရားလမ်း ပါရမီအိမ်ရာ ရန်ကုန်တယ်လီဖုန်းအမှတ် ၀၁-၆၅၇၁၇၂၊ ၀၉-၅၁၈၇၈၈၅

၄။ ၁၀-၈-၂၀၁၃ ရက်နေ့နှင့် ၁၁-၈-၂၀၁၃ ရက်နေ့တို့တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)စီမံရေးရာဌာနသို့ လူကိုယ်တိုင် လာရောက်သတင်းပို့ စစ်ဆေးရွေးချယ်မှုခံယူရမည်။ မိမိအစီအစဉ်ဖြင့် မျက်နှာအလှ၊ ဝတ်စုံအလှဆင်မြန်းပြီးဖြစ်ရမည်။ စုစုပေါင်း ၂၆ ဦး၊ အရန်လေးဦးပေါင်း ၃၀ ဦးအား ရွေးချယ်မည်ဖြစ်ပါ၍ နောက်ကျသော လျှောက်လွှာများအတွက် လိုအပ်မှသာ လက်ခံပါမည်။ လျှောက်ထားလိုသူ အမျိုးသမီးငယ်များကို ဖွင့်ပွဲ၊ ပိတ်ပွဲကျင်းပရေးကော်မတီ၊ ယဉ်ကျေးမှုဝန်ကြီးဌာနက လှိုက်လှဲဝမ်းသာစွာ ကြိုဆိုပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန
ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရန်
ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ

ရွန်းနေနှင့်ဆွာရက်ဇ်တို့အား စိတ်ဝင်စားနေ

မန်ယူတိုက်စစ်မှူး ရွန်းနေနှင့် လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်တို့ နွေရာသီကစားသမား အပြောင်းအရွှေ့၌ စိတ်ဝင်စားစရာ အကောင်းဆုံး ဘောလုံးသမားများဖြစ်လာကြကြောင်း မီဒီယာများကဖော်ပြသည်။

ရွန်းနေကို ချယ်လ်ဆီးက ခေါ်ယူရန် ငွေကြေးအပြင် ကစားသမားတစ်ဦးပါ အလိုက်ပေးပြီး ကမ်းလှမ်းထားနေဆဲ ဖြစ်သည်။ မန်ယူက ထုတ်မရောင်းပါဟု အကြိမ်ကြိမ်ပြောနေသော်လည်း ချယ်လ်ဆီးက လက်မလျှော့ဘဲ ကြိုးစားနေဆဲဖြစ်သည်။ ထို့အတူ ဆွာရက်ဇ်ကိုလည်း အာဆင်နယ်က ဆက်လက်ကြိုးစားနေသည်။

တောရက်စ် ကြိုးစားမှ နေရာရမည်

ချယ်လ်ဆီးတိုက်စစ်မှူး တောရက်စ်သည် ကြိုးစားလျှင်ကြိုးစားသလောက် အခွင့်အရေးရမည်ဖြစ်ကြောင်း နည်းပြမော်ရင်ဟိုက ပြောကြားလိုက်သည်။ တောရက်စ်နှင့် ဒမ်ဘာဘာတို့သည် ချယ်လ်ဆီးအသင်း၏ ဝါရင့်တိုက်စစ်မှူးများဖြစ်ကြသည်။ လူကာကူသည် အငှားချထားရာမှ ပြန်လာသည်။ ချယ်လ်ဆီးက စချာလီကိုလည်း စာချုပ်ထားသည်။ အသက် ၂၉ နှစ်အရွယ်ရှိ တောရက်စ်သည် ပြီးခဲ့သည့်နှစ်က ရှစ်ဂိုးသွင်းယူပေးခဲ့သည်။

ယူရို အမျိုးသမီး နော်ဝေနှင့် ဂျာမနီဗိုလ်လုမည်

အမျိုးသမီးယူရို ၂၀၁၃ ဘောလုံးပြိုင်ပွဲအကြိုဗိုလ်လုပွဲအဖြစ် နော်ဝေအသင်းနှင့် ဒိန်းမတ်အမျိုးသမီးတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ နော်ဝေဂိုးသမားအင်းဂရစ်ဂျက်ဆက်က ပယ်နယ်တီဂိုး နှစ်ဂိုးကာကွယ်ပေးနိုင်ခဲ့သဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ သူမသည် ရော့ဒရစ်နှင့် ရိုင်လန်းတို့ သွင်းယူသောဂိုးများကို ကာကွယ်ပေးနိုင်ခဲ့သည်။ နော်ဝေတို့ ယင်းပွဲ အနိုင်ရလိုက်သဖြင့် ဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ ဂျာမနီအသင်းနှင့် တနင်္ဂနွေနေ့တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ နော်ဝေက ဒိန်းမတ်ကို ပုံမှန်ကစားချိန် တစ်ဖက်တစ်ဂိုးစီသရေကျပြီး ပယ်နယ်တီ လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းစိုးဝင်းပိုင် ၁၀/ခဆန (နိုင်)၀၈၅၂၄၇ ၏ နိုင်ငံကူးလက်မှတ် အမှတ်၆၉၃၆၃၂ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၇၀၃၈၄၆**

ပျောက်ဆုံးကြောင်း

ကျွန်တော် စောဘန်စမ် ၁၄/ဖပန (နိုင်)၁၅၅၁၁၄ ၏ ပတ်စ်ပို့သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၀၉-၄၂၂၄၈၇၅၉၉

ပျောက်ဆုံးကြောင်း

ကျွန်တော် ခင်မောင်ဝင်း (ဘ) ဦးလှရွှေ P/P No 136209 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၀၉-၄၂၈၂၀၂၇၁၉

တောင်ပြုံးပွဲ သို့ ရွှေကြေးစည်

[illegible]

240860/372290 09-49282825 0973494339

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ မလိခအိမ်ရာ၊ ရတနာလမ်း၊ စတုတ္ထထပ်၊ ပေ (၃၀× ၃၅)၊ Master Bedroom တစ်ခန်း၊ ရိုးရိုးအိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်းကျယ်၊ ပါကေးခင်း၊ မီးဖိုခန်း၊ ရေချိုးခန်း၊ အိမ်သာ ကြွေပြားခင်း/ကပ်၊ သံပန်းတပ်၊ ရေ၊ မီး အဆင်သင့်နေထိုင်နိုင်သော တိုက်ခန်း။ (ကျပ်သိန်း ၂၈၀)

၂။ တက္ကသိုလ်ရိပ်သာလမ်းနှင့်အနီး၊ အင်းလျားမြိုင်လမ်း၊ ကိုယ်ပိုင်လမ်းပါ။ မြေအကျယ် 6011sqft, ဘိုးဘွား၊ ရေ၊ မီး(ကျပ်သိန်း ၁၅၀၀၀)

၃။ သုဝဏ္ဏ၊ VIP ၊ ဗိုလ်ချုပ်ရွာ၊ သံသုမာလမ်းမကြီးဘေး၊ မျက်နှာစာနှစ်ဖက်၊ ဘဏ်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန်၊ နေထိုင်ရန်နေရာကောင်း မျက်နှာ၀ ပေ ၈၀၊ အနောက်ပေ ၆၀၊ ရေ၊မီးမှန်၊ အသင့်နေထိုင်နိုင်သော နှစ်ထပ် RC၊ ၈ရန် အမည်ပေါက်၊ Master Bedroom နှစ်ခန်း၊ ရိုးရိုးအိပ်ခန်းသုံးခန်း၊ ဧည့်ခန်းကျယ်၊ အဲယားကွန်းခုနစ်လုံး၊ ကြိုးဖုန်းနှစ်လုံး၊ ပါဝါမီတာ၊ ဝန်ထမ်းမိသားစုနေထိုင်နိုင်သော နှစ်ထပ်ကားဂိုဒေါင်၊ ဝယ်ယူမြှုပ်နှံထားလျှင် အမြတ်များ၍ အကျိုးရှိမည့်နေရာ၊ ပတ်ဝန်းကျင်ကောင်း၍ စီးပွားရေးလုပ်ငန်းရှင်များအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျ နေရာကောင်း၊ (ကျပ်သိန်း ၂၀၀၀၀ ညှိနှိုင်း) **ဆက်သွယ်ရန် ဖုန်း-၀၁-၂၄၁၁၉၄၊ ၀၁-၂၄၆၇၉၂၊ ၀၉-၅၁၇၈၉၇၉၊ ၀၉-၇၃၁၆၇၇၀၀၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၅၅၀၄၀၇၁**

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉ B[1] ၊ မြေကွက်အမှတ် ၂၁၊ မြေကွက်တည်နေရာအမှတ် ၄၀၊ မြေနုလမ်း၊ စမ်းချောင်းမြို့နယ် မအေးစိန် အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် မအေးစိန်နှင့်ခင်ပွန်းဦးလှမောင်(ခ)ဦးကျော်စိန်တို့ ကွယ်လွန်သဖြင့် ဦးကျော်စိန်လှ ၁၂/စခန(နိုင်)၀၄၃၅၁၇ က နှစ် ၉၀ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ ကျမ်းကျိန်လွှာနှင့်အတူ တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်းမည်

သဃ်န်းကျွန်း၊ သုမင်္ဂလာအိမ်ရာ၊ သုနန္ဒာ(၂)လမ်း၊ ၇၄ပေ× ၉၄ပေ၊ 2-RC မာစတာအိပ်ခန်းငါးခန်း၊ ရိုးရိုးအိပ်ခန်းနှစ်ခန်း၊ အဲယားကွန်းခုနစ်လုံး၊ ရုံးခန်းပါ၊ ကားဂိုဒေါင်၊ ဒရိုင်ဘာအခန်းပါ၊ ရေ၊ မီး၊ ဖုန်းပါ။

ဆက်သွယ်ရန် ဖုန်း-၀၁-၅၇၃၇၀၅၊ ၀၉-၅၀၂၉၅၃၅၊ ၀၉-၇၃၁၁၉၅၅၆၊ ၀၉-၄၂၀၀၄၇၈၈၄၊ ၀၉-၃၁၄၆၈၂၆၄

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၂)ရပ်ကွက်၊ [illegible]

[illegible] ဖုန်း-၀၉-၄၂၁၀၈၁၄၂

SH မြင့်သူထက် YU

[illegible]

DSA,TA,MA,OTT LO 4

[illegible]

B.Ed

English 4 Skills [illegible] Photoshop

သတင်းဆောင်းပါးနှင့်ကြော်ငြာ

နာကျင်သူများအား ကရုဏာလက်ဖြင့် ထွေးပွေ့ပေးမည့် ပရဟိတကျောင်း

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ မြတ်မွန်ထွေး

ပရဟိတ။ ပရဟိတ အလုပ်ဆိုသည်မှာ"ပရ"ဟုဆိုသော သူတစ်ပါးအတွက် "ဟိတ" ဟုခေါ်သော အကျိုးဆောင်ပေးခြင်းဖြစ်သည်။ ပရဟိတ စိတ်ထားရှိခြင်းသည် ကိုယ်ကျိုးမဖက်သော အများအကျိုးဆောင်လိုသည့် စိတ်ဓာတ်ရှိခြင်းပင်ဖြစ်သည်။ ကိုယ့်အကျိုးထက် အများအကျိုးကို ဦးစားပေးဆောင်ရွက်ခြင်းသည် သာမန်လူတို့ပြုနိုင်ခဲသော အရာပင်။ အများအကျိုးဆောင်ရန် စိတ်ဆန္ဒအားကောင်းသူ၊ စိတ်ရှည်သည်းခံတတ်သော၊ လောဘ၊ ဒေါသနည်းပါးကာ မေတ္တာစိတ်ပြည့်ဝသူများ၊ အတ္တစိတ်ရှေ့တန်းမတင်သူများသာ ပရဟိတစိတ်ထားပြီး ပရဟိတအလုပ်လုပ်နိုင်ကြသည်။

နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်ရှစ်ခုတို့အနက် ဇေယျာသီရိမြို့နယ်၌ ကျောင်းသား ကျောင်းသူ ဦးရေ ၈၀ ခန့်ရှိ သုဇနကာရီ ပရဟိတကျောင်း တစ်ကျောင်း ရှိကြောင်း သိရသည်။

ဘာသာလူမျိုး၊ ခွဲခြားကာ လက်ခံ၍ မရသော ပရဟိတကျောင်းတို့၏ အစဉ်အလာအတိုင်း ဆရာတော် ဦးသုဇန ဦးစီးတည်ထောင်ထားသော သုဇနကာရီ ပရဟိတကျောင်း၌ ချင်း၊ နာဂ၊ တောင်သား စသည်ဖြင့် တိုင်းရင်းသား ကလေးငယ်အများစု ပါဝင်ကြသည်။ အသက်အရွယ်အားဖြင့် တစ်လသားအရွယ် ကလေးငယ်ပင် ပါဝင်နေသေးသည်။ ဆရာတော်ကြွရောက်ရာသာသနာပြု ခရီးစဉ်၊ အလှူပွဲ၊ ကျောင်းရေစက်ချ တရားပွဲ ခရီးစဉ်နေရာဒေသများမှ လာရောက် အပ်နှံကြခြင်းဖြစ်သည်ဟု သိရသည်။

ဆရာတော်အနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ အများစုနှင့်စုပေါင်း နေထိုင်ဆောင်ရွက်တတ်ရေး၊ မိသားစုပုံစံဆက်ဆံတတ်ရေး အဓိကထား သင်ကြားပေးခဲ့ရသည်။ သူတို့လေးများ၏ အနာဂတ်ဘဝ၌ ရိုးသား၊ ကြိုးစားပြီး လူမှုဘဝနယ်ပယ်တွင် အံဝင်ခွင်ကျ ဖြစ်ကာ ပြည်သူ့အကျိုးပြု လူကောင်း သူကောင်းလေးများ ဖြစ်လာစေရန်ရည်ရွယ်ထားပုံကို "အားလုံးပညာတတ်လူတန်းစားတွေချည်း မဖြစ်နိုင်ပေမယ့် ကိုယ်ကျင့်တရားကောင်းတဲ့၊ ပတ်ဝန်းကျင်ကို အကျိုးပြုတတ်တဲ့၊ လူ့အဖွဲ့အစည်းနဲ့ နိုင်ငံတော်ကိုစောင့်ရှောက်အထောက်အကူပေးတဲ့သူတွေ ဖြစ်လာစေဖို့ ရည်ရွယ်ပါတယ်"ဟု ဆရာတော်က သူ၏ရည်ရွယ်ချက်ကိုမိန့်ကြားသည်။

သုဇနကာရီပရဟိတကျောင်းတွင် စောင့်ရှောက်အုပ်ထိန်းမှုပေးထားသော အနယ်နယ်အရပ်ရပ်မှ ကလေးငယ်များကို ဤသို့ တွေ့ရသည်။

နောက်ခံ စီးပွားရေးတောင့်တင်းသူများ ပရဟိတကျောင်းတစ်ကျောင်း တည်ထောင်ပါက လွယ်ကူကောင်း လွယ်ကူနိုင်သော်လည်း နယ်မြေခံဆရာ၊ ဒကာမရှိသော ဆရာတော့်အတွက် အခက်အခဲများ ကြုံတွေ့ခဲ့ရပုံကို "အရင်ပျက်စီးသွားတဲ့ပရဟိတကျောင်းနေရာကို လက်လွှဲဆက်ခံထားတာပါ။ ပြန်လည်တည်ထောင်စ နှစ်နှစ်လောက် လက်ပံပွင့်ခြောက်တွေချည်းပြုတ်စားပြီးနေခဲ့ရပါတယ်။ ခုနောက်ပိုင်းတော့ မွေးနေ့အလှူရှင်တွေ လာလှူကြတာရှိသလို ဝါဝင်ဝါကျွတ်လို နေ့မျိုးမှာလာတဲ့ အလှူရှင်တွေရဲ့ ဝတ္ထုငွေ၊ ဆွမ်းအလှူတွေရပါတယ်။ ပဒေသာပင်ထားရှိပြီး ရပ်တည်နေပါတယ်" ဟု ဆရာတော်က ပရဟိတကျောင်း၏ ရပ်တည်မှုကို ရှင်းပြသည်။

ခုနှစ်နှစ်တာ ကာလအတွင်း အောင်မြင်မှုမှာ ယင်းပရဟိတကျောင်းမှ ဘွဲ့ရသံဃာတော် နှစ်ပါးပေါ်ထွန်းခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးတစ်ဘာသာပါ ကျောင်းသား တစ်ဦးရှိခဲ့သည်ဟု သိရသည်။

ကလေးသူငယ်များကို စောင့်ရှောက်ပေးသော ပရဟိတကျောင်းများ များပြားလာသည်နှင့်အမျှ လမ်းဘေးရောက် လေလွင့်ကလေးငယ်များ လျော့နည်းသွားမည်ဖြစ်ပြီး ရထားဂိတ်၊ ကားဂိတ်များ၌ သနားစဖွယ် မျက်နှာငယ်ကလေးဦးရေ လျော့ကျသွားမည်ဖြစ်သည်။

နောင်အနာဂတ် တိုင်းပြည်၌ စာရိတ္တ၊ ကိုယ်ကျင့်တရားကောင်းသော လူငယ်လေးများ ဖြစ်လာမည်ဖြစ်ပြီးနိုင်ငံတော်အတွက် အုပ်တစ်ချပ် သဲတစ်ပွင့်အဖြစ် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု လူ့စွမ်းအား ရင်းမြစ်များလည်းတိုးလာမည်ဖြစ်သည်။ ထိုသို့ဖြင့် ခေတ်မီဖွံ့ဖြိုးသော ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ခြေလှမ်းညီညီဖြင့်လျှောက်လှမ်းနိုင်ရေး မျှော်တွေးကာ လူသားချင်းစာနာသည်ပဲ ဆိုဆို၊ ကုသိုလ်ယူသည်ဟု မှတ်မှတ်၊ နိုင်ငံတော်ဖွံ့ဖြိုး ရေးကူညီသည်ဟုပင် ပြောပြော ပရဟိတစိတ်ထား မွေးကာ မိမိပိုင် ကရုဏာလက်တစ်စုံဖြင့် နာကျင်နေသူများအား ထွေးပွေ့ပေးနိုင်ကြပါစေဟုသာ--။

ပြန်လည်တည်ထောင်စ နှစ်နှစ်လောက် လက်ပံပွင့်ခြောက်တွေချည်း ပြုတ်စားပြီးနေခဲ့ရပါတယ်။ ခုနောက်ပိုင်းတော့ မွေးနေ့အလှူရှင်တွေ လာလှူကြတာရှိသလို ဝါဝင်ဝါကျွတ်လို နေ့မျိုးမှာလာတဲ့ အလှူရှင်တွေရဲ့ ဝတ္ထုငွေ၊ ဆွမ်းအလှူတွေရပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စက်မှုလယ်ယာဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ အောက်ဖော်ပြပါ ထွန်စက်ကြီးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Tractor (90HP, 4WD)	၄၀ စီး
(ခ)	Tractor (70HP, 4WD)	၄၀ စီး
(ဂ)	Tractor (47HP, 4WD)	၄၀ စီး

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၆-၇-၂၀၁၃ ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် ဩဂုတ် ၂၆ ရက်၊ ၁၆း၃၀ နာရီဖြစ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
စက်မှုလယ်ယာဦးစီးဌာန
ရုံးအမှတ် (၅၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၁၂၄၂၊ ၄၃၁၂၄၃

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ် (လားရှိုး)
ပရိဘောဂဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ် (လားရှိုး)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(၁)	Officer table (L=6', B=4', H=2'6")	၂၀ လုံး
(၂)	Book Case	၂၀ လုံး
(၃)	File Shelfs	၂၀ လုံး
(၄)	Cabinet (Leeco 4 Drawers)-Width 3' Height 6'	၅ လုံး
(၅)	ဖိုင်တင်စင် (Leeco/taiyo/standard)	၂၀ လုံး
(၆)	Computer Table	၃၀ လုံး
(၇)	လက်တင်ပါကုလားထိုင်	၂၀ လုံး
(၈)	သစ်သားဆက်တီ	1 set
(၉)	ဘွဲ့နှင်းသဘင်သုံးထိုင်ခုံ	၅၀ လုံး
(၁၀)	သဟာယထိုင်ခုံ(ကျွန်း၊ဆိုဖာ၊ထိုင်ခုံ၊ကျောမှီဆိုဖာ၊ လက်တန်းပါနောက်မှီနှင့် ခြေထောက်ကနုတ်ပန်းပါ)	၁၀ လုံး
(၁၁)	စကားပြောစင်	၃ လုံး
(၁၂)	Plastic Chair (Armed)	၂၀ လုံး
(၁၃)	Plastic Chair (Armiesst)	၃၀ လုံး
(၁၄)	Lab Table	၂၀ လုံး
(၁၅)	Bed stead (single)	၂ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ် (လားရှိုး)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၄-၈-၂၀၁၃ရက် ၁၃း၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ် (လားရှိုး)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့ ဖုန်း-၀၉-၆၇၀၁၈၀၀၊ ၀၉-၅၂၆၂၆၃၃
ကွန်ပျူတာတက္ကသိုလ် (လားရှိုး)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(မအူပင်)
ပရိဘောဂဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ် (မအူပင်)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(၁)	Plastic Chair (Armless)	၃၇ လုံး
(၂)	Plastic Chair (Armed)	၄၁ လုံး
(၃)	File Shelf (ကျွန်း)	၂၀ လုံး
(၄)	Computer Table (ကြိတ်သား)	၃၀ လုံး
(၅)	Lab Table (၈'×၄') (ကျွန်း)	၂၀ လုံး
(၆)	Officer table (၆'×၄'×၂'၆") (ကျွန်း)	၂၀ လုံး
(၇)	Book Case (ကျွန်း)	၂၀ လုံး
(၈)	Cabinet (Leeco 4 Drawers) (၃'×၆')	၅ လုံး
(၉)	ဖိုင်တင်စင် (Leeco/taiyo/ standard)	၂၀ လုံး
(၁၀)	လက်တင်ပါကုလားထိုင် (ကျွန်း)	၂၀ လုံး
(၁၁)	သစ်သားဆက်တီ (ကျွန်း၊ ကနုတ်ပန်းပါ)	၁ စုံ
(၁၂)	ဘွဲ့နှင်းသဘင်သုံးထိုင်ခုံ (ကျွန်း)	၅၀ လုံး
(၁၃)	သဟာယထိုင်ခုံ (ကျွန်း၊ ဆိုဖာ၊ ကနုတ်ပန်းပါ)	၁၀ လုံး
(၁၄)	စကားပြောစင် (ကျွန်း၊ ကနုတ်ပန်းပါ)	၁ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ် (မအူပင်)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁-၈-၂၀၁၃ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ် (မအူပင်)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့၊ ကွန်ပျူတာတက္ကသိုလ်(မအူပင်)
ဖုန်း-၀၄၅-၃၀၁၁၅၊ ၀၄၅-၃၀၃၆၄

အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်အား ပြင်ဆင်သတ်မှတ်ခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားအထူးအဖွဲ့(၁၆)၊ မြိတ်မြို့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် တံတားဆောက်လုပ်ရေးလုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်မည့်ပစ္စည်းများအား ၂၀၁၃ခုနှစ် မေ ၂၃ရက်နှင့် ၂၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၌ တင်ဒါဖွင့်လှစ်မည့်ရက်အား ၂၀-၆-၂၀၁၃ရက်အစား ၇-၈-၂၀၁၃ရက်အဖြစ် ပြင်ဆင်သတ်မှတ်လိုက်ပါသည်။ တင်ဒါလျှောက်လွှာများအား ၅-၈-၂၀၁၃ရက် နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။
၂။ အသေးစိတ်သိရှိလိုပါက တံတားအထူးအဖွဲ့(၁၆)၊ မြိတ်မြို့၊ ကျွဲကူး-ကျောက်ဖျာ တံတားဆောက်လုပ်ရေးဝင်း ဖုန်း-၀၉-၄၂၁၇၂၂၁၈၈သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၁။	မြစ်ကျောက်စရစ်	-	၂၀၀ ကျင်း
၂။	မြစ်သဲ	-	၃၀၀ ကျင်း
၃။	ဘိလပ်မြေ(ဆင်တံဆိပ်)	-	၅၀၀ တန်
၄။	သံချောင်းရွယ်စုံ (MEC)	-	၂၃၀ တန်
၅။	Chipping	-	၂၅၀ ကျင်း

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
တံတားအထူးအဖွဲ့(၁၆)၊ မြိတ်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာန၊ လပွတ္တာခရိုင် ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီးတွင် သုံးစွဲရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါဖြင့်ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
စတင်ရောင်းချမည့်ရက် - ၂၉-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၉-၈-၂၀၁၃ ရက် ညနေ ၄ နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီး
ခုတင်(၂၀၀)ဆေးရုံအုပ်ကြီးရုံး၊ လပွတ္တာမြို့၊ ဖုန်း-၀၄၂-၈၃၀၂၅၊ ၀၉-၈၆၀၁၁၅၄

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အအုံဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၄)မှ တာဝန်ယူကြီးကြပ်လျက်ရှိသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့်တည်ဆောက်မည့် မော်လမြိုင်မြို့၊ မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေး ပစ္စည်းများကို (ပထမ)အကြိမ် မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ဘိလပ်မြေ(ကြံ့တံဆိပ်)	၃၀၀ တန်
၂။	မြစ်ကျောက်စရစ်	၁၃၀ ကျင်း
၃။	လက်အုတ်	၅၀၀၀၀၀ ချပ်
၄။	တောသစ်	၅၀ တန်
၅။	မြစ်သဲ	၅၀၀ ကျင်း

၂။ တင်ဒါစည်းကမ်းချက်နှင့်လျှောက်လွှာပုံစံများအား ၂၅-၇-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၇-၈-၂၀၁၃ရက် ၁၂း၀၀နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၉-၈-၂၀၁၃ရက် ၁၀း၀၀နာရီ အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့။
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။ အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့။

ဖုန်း-၀၅၇-၂၄၉၁၈
အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)
ဖုန်း-၀၁-၅၇၇၁၀၃၊ ၀၁-၅၆၂၁၉၇

ဂရန်အမည်ပေါက် မြေရောင်းမည်

မန္တလေး-မိုးကုတ်လမ်းမကြီးဘေး၊ အိုးဘိုလမ်းမထိပ်-ရွှေကျင်ကွေ့၊ တိုင်းရင်းဆေးတက္ကသိုလ်နှင့် DENKO ဆီ(ပန့်)ဆိုင်အနီး၊ စတုရန်းပေ ၇၀၀၀ ကျော်၊ ရေ-မီးအပြည့်အစုံ၊ အုတ်တံတိုင်းခတ်ပြီး ဆက်သွယ်ရန်။

ဖုန်း-၀၂-၃၃၄၀၈၊ ၀၉-၉၁၀၀၃၆၄၃

မော်လမြိုင်နှင့်ဝန်းကျင်သတင်းများ

စကားရည်လုပွဲနှင့် ကျပန်းစကားပြော မော်လမြိုင်မြို့ အထက(၆)၌ ပြိုင်ပွဲကျင်းပ

မော်လမြိုင် ဇူလိုင် ၂၆

မွန်ပြည်နယ် မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ၂၀၁၃-၂၀၁၄

ပညာသင်နှစ် မော်လမြိုင်မြို့ အထက်တန်းအဆင့် စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်အောင်က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး အထက (၇) ကျောင်းအုပ်ကြီး ဒေါက်တာ ချစ်ကိုကိုမှ ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စကားရည်လုပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပကြသည်။ စကားရည်လုပြိုင်ပွဲ ခေါင်းစဉ်များမှာ (၁)စာဖတ်ခြင်းထက် အင်တာနက် ကြည့်ခြင်းက ပိုထိရောက်သည်။ (၂) နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးသည် အဓိကကျသည်။ (၃)နိုင်ငံတကာမှ ယဉ်ကျေးမှုကူးစက်လာခြင်းကို ခုခံကာကွယ်သင့်သည်ဆိုသည့် ခေါင်းစဉ် သုံးခုဖြင့် ပြိုင်ပွဲဝင်ကြသည်။

ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူ အထက်တန်းအဆင့် ၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်သည်။ ဇူလိုင် ၁၅ ရက်က ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲပြုလုပ်ပြီး ဆုများကို ပညာရေးစုံညီပွဲတော်တွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(လ/၀၁၂)**

ယာဉ်ကျော်တက်ရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသစ်ပင် ဝင်တိုက်

မော်လမြိုင် ဇူလိုင် ၂၆

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကရင်သောင်ကျေးရွာ သံဖြူဇရပ်-ကျိုက္ခမီ ကားလမ်းမိုင်တိုင်အမှတ်၈/၁နှင့် ၈/၂အကြားတွင် ဇူလိုင်၂၃ရက် နံနက် ၉ နာရီခွဲခန့်က ယာဉ်မောင်းဝင်းမြင့် (၄၀နှစ်)မောင်းနှင်ပြီးခရီးသည် ၃၀ ခန့်လိုက်ပါလာသည့် တိုယိုတာဟိုင်းလပ်အမျိုးအစား မော်တော်ယာဉ်အမှတ် ၂က/. . . သည် ရှေ့ရှိယာဉ်ကိုကျော်တက်စဉ် မျက်နှာချင်းဆိုင်မှ မင်းမင်း(၃၅ နှစ်) မောင်းနှင်ပြီး ခရီးသည် ၂၅ ဦးခန့် လိုက်ပါလာသည့် ထော်လာဂျီယာဉ်လိုင်စင်(စိစစ်ဆဲ)နှင့်ပွတ်တိုက်မိ၍ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိသစ်ပင်ကို ဝင်တိုက်မိခဲ့ကြောင်းသိရသည်။ ယာဉ်တိုက်မှုကြောင့် ဟိုင်းလပ်ယာဉ်ပေါ်မှ ခရီးသည် ၁၀ဦးနှင့် ထော်လာဂျီယာဉ်ပေါ်မှခရီးသည် ငါးဦး စုစုပေါင်း ၁၅ဦး ဒဏ်ရာရရှိခဲ့သဖြင့် သာမန်ဒဏ်ရာရရှိသူ ကိုးဦးကို ကျိုက္ခမီဆေးရုံသို့တင်ပို့၍ ဒဏ်ရာပြင်းထန်သူ ခြောက်ဦးကို မော်လမြိုင်အထွေထွေရောဂါကုဆေးရုံကြီးသို့ တင်ပို့ကုသထားကြောင်းသိရသည်။ ဆေးရုံကြီးသို့ တင်ပို့ကုသထားသည့် ခြောက်ဦးအနက် ဒေါ်စန်းစန်းဝင်း(ခ) ဒေါ်ငယ်(၄၈ နှစ်)၊ ကုလား (၂၁ နှစ်) တို့နှစ်ဦးသည် ဆေးရုံ၌သေဆုံးခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ကျိုက္ခမီရဲစခန်းက ယာဉ်မောင်းများဖြစ်သည့် ဝင်းမြင့်နှင့်မင်းမင်းတို့နှစ်ဦးအား အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **(လ/၀၁၂)**

မော်လမြိုင်-မဲဆောက်၊ ဗန်ကောက်လေကြောင်းလိုင်း စက်တင်ဘာ ၁ ရက်တွင် စတင်ပြေးဆွဲမည်

မော်လမြိုင် ဇူလိုင် ၂၆

မော်လမြိုင်-မဲဆောက်၊ မော်လမြိုင်-ဗန်ကောက် လေကြောင်းလိုင်းပြေးဆွဲရေးအတွက် ထိုင်းနိုင်ငံ NOK Air မှ Mr. Sorn Chaimuk Entrakul ဦးဆောင်သောအဖွဲ့သည် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးသို့လာရောက်ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးအုန်းမြင့်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဇူလိုင် ၂၄ ရက် မွန်းလွဲ ၂ နာရီက တွေ့ဆုံခဲ့ကြောင်းသိရသည်။ အဆိုပါ အဖွဲ့မှ Mr. Sorn Chaimuk Entrakul က ပြောကြားရာတွင် မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ပထမအကြိမ်တွေ့ဆုံပြီးနောက် ယခုဒုတိယအကြိမ် လာရောက်တွေ့ဆုံခြင်း ဖြစ်ကြောင်း၊ NOK Air လိုင်းမှ မော်လမြိုင်-မဲဆောက်၊ မော်လမြိုင်-ဗန်ကောက် ခရီးစဉ်များပြေးဆွဲရေးကိစ္စအတွက် လာရောက်ညှိနှိုင်းခြင်းဖြစ်ကြောင်း၊ မိမိတို့ကုမ္ပဏီအနေဖြင့် အမှန်တကယ်ပြေးဆွဲမည်ဖြစ်ကြောင်း၊ E ဗီဇာစနစ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လေယာဉ် လက်မှတ်ခသည် ငွေကျပ် ၅၀၀၀၀ ဝန်းကျင်ဖြင့် လည်းကောင်း၊ မော်လမြိုင် လေယာဉ်ကွင်းကို အဆင့်မြှင့်တင်ပေးမည်ဖြစ်ကြောင်း၊ စက်တင်ဘာ ၁ ရက်တွင် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း၊ SAAB ဆွီဒင်နိုင်ငံမှ လေယာဉ်ဖြစ်ပြီး ခရီးသည် ၃၄ ဦး တင်နိုင်ကြောင်း သိရသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က မွန်ပြည်နယ်အစိုးရအနေဖြင့် အထူးပြောကြားရန်မရှိသဖြင့် သဘောတူပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံခွင့်ပြုချက်ရရှိရန်လိုအပ်ကြောင်း၊ မွန်ပြည်နယ်တွင် နိုင်ငံခြားခရီးသွားများအတွက် လည်ပတ်သွားလာစရာနေရာ အများအပြားရှိကြောင်း၊ လေယာဉ်ခရီးစဉ်အမြန်ပြေးဆွဲနိုင်ရေးဆောင်ရွက်စေလိုကြောင်း ပြောကြားကြောင်း သိရသည်။ **(လ/၀၁၂)**

မွန်ပြည်နယ် အစိုးရအဖွဲ့ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

မော်လမြိုင် ဇူလိုင် ၂၆

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် သာသနာ့ဗိမာန်တော်ကြီး၌ မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တတိယအကြိမ် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ဆက်ကပ်လှူဒါန်းခဲ့

အခမ်းအနားကို 'နမောတဿ' သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရွှေပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဥူးပညာဝံသ ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်ကြီးများ ရွတ်ပွားတော်မူအပ်သော မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့်အဖွဲ့သည် ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **(လ/၀၁၂)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က)	Computer & Accessories	- (11) Items
(ခ)	အိတ်ချိန်းစက်ပစ္စည်း	- (12) Items
(ဂ)	Copier & Projector	- (3) Items
(ဃ)	Camera & Voice Recorder	- (5) Items
(င)	စက်ပစ္စည်း	- (3) Items
(စ)	ရုံးသုံးပရိဘောဂ	- (11) Items
(ဆ)	Carpet & Water Cooler	- (2) Items
(ဇ)	Computer & Accessories	- (9) Items
(ဈ)	Emboss Machine နှင့် Pressure Pump	- (2) Items
(ည)	စက်ပစ္စည်း	- (9) Items
(ဋ)	Language Lab Multimedia Unit for 24 Students နှင့် PA System	- (2) Items
(ဌ)	Server & Accessories	- (10) Items
(ဍ)	Fiber Cable & Accessories	- (12) Items
(ဎ)	Transmission ပစ္စည်း	- (17) Items
(ဏ)	Manhole Frame & Cover, Cement နှင့် MS Rod	- (3) Items
(တ)	4" UPVC Pipe	- (615) Nos
(ထ)	Cable နှင့် ဆက်စပ်ပစ္စည်း	- (17) Items
(ဒ)	Computer & Accessories	- (8) Items
(ဓ)	Fax Paper Roll (216mm x 30m)	- (2000) Rolls
(န)	RT & Television	- (2) Items
(ပ)	Laptop Computer & Printer	- (2) Items
(ဖ)	Bandwidth Tester, E1 Tester, ODTR & Spare Parts	- (4) Items

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၃-၈-၂၀၁၃ရက် ၁၃း၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

ဖခင် အမည်မှန် မြစ်ကြီးနားမြို့၊ အထက-၃၊ နဝမတန်း(E)မှ မတင်တင်ညို၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မိုး ဖြစ်ပါသည်။

အလှကုန်ထုတ်လုပ်ရေးဌာနခွဲ ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)၏ ကြီးကြပ်မှုအောက်ရှိ အလှကုန်ထုတ်လုပ်ရေးဌာနခွဲအား ငှားရမ်းရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၂၃-၇-၂၀၁၃ ရက် (အင်္ဂါနေ့)(ရုံးချိန်)
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၃-၈-၂၀၁၃ ရက် (သောကြာနေ့) ညနေ ၄ နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း (ရုံးချုပ်)
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၁၉၅၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၂၉-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၈-၈-၂၀၁၃ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၂၂၁၀၁၃၊ ၀၁-၂၂၂၈၀၄-၈၀၆ (လိုင်းခွဲ-၁၈၀)

မင်းတုန်းအသင်း(ရန်ကုန်)
စုပေါင်းဝါဆိုသင်္ကန်းလှူဒါန်းမည်

မင်းတုန်းအသင်း(ရန်ကုန်)၏ တစ်ဆယ့်နှစ်ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၂၀၁၃ခုနှစ် ဩဂုတ် ၄ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီမှ ၁၂း၀၀နာရီအထိ ဗိုလ်တထောင်ဘုရားအနီး ပတ္တမြားကျောင်းတိုက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မင်းတုန်းသူ မင်းတုန်းသားများအားလုံး အသင်းဝင်ပြီးသူဖြစ်စေ၊ အသင်းမဝင်ရသေးသူများဖြစ်စေ အားလုံးကြွရောက်ချီးမြှင့်ကြပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။ ညှော်ပရိသတ်အား နေ့လယ်စာ မြန်မာထမင်း၊ ဟင်းဖြင့် ညှော်ခံကျွေးမွေးပါမည်။ ဦးအောင်သိန်း ဖုန်း-၀၁-၉၆၉၉၀၃၂၊ ဦးမြသန်း ဖုန်း-၀၁-၅၆၁၆၄၉၊ ဦးစိန်သန်း ဖုန်း-၀၁-၆၅၆၅၇၈၊ ဒေါ်မြင့်မြင့်သန်း ဖုန်း-၀၉-၄၂၁၀၉၂၅၉၁၊ ဒေါက်တာဝင်းသူရ ဖုန်း-၀၉-၅၁၉၇၉၇၁တို့ထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

စောမွန်လှ နဂါးကိုးကောင်ကုသိုလ်ဖြစ်ဆေးပေးခန်းကြီး ပြီးမြောက်အောင်မြင်ရေး
နှိုးဆော်လွှာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်၊ မန္တလေးပြင်ဦးလွင် ကားလမ်းနံဘေးရှိ စောမွန်လှ သစ္စာဓိဋ္ဌာန်အောင် ဆုတောင်းပြည့်မြတဘက် နဂါးကိုးကောင်ဘုရား စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပရဟိတကျောင်းတွင် သီတင်းသုံးနေထိုင်လျက်ရှိသော ဆရာတော်၊ သံဃာတော်၊ ရှင်သာမဏေ၊ သီလရှင်၊ ယောဂီ၊ ကျောင်းသား ကျောင်းသူ ၉၀၀ ကျော်နှင့် ကျောင်းပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အို အများပြည်သူများအတွက် နဂါးကိုးကောင်ဆေးပေးခန်းကြီးကို အလျား ၁၀၈ ပေ၊ အနံပေ ၄၀ အာစီကွန်ကရစ် သုံးထပ်ဆောက်လုပ်လျက်ရှိပါသည်။ ဆေးပေးခန်းကြီးပြီးမြောက်အောင်မြင်ရေးအတွက် အလှူရှင်များ လိုအပ်လျက်ရှိရာ ၁၂ ပေပတ်လည် တစ်ခန်းလျှင် ကျပ်သိန်း ၂၀ နှုန်းဖြင့် မိမိတို့ တတ်နိုင်သလောက်ဖြစ်စေ၊ မိမိတို့စေတနာရှိသလောက်ဖြစ်စေ ဘုရင်အနော်ရထာ မိဘုရားစောမွန်လှ တောင်ပြုန်းကိုယ်တော်ကြီး ကိုယ်တော်လေးပဋ္ဌာန်းဆက် ဆွေတော် မျိုးတော် ကုသိုလ်ရှင်များမှ ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၀၂၅၂၁၇၅၅၊ ၀၉-၄၀၃၇၀၆၈၆၀၊ ၀၉-၄၃၀၇၂၉၁၀

ပရိယတ္တိနယူပဒေသ သိပ္ပမဥ္ဇူစာသင်တိုက် ဝါဆိုသင်္ကန်း ဆက်ကပ် စာအောင်ဆုပေးပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ အမှတ်(၅)ဝိုင်း ပရိယတ္တိနယူပဒေသ သိပ္ပမဥ္ဇူစာသင်တိုက်၌ နာယက၊ စာချစာသင်သားတို့အား ဝါဆိုသင်္ကန်းဆက်ကပ် စာအောင်ဆုပေးပွဲအခမ်းအနားကို ၁၃၇၅ ခု၊ ဝါဆိုလပြည့်ကျော် (၁၃)ရက်၊ (၄.၈.၂၀၁၃) တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်၍ သံသရာ မရှည်လျားစေရန် နိဗ္ဗာန်ဆုပန်ကာ ဝါဆိုသင်္ကန်း အလှူရှင်ဖြစ်ကြစေဖို့ နှိုးဆော်အပ်ပါသည်။
ဆက်သွယ်ရန်ဖုန်း - ၀၉ ၄၂၁၀၁၂၇၀၅၊ ၀၁ ၅၆၉၂၀၄

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၁၅၅၃ ဟွန်ဒါဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဆွေဝင်း ၅/မရန(နိုင်)၁၄၇၃၁၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာမြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၅၆၇၇ Nissan Condor CM 87 KA Truck (4 × 2) RHD ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဇော်မြင့် ၅/မရန(နိုင်)၁၃၆၆၁၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာမြို့)

27-7 (16).pmd 1 7/25/2013, 9:05 AM

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲအတွက် စာမူများဖိတ်ခေါ်ခြင်း

ရန်ကုန် ဇူလိုင် ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေလျက်ရှိသော ဒို့ကျေးရွာဂျာနယ်အတွက် ဝတ္ထုတိုစာမူပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ကျေးလက်အလှသဘာဝများ၊ ကျေးလက်ယဉ်ကျေးမှုဓလေ့များနှင့် ဘဝသရုပ်ဖော်အကြောင်းအရာများကို နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်ပါသည်။ စာမူကို A4 စာမျက်နှာဖြင့် ကွန်ပျူတာ (၄)မျက်နှာသို့မဟုတ် လက်နှိပ်စက်(၅) မျက်နှာသို့မဟုတ် လက်ရေးဖြင့် (၆) မျက်နှာထက်မပိုဘဲ ရေးဖွဲ့နိုင်သည်။

ပြိုင်ပွဲဝင်သူတစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်သာ ပါဝင်ယှဉ်ပြိုင်ရမည်။ စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့် ဖြစ်စေ၊ ရှင်းလင်းပီသသောလက်ရေးဖြင့် ဖြစ်စေ တစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေးသား၍ မူရင်းနှင့်မိတ္တူတစ်စောင် တင်သွင်းရမည်။ ပြိုင်ပွဲဝင်သူသည် ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းချုပ်ဖော်ပြပြီး မိမိကိုယ်တိုင်ရေးသားထားကြောင်းနှင့် ပုံနှိပ်ဖော်ပြခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်များပါရှိရပါမည်။ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုသုံးဆုနှင့် အထူးဆုများ ရွေးချယ်သွားမည်ဖြစ်ပြီး ပထမဆု ငွေကျပ် ၁၀၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၇၅၀၀၀၊ တတိယဆုငွေကျပ် ၅၀၀၀၀၊ အထူးဆုငွေကျပ် ၂၀၀၀၀ စီ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ဆုရရှိသူများစာရင်းကို နေ့စဉ်ထုတ်သတင်းစာများနှင့် ဒို့ကျေးရွာဂျာနယ်တွင် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဝတ္ထုတိုများကို စာတည်းမှူး ဒို့ကျေးရွာဂျာနယ် အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား ပေးပို့ရမည်ဖြစ်သည်။ **(သတင်းစဉ်)**

ကျိုင်းတုံ၌စိတ်ကြွဆေးပြားများ ဖမ်းမိ

ကျိုင်းတုံ ဇူလိုင် ၂၅

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် ဇူလိုင်၂၄ ရက် နံနက် ၄ နာရီခွဲက ကျိုင်းတုံခရိုင် အထူးမူခင်းနှိမ်နင်းရေးအဖွဲ့မှ ဒုရဲအုပ်မျိုးညွှန့်ဦးစီးသုံးဦး၊ ကျိုင်းတုံမူးယစ်အဖွဲ့မှ ဒုရဲအုပ် ဇော်ဇော်ဝင်းတို့နှင့်အတူ ကျိုင်းတုံမြို့ နောင်ဖာရဲကင်းရှေ့တွင် ရှောင်တခင်ရှာဖွေစစ်ဆေးမှုများပြုလုပ်ရာ ကတ်ထိုက်ကျေးရွာမှ ကျိုင်းတုံအတွင်းသို့ ဆိုင်ကယ်ဖြင့် မောင်းနှင်လာသူနှစ်ဦးအား ရပ်တန့်စေရာ ၎င်းတို့ကအရှိန်ဖြင့် မောင်းနှင်ထွက်ပြေးစဉ် နောင်ဖာသစ်သားတံတားပေါ်အရောက် ဆိုင်ကယ်တိမ်းမှောက်သဖြင့် ဆိုင်ကယ်ကို ပစ်ထားပြီး တိမ်းရှောင်သွားခဲ့သည်။

စစ်ဆေး

အဆိုပါ ဆိုင်ကယ်ကို သက်သေများဖြင့် ရှာဖွေစစ်ဆေးခဲ့ရာ ဆိုင်ကယ်၏နောက် ကယ်ရီယာပေါ်တွင် Classic Pooh စာတန်းပါ ခရီးဆောင် ကျောပိုးအိတ်အတွင်းမှ ပလတ်စတစ်အိတ်များဖြင့် ထုပ်ပိုးထားသော WY စာတန်းပါပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၇၀၉၅၀ ကို သိမ်းဆည်းရမိခဲ့သည်။ **(အပေါ်ပုံ)**

သိမ်းဆည်း

အဆိုပါအိတ်အတွင်းမှဆေးပြားများနှင့်အတူ နန်ဆိုင်(၄၆ နှစ်) ပန်ငေါ့ရွာ မိုင်းပေါက်ခရိုင်အမည်ပါ တရုတ်ဘာသာဖြင့် ရေးထားသည့် မှတ်ပုံတင်ကတ်တစ်ကတ်၊ အမည်မသိ လိုင်စင်ဓာတ်ပုံသုံးပုံတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကျိုင်းတုံရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

မြိတ် ဇူလိုင် ၂၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်အောင်က မြိတ်မြို့နယ် သမဝါယမအသင်းများ၏ အမှုဆောင်ဒါရိုက်တာများနှင့် သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၄ရက် နံနက် ၁၀ နာရီက မြိတ်မြို့နယ် သမဝါယမဦးစီးဌာနရုံး၌ကျင်းပရာ သမဝါယမအသင်းများမှ အမှုဆောင်ဒါရိုက်တာ ၁၆ ဦး တက်ရောက်ကြပြီး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မိုးဟိန်း(မြိတ်)**

အရန်သားဖွားသင်တန်း ပေါက်တောမြို့၌ဖွင့်လှစ်

ပေါက်တော ဇူလိုင် ၂၅

ရခိုင်ပြည်နယ် ပေါက်တောမြို့၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်သော အရန်သားဖွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၉ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်တင်ညွှန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်နှင့် အရန်သားဖွားဝန်ထမ်းများ၊ မြို့ပေါ် ငါးရပ်ကွက်ရှိ သင်တန်းသူ ၃၀တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဆရာဝန် ဦးခင်မောင်လွင်က အမှာစကားပြောကြားပြီး သင်တန်းကာလကို ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(၄၄၉)**

စိုက်ပျိုးစရိတ်ရ၍ တောင်သူများ ပျော်ရွှင်နေ

မကွေး ဇူလိုင် ၂၅

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများအတွက် စိုက်ပျိုးစရိတ်ထုတ်ချေးပေးလျက်ရှိရာ မကွေးမြို့နယ်အတွင်းရှိ ယာလုပ်ငန်းလုပ်ကိုင်သူယာရှင်များအတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိသည်။ ယင်းသို့ ထုတ်ချေးပေးရာတွင်ယာလုပ်ငန်းလုပ်ကိုင်နေသူတောင်သူများအတွက် ယခုနှစ်ထုတ်ချေးပေးသောအချိန်သည် စိုက်ပျိုးချိန်ကျော်လွန်သွားသည့်အတွက် စိုက်ချိန်မဟုတ်တော့သော်လည်း ရိတ်သိမ်းစရိတ်ရလို့ အဆင်ပြေကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။ **ခင်မာလာ(မကွေး)**

ဖျော်ရည်၊ ဂျယ်လီ၊ ရေခဲမုန့်၊ ယိုစုံ၊ နိုင်ငံခြားမုန့်ဖုတ်သင်တန်း

အသီးဖျော်ရည်၊ ဂျယ်လီမာ/ပျော့၊ Jelly Candy၊ DeeDo၊ Aloe Vera အချိုရည်၊ ရေခဲမုန့်၊ ပူလဲမစ်ရှိတ်၊ အဓားဆိုင်ဖွင့်နည်း၊ ယိုမျိုးစုံ၊ တော်ဖီ၊ ဝိုင်မျိုးစုံ၊ sauce၊ ကိတ်၊ ပေါင်မုန့်မျိုးစုံ နှင့် မုန့်ဖုတ်နည်းသင်တန်း

1	(29.7.13) မှ (3.8.13)	3	(4.8.13) မှ (9.8.13)
2	(1.8.13) မှ (6.8.13)	4	(7.8.13) မှ (12.8.13)

MASTER စားသောက်ကုန်သင်တန်း
အမှတ်(၁၁၂)၊ ၂၇-လမ်း(လယ်)ရန်ကုန်၊ ဖုန်း 01-251927, 09-49222177

MASTER အရောင်းဆိုင်
အမှတ်(၁၂၄)၊ ၂၇လမ်း (အလယ်ဘလောက်)
01-248014
09-73181875
09-49306938
ကုန်ကြမ်း ပစ္စည်းနှင့်စက်မျိုးစုံ ဝယ်ယူရရှိနိုင်ပါသည်။

VCD ၊ စာအုပ်၊ ရေခဲမုန့်စက်ဝယ်ယူရရှိနိုင်ပါသည်။

မင်္ဂလာ ဆောင်ပွဲ

ခေတ်စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ၃၆ လမ်းနေ
ဦးရွှေသာနှင့် ဒေါ်ခင်မေသိန်းတို့၏သားငယ်
မောင်ကျော်ကျော်စိုး
Master Mariner (F.G)
နှင့်
ရန်ကုန်မြို့၊ ၂၉ လမ်းနေ
ဦးခင်မောင်(အင်ဂျင်နီယာမှူးကြီး-ငြိမ်း)နှင့်
ဒေါ်လှယဉ်(အလယ်တန်းကျောင်းအုပ်-ငြိမ်း)
တို့၏သမီးကြီး
မစောနဝေ
(M.Sc Civil, National University of Singapore)

တို့သည် ၂၁-၇-၂၀၁၃ရက်တွင် နှစ်ဖက်မိဘ ဆွေမျိုးများရှေ့တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်
ကျော်ကျော်စိုး-စောနဝေ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီ ၇ လမ်း၊ အမှတ်(၁/ခ[၂၆၅])ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ လူနေရပ်ကွက်အမှတ်(သမိုင်း)၊ မြေကွက်အမှတ်(၁/ခ[၂၆၅])၊ ဧရိယာ ဝ.ဒသမ ၁၄၇၈ဧကရှိ မြေအမျိုးအစား နှစ် ၆၀ ဂရန်မြေဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးစန်းမြင့် ၁၂/ပဘတ(နိုင်)၀၁၀၂၆၈က အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်လှိုင် LL.B ဒေါ်ခင်မာနွယ် LL.B,D.B.L ဒေါ်ဌေးဌေးဝင်း LL.B,D.I.L
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
အမှတ်(၃/ခ)၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မော်လမြိုင်မြို့နယ်တရားရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၉

ဒေါ်မြညွှန့်(၎င်း၏အခွင့်ရ	**နှင့်**	ဒေါ်သင်
ကိုယ်စားလှယ်ဦးခင်လတ်၊		အမှတ် ၆၊ သစ္စာလမ်း၊
အမှတ် ၄၈၊ ကျိုက်ဖနဲဘုရားလမ်း၊		ဈေးကြိုရပ်၊
ဒိုင်းဝန်ကွင်းရပ်၊ မော်လမြိုင်မြို့။		မော်လမြိုင်မြို့။
တရားလို		**တရားပြိုင်**

မော်လမြိုင်မြို့၊ ဈေးကြိုရပ်၊ သစ္စာလမ်း၊ အမှတ် ၆ နေ တရားပြိုင် ဒေါ်သင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြညွှန့် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးခင်လတ်)က မြေကိုလက်ရှိဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၁ရက် (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇူလိုင် ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ချိုလွင်)
မြို့နယ်တရားသူကြီး
မော်လမြိုင်မြို့နယ်တရားရုံး

ကိတ္တိမသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၃)၊ ရေပူစမ်းလမ်းနေ ဦးမောင်မောင်-(ဒေါ်အေးနန်းကန်)တို့၏သမီး မဝေဝေဦး ၁၃/လရန(နိုင်)၁၃၁၂၈၁သည် မိဘနှင့်မောင်နှမသားချင်းတို့၏ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် တရားဝင်အမွေစားအမွေခံ ကိတ္တိမသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်ပြီး မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူမည်မဟုတ်ပါ။

ဦးမောင်မောင်

မသက်ဆိုင်တော့ပါကြောင်း

ကျွန်တော် မောင်ဖြိုးကျော်ကျော်ဝင်း ၁၂/ဗဟန(နိုင်)၀၇၅၉၂၆နှင့် (ဦးမောင်မောင်မြင့်)-ဒေါ်မူယာဖြူတို့၏သမီး မယုမွန်မြင့် ၁၂/ကမရ(နိုင်)၀၅၆၈၈၈ တို့သည် ၁၆-၇-၂၀၁၃ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး တရားရုံးတွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းနှင့်ပတ်သက်ပြီး ယင်းနေ့မှစ၍ လုံးဝပတ်သက်ဆက်နွယ်မှု မရှိတော့ပါကြောင်း။

မောင်ဖြိုးကျော်ကျော်ဝင်း
၁၂/ဗဟန(နိုင်)၀၇၅၉၂၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆ဒီ[၂]၊ မြေကွက်အမှတ် V.၂၁၁၊ မြေအမျိုးအစား နှစ် ၆၀ ဂရန်၊ မြေကွက်တည်နေရာအမှတ်(၇၅)၊ ဗားဂရာလမ်း၊ အိုးဘိုရပ်ကွက်၊ အလျား ၅၅ပေ×အနံ ၁၅ပေ၊ ခေါင်းရင်းခန်းပထမထပ်နှင့် အလျား ၅၅ပေ×အနံ ၁၅ပေ၊ ခြေရင်းခန်းပထမထပ်၊ နှစ်ခန်းတွဲ၊ ဖုန်း-၅၃၄၇၉၉ အပါအဝင်၊ ဂရန်မြေကွက်နှင့်တကွအကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သော ဒေါ်ခင်ကြည်ကြည် ၁၂/ကမတ(နိုင်)၀၁၈၈၀၆နှင့် သားသမီးများထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် စရန်ပေးစာချုပ်အရ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို တရားဥပဒေတိုင်း အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဘုန်းကြွယ်
၁၂/ကတတ(နိုင်)၀၀၅၆၇၀
အမှတ်(၁၂)၊ Panth House၊ ကိုးလွှာ၊
ရှမ်းကုန်းလမ်း၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၀၃၅၂၀၊ ၀၉-၅၀၁၁၁၅၇

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ကျောက်စိမ်းလမ်း၊
အမှတ်(၃၅)အိမ်၊ မြေနှင့် ပတ်သက်၍

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄၊ မြေကွက်အမှတ် ၃၅၊ ဧရိယာပေ(၄၀×၆၀)ပါမစ်မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ကျောက်စိမ်းလမ်း၊ အမှတ်(၃၅)ဟုခေါ်တွင်သော နေအိမ်ကို ပါမစ်အမည်ပေါက် ကွယ်လွန်သူ ဒေါ်စောရှင် ၁၂/လမတ(နိုင်)၀၀၄၄၈၆၏သမီး ဒေါ်စိုးစိုးမြင့် ၁၂/လမတ(နိုင်)၀၀၄၂၄၃ထံမှ အဆင့်ဆင့်ရောင်းဝယ်ခဲ့ကြရာ လေးဆက်မြောက်အဖြစ် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှလှစိန် HBI-၀၃၉၇၈၃က စာချုပ်စာတမ်းဖြင့် လွှန်ခဲ့သော (၁၂)နှစ်ကျော်ခန့်မှစ၍ လက်ရောက်လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ဖော်ပြပါနေအိမ်ကို ငှားရမ်းထားခဲ့ရာ ယခုအခါ နောက်ဆုံးအိမ်ငှားမိသားစုကို ဖယ်ရှားထွက်ခွာစေပြီး လူအချို့က ကျူးကျော်ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရပါသည်။

အထက်ပါအိမ်မြေနှင့်ပတ်သက်ပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မြို့နယ်တရားရုံးတွင် အပြန်အလှန် အမှုစွဲဆိုထားကြပြီး ဒေါ်လှလှစိန်မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင်လည်း အဆောက်အအုံဆောက်လုပ်ခြင်းကို ကန့်ကွက်တင်ပြ တိုင်ကြားထားကြောင်း သိရှိရပါသည်။

သို့ပါ၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်လှလှစိန်၏ခွင့်ပြုချက်မရဘဲ ဖော်ပြပါအိမ်မြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းအပါအဝင် ရုံးဌာနအသီးသီးတွင် မည်သည့်ကိစ္စအရပ်ရပ်ကိုမျှ မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူတို့၏တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

လွှဲအပ်ညွှန်ကြားသူ	**ဦးထွန်းထွန်းသာ (စဉ်-၉၉၀၅)**
ဒေါ်လှလှစိန်	**ရှေ့နေနှင့်စာချုပ်စာတမ်းဥပဒေအကြံပေး**

အမှတ် ၆၃၅၊ ဓမ္မာရုံလမ်း၊ ၆ဒုံမိုင်၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊
ဖုန်း-၀၉-၇၃၁၂၄၀၇၄၊ ၀၉-၄၂၀၁၄၈၇၂၆

မှုခင်းသတင်းနှင့်ကြော်ငြာ

တောင်ငူမြို့တွင် ဖုန်းဆိုင်ဖောက်ထွင်းသူ ဖမ်းဆီးရမိ

တောင်ငူ ဇူလိုင် ၂၆

တောင်ငူမြို့တွင် ဇူလိုင်လအတွင်း Mobile ဖုန်းအရောင်းဆိုင် ဖောက်ထွင်းခံရမှု နှစ်မှုဖြစ်ပွားခဲ့ရာ ဇူလိုင် ၂၁ ရက် ညနေ ၄ နာရီခန့်က Mobile ဖုန်း အရောင်းဆိုင် ဖောက်ထွင်းသူကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်ငူမြို့ (၁၅)ရပ်ကွက် ဗိုလ်မျူးဖိုးကွန်းလမ်းတွင် ဖွင့်လှစ်ထားသော ဖုန်းဆိုင် Handset ရောင်းဝယ်ရေးဆိုင်တွင် ဇူလိုင် ၁၂ ရက်က ဖောက်ထွင်းမှုဖြစ်ပွားပြီး Handset ၁၅ လုံး ကာလတန်ဖိုး ငွေကျပ် သိန်း ၂၀ ဝန်းကျင်ခန့် ပျောက်ဆုံးခဲ့သည်။

အဆိုပါဖြစ်စဉ်များကို စုံစမ်းစစ်ဆေးနေသော တောင်ငူမြို့ အမှတ်(၂)ရဲစခန်းမှ ဒုရဲအုပ်လှစိန်နှင့် အဖွဲ့သည် ပျောက်ဆုံးနေသည့် ဖုန်းအမျိုးအစား Model နံပါတ်နှင့် ဖုန်း Imeinumber အမှတ်အသားများကို တောင်ငူမြို့တွင်ရှိသည့် Mobile ဖုန်း အရောင်းဆိုင်များသို့ ဖြန့်ဝေပေးခဲ့သည်။

ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် မသင်္ကာဖွယ်လူတစ်ဦး ပျောက်ဆုံးနေသည့် ဖုန်းအမျိုးအစားတူ ဘက်ထရီများကို လိုက်လံဝယ်နေသည်ကို စုံစမ်းသိရ၍ လာရောက်ဝယ်သူ၏ ပုံသဏ္ဌာန်ကို ဆိုင်အတွင်းရှိ CCTV မှ ပုံရိပ်များနှင့် တိုက်ဆိုင်ကြည့်ရှုစစ်ဆေးကြည့်ရာ တောင်ငူမြို့ (၁၈)ရပ်ကွက် မင်းကြီးညိုလမ်းရှိ နေအိမ်တွင် ငှားရမ်းနေထိုင်သူ နေလင်းအောင်(၂၇နှစ်) ဖြစ်ကြောင်း သိရသည်။

၎င်းနေအိမ်သို့ သွားရောက်စစ်ဆေးရာ နေအိမ်အပေါ်ထပ်ရှိ ကျောပိုးအိတ်အတွင်း ပျောက်ဆုံးနေသော ဖုန်းငါးလုံး(ဘက်ထရီမပါ)၊ နားကျပ်ကိုးခု၊ အားသွင်းစက်လေးခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ အဆိုပါ ဖောက်ထွင်းမှုကို တောင်ငူမြို့ အမှတ်(၂)ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သူရ(တောင်ငူ)

ကသာမြို့နယ် ပြည်သာယာကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

ကသာ ဇူလိုင် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ပြည်သာယာကျေးရွာတွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၄ ရက် နံနက် ၃ နာရီ ၄၅ မိနစ်က ပြည်သာယာရွာနေ ကျော်လင်းထိုက်၏ နေအိမ်အပေါ်ထပ်အခန်း၌ အိပ်သော ယောက်ဖတော်စပ်သူ ဦးမြင့်ဝင်း အရက်အလွန်အကျွံ သောက်ပြီး ဆေးလိပ်သောက်ရာမှ စောင်၊ ခြင်ထောင်၊ အိပ်ရာမှတစ်ဆင့် ပေါ့ဆမီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးလောင်စဉ် ကျန်းမာရေးမကောင်းသူ ဦးမြင့်ဝင်းမှာလည်း မရှောင်တိမ်းနိုင်သောကြောင့် မီးလောင်ဒဏ်ရာရရှိပြီး သေဆုံးသွားခဲ့သဖြင့် အိမ်ရှင် ကျော်လင်းထိုက်အပေါ် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

လူအောင်(ကသာ)

ကျောင်းအုပ်ဆရာမကြီးတစ်ဦး ချော်လဲ၍သေဆုံး

ဒလ ဇူလိုင် ၂၆

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် စက်မြေရပ်ကွက် ဆရာစံလမ်းရှိ အမှတ်(၁၄)အခြေခံပညာမူလတန်းကျောင်း၌ ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီခန့်က ကျောင်းအုပ်ဆရာမကြီးတစ်ဦး ချော်လဲ၍ သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါကျောင်း၏ မူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းမြိုင် (၄၉နှစ်)သည် ကျောင်းရှေ့ရှိ အုတ်ရေကန်သို့ ရေခပ်သွားစဉ် ချော်လဲသဖြင့် ရေစပ်တွင် ကျောင်းဝတ်စုံဝတ်ထားပြီး မှောက်လျက်အနေအထားဖြင့် သေဆုံးနေပြီး နဖူးတွင် ချော်လဲဒဏ်ရာတစ်ချက်တွေ့ရှိသည်။

ထိုနေ့ နံနက် ၉ နာရီကျော်တွင် ဒလမြို့မရဲစခန်းက အဆိုပါအလောင်းကို ကားဖြင့်တင်၍ ဒလဆေးရုံသို့ တင်ပို့ထားကြောင်း သိရသည်။

"ဆရာမကြီးက အလုပ်ကြိုးစားတယ်၊ သဘောထားကောင်းတယ်၊ ရန်ကုန် လှိုင်မြို့နယ်မှာနေပြီး ကျောင်းဖွင့်ရက်တွေမှာ ဒီကျောင်းမှာပဲနေထိုင်ပြီး ကျောင်းတက်ခဲ့တယ်။ ဆရာမကြီးမှာ သွေးတိုး၊ ဆီးချို၊ သွေးချိုရှိတယ်"ဟု ယင်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ကျင်းဒွန့်ကျိန်က ပြောပြခဲ့သည်။ ထိုသေဆုံးမှုနှင့်ပတ်သက်၍ ဒလဆေးရုံကြီးက PR အမှတ်(၂၂) လက်ခံပြီး ဒလမြို့မ ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

သန်းဌေး(ဒလ)

အိန္ဒိယနှင့် မြန်မာနယ်စပ်တွင် လက်နက်များ သိမ်းဆည်းရမိ

တမူး ဇူလိုင် ၂၆

အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ်နှင့် မြန်မာနယ်စပ် မိုရေးမြို့အနီးတွင် ဇူလိုင် ၁၉ ရက်က အေကေ ၄၇ ရိုင်ဖယ်နှစ်လက်၊ လက်ပစ်ဗုံးငါးလုံး တင်ဆောင်လာသည့် ဂျစ်ကားတစ်စီးနှင့်အတူ မဏိပူရ်ပြည်သား ငါးဦးကို မဏိပူရ်ရဲက ဖမ်းဆီးလိုက်ကြောင်း သိရသည်။

အိန္ဒိယသတင်းနှင့်ပြန်ကြားရေးဗျူရိုက အိန္ဒိယနိုင်ငံသတင်းစာများ၏ ရေးသားမှုများတွင်" မြန်မာ့မြေပေါ်ရှိ အိန္ဒိယလက်နက်ကိုင်သူပုန်များ အခြေချလှုပ်ရှားနေမှုအပေါ် စိုးရိမ်မှုများမြင့်မားနေကြောင်း၊ အိန္ဒိယနှင့်မြန်မာနိုင်ငံတို့သည် လက်နက်ကိုင်အုပ်စုများ၏နယ်စပ်ဖြတ်ကျော်စစ်ရေးလှုပ်ရှားမှု၊ လက်နက်သိမ်းဆည်းရရှိမှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ လက်နက်ရောင်းဝယ်မှုကိစ္စရပ်များတွင် ကာကွယ်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရန် နှစ်နိုင်ငံသဘောတူညီထားကြသည်"ဟု ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

ချင်းတွင်းသား

အမွေဆက်ခံရန်သက်သေခံလက်မှတ်စာရစေခြင်းငှာ လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌

၂၀၁၃ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၂၂

ကွယ်လွန်သူ ဦးအောင်မြင့်သောင်း၌ ကျန်ရစ်သောပစ္စည်းအကြောင်း

ဒေါ်ခင်ခင်လှ **လျှောက်ထားသူ**

အမှတ် ၄၊ ပဏ္ဍိတာရာမကျောင်းလမ်း၊

၁၃ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၃ရပ်ကွက်၊ ပဏ္ဍိတာရာမကျောင်းလမ်း၊ အမှတ် ၄ နေ ဒေါ်ခင်ခင်လှက ကွယ်လွန်သူဦးအောင်မြင့်သောင်း၏ဇနီးဖြစ်သည်ဟူ၍ အထက်ပါလိပ်စာတွင်နေ ကွယ်လွန်သူ ဦးအောင်မြင့်သောင်းမှာ ကျန်ရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံးသို့ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုဆိုခဲ့သောလျှောက်ထားကြောင်းကို အများသူငှာတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးအောင်မြင့်သောင်းတွင် ကျန်ရှိရစ်သောပစ္စည်းများအပေါ်၌ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ခုနှစ် ဩဂုတ် ၇ရက် (ဝါခေါင်လဆန်း ၁ရက်) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်ခင်ခင်လှ၏ လျှောက်ထားချက်ကိုနာကြား၍ အမွေဆက်ခံခွင့် လက်မှတ်စာရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဇူလိုင် ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ယဉ်ယဉ်ဟန်)

ဒုတိယခရိုင်တရားသူကြီး(၇)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ကြည်စိုး I.C

အိမ်ဘုရင်

အကျိုးဆောင်သင်တန်း + ၀၉-၃၁-၃၆၀-၆၆၀

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

- JUNCTION 8 CONDO (TOWER A)
- ၁၂၅၀ စတုရန်းပေ၊ 1 MBR, 2 BR, 4AC
- PAB x PH, WIFI, ဂြိုဟ်တုစလောင်း
- BASEMENT 1 နှင့် 2 ကားပါကင်နှစ်ထပ်ပါရှိ
- ၂၄ နာရီ မီး၊ရေ၊ LIFT ၊ လုံခြုံရေး
- အဆင့်မြင့်ပြင်ဆင်ထားသည်။

ဆက်သွယ်ရန်-

ဖုန်း-၀၉-၅၀၁၈၇၄၁၊ ၆၆၃၆၂၇

မြေညီထပ်ရောင်းမည်(သို့)ငှားမည်

၁၅ပေ×၅၅ပေ မြေညီထပ်

ဗိုလ်ချုပ်လမ်းမထောင့်ခန်း

မျက်နှာစာနှစ်ဖက်ဖွင့်

ဆိုင်ခန်း၊ ရုံးခန်းဖွင့်ရန်ကောင်း

ဖုန်း-၀၉-၅၀၃၃၆၅၆

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ကြည်စု၊ မြေကွက်အမှတ် ၁၅၅၊ မြေကွက်တည်နေရာအမှတ် ၁၅၅၊ ရတနာသိဒ္ဓိလမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးအေးဖေ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအေးဖေ (ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ပု ၁၂/ဒပန(နိုင်)၀၁၃၃၉၆က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၀)၊ မြေကွက်အမှတ် (၆၄၈)အမည်ပေါက် ဒေါ်သင်းသင်းယု (၁၂/မရက (နိုင်) ၁၀၅၈၂၆) သည် မြေချပါမစ်ပြုလုပ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/ယမုံနာ(၂)၊ မြေကွက်အမှတ်(က-၁၈၀)၊ မြေကွက်တည်နေရာအမှတ်(၁၈၀)၊ ၂ လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးရွှေသန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးရွှေသန်း (ဖခင်)နှင့်ဒေါ်အေးကြင်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော (၁) ဦးစိုးဝင်း ၁၂/ဒပန(နိုင်)၀၁၈၂၇၀၊ (၂) ဦးငွေသိန်း ၁၂/ဒပန(နိုင်)၀၄၆၅၁၀၊ (၃) ဒေါ်လှလှဝင်း ၁၂/သကတ(နိုင်)၀၇၉၄၈၀၊ (၄) ဒေါ်စန်းစန်းဝင်း ၁၂/ဒပန(နိုင်)၀၀၇၈၃၈၊ (၅) ဒေါ်တင်တင်ဝင်း ၁၂/ဒပန(နိုင်)၀၁၇၀၅၁တို့မှ သေစာရင်းနှင့်ကျမ်းကျိန်လွှာများတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ရန်ကြော်ငြာချက်

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၂)ရပ်ကွက်၊ ရာအိမ်စု၊ နယ်မြေ(၁)၊ အကွက်ကြီး(၄၅)၊ ဦးပိုင်အမှတ်(၁၀၃၊၁၀၄၊ ၁၀၅)တွင် နေထိုင်သူ ဒေါ်ကော်ဟောက်ဟွမ် ၁၃/တကန(နိုင်)၁၂၅၂၅၃၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၊ အကွက်အမှတ်(၄၅)၊ အကွက်အမည် (၄က်ပျောတော)၊ ဦးပိုင်အမှတ်(၁၀၅)၊ ဧရိယာ ၀ဒသမ ၁၁၉ဧကရှိမြေကွက်ကို ဂရန် အမှုအတွဲအမှတ်(၁၀၈၀/၁၉၉၃)ဖြင့် ဒေါ်တင်တင်မာအမည်ပေါက်မြေကွက်ကို ယင်းမြေကွက်နှင့်ပတ်သက်၍ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈/၂၀၀၂)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဒေါ်မေရီညွှန့်ထံမှ ကျွန်ုပ်အမှုသည် ဒေါ်ကော်ဟောက်ဟွမ်က ၈-၉-၂၀၀၄ရက်က ဝယ်ယူလက်ရောက်ရရှိပြီး လက်ရှိနေထိုင်လျက်ရှိပါသည်။ ဒေါ်တင်တင်မာသော်လည်းကောင်း ယင်း၏ကိုယ်စားလှယ်စာရရှိသူ ဒေါ်မေရီညွှန့်သည်လည်းကောင်း ပြောင်းရွှေ့သွားပြီးနောက် စုံစမ်းမရသဖြင့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရခြင်းမရှိသေးပါ။ ထို့ကြောင့် အဆိုပါဥပစာနှင့်ပတ်သက်၍ တရားဝင်စာရွက်စာတမ်းများဖြင့် ကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပြီးပါက မှတ်ပုံတင်စာချုပ်ကိစ္စအတွက် သက်ဆိုင်ရာရုံးတွင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးအောင် LL.B

စဉ်-၈၄၃၃/၂၀၁၂

တရားလွှတ်တော်ရှေ့နေ

အမှတ်(၁၈၈/ခ)၊ ရေထွက်ဦးလမ်း၊ ကန်ရှေ့ရပ်၊ တောင်ကြီးမြို့

ကန့်ကွက်နိုင်ရန်ကြော်ငြာချက်

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၂)ရပ်ကွက်၊ ရာအိမ်စု၊ နယ်မြေ(၁)၊ အကွက်ကြီး ၄၅၊ ဦးပိုင်အမှတ်(၁၀၃၊ ၁၀၄၊ ၁၀၅)တွင်နေထိုင်သူ ဒေါ်ကော်ဟောက်ဟွမ် ၁၃/တကန(နိုင်)၁၂၅၂၅၃၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၊ အကွက်အမှတ် ၄၅၊ အကွက်အမည် (၄က်ပျောတော)၊ ဦးပိုင်အမှတ် ၁၀၃၊ ဧရိယာ ၀ဒသမ ၁၀၉ဧကရှိမြေကွက်ကို ဂရန်အမှုတွဲအမှတ် ၁၀၇၈/၁၉၉၃ ဖြင့် ဒေါ်တင်တင်ဝေ အမည်ပေါက်မြေကွက်ကို ကျွန်ုပ်အမှုသည် ဒေါ်ကော်ဟောက်ဟွမ်က ၂၉-၁၁-၂၀၀၄ရက်က ဝယ်ယူလက်ရောက်ရရှိပြီး လက်ရှိနေထိုင်လျက်ရှိပါသည်။ ဒေါ်တင်တင်ဝေမှာ ပြောင်းရွှေ့သွားပြီးနောက် စုံစမ်းမရသဖြင့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရခြင်းမရှိသေးပါ။ ထို့ကြောင့် အဆိုပါဥပစာနှင့်ပတ်သက်၍ တရားဝင်စာရွက်စာတမ်းများဖြင့် ကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပြီးပါက မှတ်ပုံတင်စာချုပ်ကိစ္စအတွက် သက်ဆိုင်ရာရုံးတွင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးအောင် LL.B

(စဉ်-၈၄၃၃/၂၀၁၂)

တရားလွှတ်တော်ရှေ့နေ

အမှတ် ၁၈၈/ခ၊ ရေထွက်ဦးလမ်း၊

ကန်ရှေ့ရပ်၊ တောင်ကြီးမြို့

မိခင်အမည်မှန်ကြေညာခြင်း

ဇန်းမော်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(ဘီ)၌ ပညာသင်ကြားနေသော မနွေဦးစံ၏ မိခင်အမည်မှန်မှာ ဒေါ်ခင်စန်းအေး ၁/ဗမန(နိုင်)၀၅၄၂၆၀ ဖြစ်ပါသည်။

ဒေါ်ခင်စန်းအေး

အမည်ပြောင်းလဲခေါ်ပါရန်

ဦးမောင်မောင်စိုး၏သား မော်လမြိုင်မြို့ အထက(၉) သူငယ်တန်း(ဃ)မှ မောင်မြင့်မြတ်မောင်အား မောင်ညီညီဟိန်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အင်းဝလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၄စီ/၂၊ လူနေရပ်ကွက်အမှတ်(အက်စ်-၇၁)၊ မြေကွက်အမှတ် V ၁၄၂၊ ဧရိယာ ၀ဒသမ ၀၄၁၈ဧက၊ နှစ် ၉၀ ဂရန်မြေကွက်ဟုခေါ်တွင်သော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ခင်အေးမြင့် ၁၂/တမန(နိုင်)၀၇၈၂၂၈မှ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ၎င်းမှပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်လှိုင်(LL.B) ဒေါ်ခင်မာနွယ်(LL.B, D.B.L) ဒေါ်ဌေးဌေးဝင်း(LL.B, D.I.L)

တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ

အမှတ်(၃/ခ)၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၇၄

ဒေါ်ခင်သန်းဝင်း (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးစိုးစိုး) အမှတ်၄၆၊ အောင်မေတ္တာလမ်းနှင့် ဗဟိုလမ်းထောင့်၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။	**နှင့်**	ဒေါ်ကြီးကြီး (ယခင်)အမှတ် ၄၆၊ အောင်မေတ္တာလမ်းနှင့် ဗဟိုလမ်းထောင့်၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
တရားလို		**တရားပြိုင်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်မေတ္တာလမ်းနှင့် ဗဟိုလမ်းထောင့်၊ အမှတ် ၄၆နေ ဒေါ်ကြီးကြီး (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားဥပဒေအရပိုင်ဆိုင်သူဖြစ်လာကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၉ရက် (၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၃ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇူလိုင် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝီလ်မာထွန်းခင်)

ဒုတိယခရိုင်တရားသူကြီး(၃)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ ပညာပေးဟောပြောပွဲ တောင်ဥက္ကလာပ၌ကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

၂၀၁၄ခုနှစ် မတ် ၃၀ရက်မှ ဧပြီ ၁၀ရက်အထိ နိုင်ငံတစ်ဝန်းတွင်ပြုလုပ်သွားမည့် လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည် သဘောပေါက်လာစေရန် ရည်ရွယ်ချက်ဖြင့် အသိပညာပေး ဟောပြောပွဲတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၀)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူတို့ ပူးပေါင်းပြီး ဇူလိုင် ၁၉ရက် မွန်းလွဲ ၁နာရီခန့်က ကျင်းပသည်။ **(အပေါ်ပုံ)**

ဟောပြောပွဲအခမ်းအနားတွင် တောင်ဥက္ကလာပမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်စီနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က နိုင်ငံလုံးကျွတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းနှင့် ပတ်သက်သည့်ပြည်သူများသိသင့်သိထိုက်သော အချက်အလက်များ၊ အကျိုးကျေးဇူးများနှင့် ဗဟုသုတဖြစ်ဖွယ်ရာများကို အသီးသီးရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ တောင်ဥက္ကလာပ အမှတ်(၁၂)ရပ်ကွက်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင်လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ ပညာပေး ဟောပြောပွဲကိုကျင်းပရာ အဆိုပါရပ်ကွက်မှ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြပြီး သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ကလောင်မွန်)

မိုးနည်းသော်လည်း နှမ်းစိုက်တောင်သူများ အထွက်နှုန်းတက် နှမ်းဆီဈေးကောင်းရနေ

လင်းခေး ဇူလိုင် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်၌ တန်ခူးလကရွာခဲ့သည့် မိုးအပြင် ယခုမိုးရာသီတွင် မိုးရေရရှိမှု နည်းပါးသော်လည်း မိုးစပါးများ မစိုက်ပျိုးခင် နှစ်သီးစားအဖြစ် စိုက်ပျိုးခဲ့ကြရာ ရိတ်သိမ်းခြွေလှေ့ ရယူနေကြသည်ကို တွေ့ရသည်။

"ကျွန်တော်တို့ ဒီဒေသအနေနဲ့ နှစ်စဉ်နှစ်တိုင်း မိုးစပါးစိုက်ချိန်ကို မရောက်သေးခင် လယ်မြေတွေမှာ မြန်မြန်ရိတ်သိမ်းစားသုံးနိုင်တဲ့ မိုးနှမ်းကိုစိုက်ပျိုးလေ့ရှိပါတယ်၊ နှမ်းမျိုးများ နှမ်းသေး၊ နှမ်းလတ်နဲ့ နှမ်းကြီးလို့ခေါ်တဲ့ရက်၁၀၀၊၁၂၀ခန့်မှ ရိတ်သိမ်းလို့ရတဲ့ နှမ်းမည်းတွေကိုလည်း စိုက်ပျိုးကြပါတယ်၊ လယ်ထဲမှာတော့ စပါးစိုက်ရာသီနဲ့ အကိုက်ရိတ်သိမ်းရတဲ့ ၇၅ ရက် နှမ်းလျှင် (အနီ)ကို ထည့်သွင်း စိုက်ပျိုးခဲ့ကြပါတယ်။

"အခု ဒီနေရာမှာ လယ်ထွန်ယက်ပြီး စပါးပြန်စိုက်ရတော့မယ့် အချိန်ကိုရောက်လာပြီဖြစ်လို့ နှမ်းကိုရိတ်သိမ်းနေကြတာ ဖြစ်ပါတယ်၊ နှမ်းလတ်ရက်၉၀နဲ့ရက်၁၀၀ကျော်တဲ့ နှမ်းကြီးမျိုးတွေကတော့ လယ်ထဲမှာ မစိုက်ပျိုးကြပါဘူး၊ တောင်ယာခြံတွေမှာပဲ အများဆုံး စိုက်ပျိုးလေ့ရှိကြပါတယ်"ဟုလင်းခေးမြို့နယ်ပင်ထနောင်းကျေးရွာ လယ်ကွက်(ပင်ကုန်း)မှ တောင်သူ ဦးစိုင်းအောင်မြင့်က ပြောပြသည်။

ဟိုနားကျေးရွာမှ မိုးနှမ်း ၇၅ရက် စိုက်ပျိုးသူ တောင်သူဦးစိုင်းပန္တိကလည်း "ဒီနှစ်မိုးနှမ်းစိုက်ရာသီမှာ မိုးရေသိပ်ပြီး လိုသလိုမရရှိပေမယ့် အခုရိတ်သိမ်းတဲ့နှမ်းကတော့ အပင်လည်းကောင်းတယ်၊ အသီးလည်းများပြီး ရိတ်သိမ်းကြည့်တော့ ယခင် နှစ်ထက်မလျော့ဘဲ တစ်ဧကမှာ နှမ်း အနည်းဆုံး ၇၅တင်းနဲ့ တင်း၈၀ရပါတယ်၊ နှမ်းဆီကြိတ်တဲ့အခါ ပုံးငယ် ၁၀ပုံးထွက်ပြီး သိပ်မအောင်ရင်တောင် ခြောက်ပုံး ခုနစ်ပုံးတော့ထွက်တာကြောင့် ဝင်ငွေကောင်းကောင်းရနိုင်ပါတယ်၊ လက်ရှိလင်းခေးမှာ နှမ်းဆီဈေး ပုံးငယ် ၁၀ ပိဿာ တစ်ပုံးကို ငွေကျပ် ၄၅၀၀၀ပေါက် နေတဲ့အတွက် ယခုနှစ်မှာ မိုးပုံမှန် ရွာသွန်းခြင်းမရှိခဲ့ပေမယ့် နှစ်သီးစား လယ်မြေများ နှမ်းလျှင် ၇၅ရက်ကို စိုက်ပျိုးခဲ့လို့အရင်နှစ်ကလိုပဲ နှမ်းအထွက်နှုန်းကောင်း၊ နှမ်းဆီ ဈေးကောင်းကောင်းနဲ့ ဝင်ငွေကောင်းရရှိနိုင်ပါတယ်"ဟု ပြောကြားသည်။

စိုင်းဇော်လတ်(လင်းခေး)

နို့တိုက်ကျွေးရေး ကျောင်းကုန်းမြို့၌ ကျင်းပ

ကျောင်းကုန်း ဇူလိုင် ၂၆

၂၀၁၃-၂၀၁၄ပညာသင်နှစ် အခြေခံပညာမူလတန်းကျောင်းများတွင် နို့တိုက်ကျွေးရေး အစီအစဉ် (School Milk Programme)အရ ကျောင်းကုန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အိုးဘိုကျေးရွာအုပ်စု စစ်ကိုင်းဒေါင့်အခြေခံပညာမူလတန်းကျောင်းတွင် ဇူလိုင် ၁၅ရက်နံနက် ၁၀နာရီက ကျင်းပရာ ကျောင်းသား ကျောင်းသူ ၁၂၈ဦးအား နို့တိုက်ကျွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ဝိုင်းမော်၌ ကျင်းပ

ဝိုင်းမော် ဇူလိုင် ၂၆

ဝိုင်းမော်မြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ၂၀၁၃ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၅ ရက်နံနက်က အခြေခံပညာအထက်တန်း ကျောင်းဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ကျော်ဝင်း၊ ဌာနဆိုင်ရာနှင့် လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့နယ်သစ်တောဦးစီးဌာန ခေတ္တဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျွန်း၊ ယင်းမာစသည့် ပျိုးပင် ၂၇၆ပင်ကို သတ်မှတ်နေရာများ၌ စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(ဝင်းအောင်)

ဒဂုံမြို့သစ်
အရှေ့ပိုင်း
တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များအထူး
ဈေးကောင်းပေးဝယ်သည်
09-421050055
09-420085500

အမြန်အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)
Marketing Executive Officer 2 Post

ဈေးကွက်နှင့် ပတ်သတ်၍ နားလည်ကျွမ်းကျင်မှုရှိသူ **Marketing Plan** ရေးဆွဲနိုင်ပြီး သတ်မှတ် **Target** များ ပြည့်မီအောင် တိတိကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။ မိမိတာဝန်ယူသော **Team** အား နိုင်နင်းစွာ အုပ်ချုပ်နိုင်ရမည်။ ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာ သွားလာနိုင်ပြီး အိမ်ထောင်မရှိသူ ဖြစ်ရမည်။

■ လျှောက်ထားလိုသူသည် CV Form ၊ တစ်လအတွင်းရိုက်ထားသော ဓာတ်ပုံ (၃)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာနှင့် ရဲစခန်းထောက်ခံစာ မူရင်းများကိုယူဆောင်လာပြီး လူကိုယ်တိုင် အမြန်ဆုံးလျှောက်ထားနိုင်သည်။

(တိုက်(၂-B)၊ ၃-လွှာ၊ အနော်ရထာအိမ်ရာ၊ လှည်းတန်းလမ်းဆုံ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့)

ဓမ္မစာပေများအပါအဝင်
စိတ်ကူးချိုချိုစာအုပ်တိုက် ၁၄နှစ်ပြည့်အမှတ်တရ
ဈေးလျှော့နှုန်း စာအုပ်ရောင်းပွဲ
တစ်ဦးချင်း ၂၀% ကိုယ်စားလှယ် ၃၀%

၂၉.၇.၂၀၁၃ (တနင်္လာနေ့)မှ ၁၀.၈.၂၀၁၃ (စနေနေ့ထိ)၊ နံနက် ၉ နာရီမှ ညနေ ၅း၃၀နာရီထိ။ **အဏ္ဏဝါဓမ္မာရုံ၊** ကြားတောရလမ်း၊ ဗဟန်း။
(ဗဟန်း ၃ လမ်းမှတ်တိုင်မှ ဘုရားဘက်ဝင်ရန်)

အာဒိကပ္ပကမ္ဘာဦးကျမ်း၊ ရာဇသေဝကဒီပနီကျမ်း၊ အာတပ္ပန ယတြာပေါင်းချုပ်ကျမ်းရင်းကြီး၊ အာဠာဝကသခင်ဖိုးလှကြီး၏သပိတ်စစ်ပွဲ၊ သခင်ချစ်မောင် (မြန်အောင်)၏နိုင်ငံရေးသံသရာ၊ မင်းကျော်၏ငါတို့ခေတ်နှင့်အပြိုင်၊ သော်တာဆွေ၏ပေါ်အူးဝတ္ထုများ၊ ခင်နှင်းယု၏ထိပ်စုဖုရားမဗျိုင်း၊ တင်မိုး၏ကဗျာပေါင်းချုပ်၊ ဆင်ဖြူကျွန်းအောင်သိန်း၏ထပ်မံဖြည့်စွက်ထားသော ကိုဆေးရိုးဝတ္ထုများ၊ အောင်ဝေး၏အရေးတော်ပုံရင်ခုန်သူများ၊နေဇင်လတ်၏အင်စတီကျူးရှင်းများအားကောင်းသည်ဆိုရာတွင်၊ ဦးလှမင်း၏လူတိုင်းအတွက် ခေါင်းဆောင်မှုပညာ၊ ဇော်ဇော်အောင်၏ပန်းချီဝါကျများ၊ ခင်မောင်ညို(ဘောဂဗေဒ)၏ဘုရားတနေ့တဲ့ဘောဂဗေဒသမား

အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ တန်အစွမ်(ခ)ဒေါ်ခင်ခင် ၁၂/လသန(နိုင်)၀၀၀၆၅၀ မှ လင်ဖိတ်ငေါ်(ခ) ဒေါ်မြင့်မြင့်နိုင် ၁၂/လသန(ပြု)၀၀၀၅၃၉ ထံသို့ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁၂-၁၂-၂၀၁၁ ရက်၌ လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၂၉၆၁/၂၀၁၁ အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

တန်အစွမ်(ခ)ဒေါ်ခင်ခင်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နီလာခင်	**ဒေါ်ထက်ထက်ပိုင်**	**ဒေါ်နိုင်ငြိမ်းဆွေ**	**ဒေါ်မေဝင်းမော်**
LL.B,D.B.L	**LL.B**	**LL.B**	**LL.B**
(စဥ်-၂၄၃၀၃)	**(စဥ်-၂၈၆၇၀)**	**(စဥ်-၃၁၄၇၅)**	**(စဥ်-၃၃၂၃၂)**

အထက်တန်းရှေ့နေများ
အမှတ် ၅၀၊ အခန်းအေ-၅၊ (၃)ထပ် ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၉-၇၃၀၄၉၅၅၁၊ ၀၉-၇၃၁၁၃၉၁၇

ဘွဲ့ယူဖို့၊ မင်္ဂလာဆောင်ဖို့၊ ကန်တော့ဖို့ဆို
ရွှေပိုးနန်းတော်
အဆင့်မြင့်ပိုးထည်၊ ချည်ထည်ဆိုင်
ဆိုင်ဖွင့်ပွဲ (၁)နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့်
ဩဂုတ်လကုန်အထိ အထူး Promotion
ကျပ်(၅၀၀၀၀)ဖိုးနှင့်အထက် ဝယ်ယူသူတိုင်းအတွက် ၁၃၀၀၀ကျပ်တန် ချည်ပေါင်းသားဝမ်းဆက်လက်ဆောင်
ကျပ်(၁၀၀၀၀၀)ဖိုးနှင့်အထက် ဝယ်ယူသူတိုင်းအတွက် ၂၉၀၀၀ကျပ်တန် ချည်ဖွန်ဝမ်းဆက်လက်ဆောင်
ရွှေပိုးနန်းတော် ပိုးထည်၊ ချည်ထည်ဆိုင်မှ ပစ္စည်းများအားလုံး အရည်အသွေး စစ်မှန်ကြောင်း အာမခံပါသည်။
ဆိုင်အမှတ် (၁)။ ။ အမှတ်(၈)စီ၊ မိုးကောင်းလမ်းသွယ်၊ မိုးကောင်းလမ်းမကြီး၊ မှတ်တမ်းရုံးရှေ့ ရွှေကောင်းပော့ပေါ့နောက်ကျော၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၄၂၁၁၀၅၅၆၃
ဆိုင်အမှတ်(၂)။ ။ အမှတ်(၁၁၅)၊ ရွှေတောင်တန်းလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၀၉၇၃၁၂၆၂၈၁၊

အမှတ် ၅၅၊ ဥယျာဉ်လမ်း၊ မကျည်းတန်းမြောက်အရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍
ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာဖြစ်သည့် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၆အေ၁၊ မြေကွက်အမှတ် V ၁၃၈၊ ဧရိယာ ၀ ဒသမ ၀၂၉၈ဧကအကျယ်ရှိ ဒေါ်စိန်တင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအမျိုးအစားမြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်အမည်ပေါက်လက်ရှိပိုင်ဆိုင်သူ ဒေါ်စိန်တင် ၁၂/ကမတ(နိုင်)၀၃၆၀၀၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့်ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ) စဥ်-၆၇၀၂
အမှတ် ၅၆၁၊ M.A.C Tower၊ အခန်း ၃၀၂၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ နဝဒေးအိမ်ရာ၊ အမှတ် ၂/၁၇၊ ဧရိယာ ၁၆ပေ×ပေ၇၀ရှိ နှစ်ထပ်လူနေဆိုင်ခန်းကို ဝယ်ယူပိုင်ဆိုင်သူ ဦးစောလှမင်း ၇/တငန(နိုင်)၀၀၀၁၄၆ မှ ၄င်းရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုသည်ကို ယုံကြည်၍ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အထက်ပါဆိုင်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန္တာစိုး LL.B (၂၀၉၅၈) အထက်တန်းရှေ့နေ
အခန်း ၃/၄၆၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၉၂၅၂၈၇၉

ဖခင်အမည်မှန်

ပေါက်ခေါင်းမြို့၊ အထက အိုးဘိုကုန်း တက္ကသိုလ်ဝင်တန်း(က)တွင် ပညာသင်ကြားနေသော မောင်ဖြိုးဇော်ထက်၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်း ၇/ပခတ(နိုင်) ၀၄၄၁၈၂ ဖြစ်ပါကြောင်း။ **ဦးသန်းထွန်း**

တစ်ဦးတည်းဖြစ်ကြောင်း

ဒေါ်အိအိ ၁၃/တကန(နိုင်)၀၂၅၁၉၃(ဘ) ဦးရဲလှနှင့်ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အမှတ်(၃)မှ အထက်တန်းပြ ဒေါ်ခင်မျိုးနွယ်သည် တစ်ဦးတည်းဖြစ်ပါသည်။ **ဒေါ်ခင်မျိုးနွယ်(ခ)ဒေါ်အိအိ**

အမည်ပြောင်း

ဦးကျော်ကျော်အောင်၏သား ကန့်ဘလူမြို့နယ်၊ ထန်းတပင်၊ ဇီးကုန်း အထက စတုတ္ထတန်း(က)မှ မောင်ရှိုင်းထက်အောင်အား ယနေ့မှစ၍ မောင်မင်းသော်ဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်မင်းသော်ဖြိုး**

အမည်ပြောင်း

ဦးမောင်မောင်တင့်၏သမီး၊ကန့်ဘလူမြို့နယ်၊ ထန်းတပင်၊ ဇီးကုန်းအခြေခံမူလတန်းလွန်ကျောင်း(ဇီးကုန်း) မြို့ရှေ့ ပထမတန်း(က)မှ မဟန်မို့သွယ်အား ယနေ့မှစ၍ မဟန်မို့မို့ထွန်းဟုပြောင်းလဲခေါ်ဆိုပါရန်။

မဟန်မို့မို့ထွန်း

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၆ယ/၄၇၁၀ ဟွန်ဒါဒရင်း ၁၂၅ ယာဉ်လက်ဝယ်ရှိသူ စိုင်းအောင်ထွန်း လင်း ၁၃/တကန(နိုင်)၀၀၀၇၄၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (တောင်ကြီး)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၂၅၀၃ ယာဉ်လက်ဝယ်ရှိသူ ငါးလုပ်ငန်းဦးစီးဌာန ကလေးမြို့က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ ကလေးမြို့

27-7 (19).pmd 1 7/25/2013, 7:47 AM

ဥပဒေကြော်ငြာ

၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-)
၁၃ ခုနှစ်၊ လ ရက်
(၂၀ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု** ခေါ်တွင်စေရမည်။

၂။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေပုဒ်မ ၁၏ အထက်တွင် ခေါင်းစဉ်အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၃။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေပုဒ်မ ၃၏ အထက်တွင် ခေါင်းစဉ်အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

အခန်း(၂)
ဆင်ယင်ပြသခြင်း

၄။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေပုဒ်မ ၃တွင်ပါရှိသော (၁)ကို (က)အဖြစ်လည်းကောင်း၊ (၂)ကို (ခ)အဖြစ်လည်းကောင်း အစားထိုးရမည်။

၅။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ(င)အောက်၌ ပုဒ်မခွဲ(စ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(စ) အမျိုးသားခေါင်းဆောင်ကြီး၏ပုံကို ရုံးဌာနများနှင့် နေအိမ် အဆောက်အအုံများတွင် အလေးအမြတ်ထား၍ ချိတ်ဆွဲဆင်ယင်ထား ရှိခြင်း၊

၆။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေ ပုဒ်မ ၆၏အထက်တွင် ခေါင်းစဉ်အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

အခန်း(၃)
စစ်ဆေးအရေးယူခြင်း

၇။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေပုဒ်မ ၆ ၌ ပါရှိသော ပုဒ်မခွဲ(၁)ကို(က)အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ(၂)ကို(ခ)အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ(၃)ကို(ဂ)အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ(၄)ကို (ဃ)အဖြစ်လည်းကောင်း၊ ပုဒ်မခွဲငယ်(က)ကို(၁)အဖြစ်လည်းကောင်း၊ ပုဒ်မခွဲငယ်(ခ)ကို(၂)အဖြစ်လည်းကောင်း အစားထိုးရမည်။

၈။ ၁၉၅၄ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေ ပုဒ်မ ၆ ၌ ပါရှိသော "ခရိုင်ရာဇဝတ်တရားသူကြီး"ဆိုသည့်စကားရပ်ကို "ခရိုင်တရားသူကြီး"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "နယ်ပိုင်ရာဇဝတ်တရားသူကြီး"ဆိုသည့်စကားရပ်ကို "မြို့နယ်တရားသူကြီး"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပထမတန်း သို့တည်းမဟုတ် ဒုတိယတန်း ရာဇဝတ်တရားသူကြီး" ဆိုသည့် စကားရပ်ကို "ပထမတန်း သို့တည်းမဟုတ် ဒုတိယတန်း ရာဇဝတ်အာဏာ အပ်နှင်းခြင်းခံရသော တရားသူကြီး"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ရာဇဝတ်တရားသူကြီး"ဆိုသည့် စကားရပ်ကို "တရားသူကြီး"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၉။ ၁၉၅၄ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေပုဒ်မ ၇၏ အထက်တွင် ခေါင်းစဉ်အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်။

အခန်း(၄)
ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၀။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)၌ပါရှိသော "(ခ၊က)တရားဝင်အဖွဲ့မှတစ်ပါး အခြားသူဖြစ်လျှင် ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ"စီရင်ခြင်းခံရမည်။ "(ခ၊ခ)တရားဝင်အဖွဲ့ဖြစ်လျှင် ကျပ်တစ်ထောင်ထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်"ဆိုသည့် စကားရပ်အစား

(၁) တရားဝင်အသင်းအဖွဲ့မှတစ်ပါး အခြားသူဖြစ်လျှင် တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်၊

(၂) တရားဝင်အသင်းအဖွဲ့ဖြစ်လျှင် ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်စီရင်ခြင်း ခံရမည်ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

၂၀၁၃ ခုနှစ်၊ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-)
၁၃၇၅ ခုနှစ်၊ နယုန်လဆုတ် ရက်
၂၀၁၃ ခုနှစ်၊ ဇွန်လ ရက်
နိဒါန်း

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်-

အခန်း(၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေ**ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုဆိုသည်။

(ခ) **စာချွန်တော်အမိန့်**ဆိုသည်မှာ ရှေ့တော်သွင်းစာချွန်တော်အမိန့်၊ အာဏာပေးစာချွန်တော်အမိန့်၊ တားမြစ်စေစာချွန်တော်အမိန့်၊ အာဏာပိုင်မေး စာချွန်တော်အမိန့်နှင့် အမှုခေါ်စာချွန်တော်အမိန့် တို့ကိုဆိုသည်။

(ဂ) **ရှေ့တော်သွင်းစာချွန်တော်အမိန့်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတရားရုံး တစ်ရုံးရုံး သို့မဟုတ် အခွင့်အာဏာရှိသော အဖွဲ့အစည်းတစ်ခုခုက ဖြစ်စေ၊ ထိန်းသိမ်းချုပ်နှောင်ထားသူကို စာချွန်တော်ရုံးသို့ ခေါ်ဆောင်စေပြီး ဥပဒေနှင့်အညီ ချုပ်နှောင်ထားခြင်းရှိ/မရှိ စိစစ်ကြားနာ၍ ဥပဒေနှင့် ညီညွတ်ခြင်း ရှိ/ မရှိ ရေးသားထုတ်ပြန်သည့် အမိန့်စာကိုဆိုသည်။

(ဃ) **အာဏာပေးစာချွန်တော်အမိန့်** ဆိုသည်မှာ တရားဝင်အခွင့်အာဏာရှိသူတစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ အစိုးရဌာနတစ်ခုခုကဖြစ်စေ အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုအား လိုက်နာဆောင်ရွက်ရန် ရေးသားထုတ်ပြန်သည့် အမိန့်စာကိုဆိုသည်။

(င) **တားမြစ်စေစာချွန်တော်အမိန့်** ဆိုသည်မှာ တရားရုံးတစ်ရုံးရုံး သို့မဟုတ် တရားစီရင်မှုသဘောသက်ဝင်သည့် ကိစ္စရပ်တစ်ခုခု၏ စီရင်ဆောင်ရွက်မှုတွင် စီရင်ခွင့်အာဏာကျော်လွန်၍ဖြစ်စေ၊ တရားမျှတမှုကို ဆန့်ကျင်၍ဆောင်ရွက်ခြင်းမပြုရန် ရေးသားထုတ်ပြန်သည့် အမိန့်စာကို ဆိုသည်။

(စ) **အာဏာပိုင်မေးစာချွန်တော်အမိန့်** ဆိုသည်မှာ အစိုးရဌာနတစ်ခုခု သို့မဟုတ် အခွင့်အာဏာအပ်နှင်းထားသည့် အဖွဲ့အစည်းတစ်ခုခုသည် တစ်ဦးတစ်ယောက် သို့မဟုတ် အများအပေါ်တွင် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိမရှိ စိစစ်ကြားနာ၍ ဥပဒေနှင့်ညီညွတ်ခြင်း ရှိမရှိ ရေးသားထုတ်ပြန်သည့် အမိန့်စာကို ဆိုသည်။

(ဆ) **အမှုခေါ်စာချွန်တော်အမိန့်**ဆိုသည်မှာ တရားရုံးတစ်ရုံးရုံး သို့မဟုတ် တရားစီရင်မှုသဘောသက်ဝင်သည့် ကိစ္စရပ်တစ်ခုခု၏ ဆုံးဖြတ်ဆောင်ရွက်ချက်သည် ဥပဒေနှင့် ညီညွတ်မျှတမှုမရှိကြောင်း စိစစ်တွေ့ရှိရပါက ထိုဆုံးဖြတ်ဆောင်ရွက်ချက်ကို ဥပဒေနှင့် ညီညွတ်စေရန် ရေးသားထုတ်ပြန်သည့်အမိန့်စာကို ဆိုသည်။

(ဇ) **တရားရုံး**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၉၃(က)အရ ဖွဲ့စည်းထားသော တရားရုံးများကို ဆိုသည်။

(ဈ) **စာချွန်တော်ရုံး** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၉၆(က)အရ စာချွန်တော်အမိန့် ထုတ်ပိုင်ခွင့်အာဏာ အပ်နှင်းထားသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ဆိုသည်။

(ည) **လျှောက်ထားလွှာ** ဆိုသည်မှာ စာချွန်တော်အမိန့်တစ်ရပ်ရပ်ထုတ်ဆင့်ပေးရန် ကျိုးကြောင်းရှင်းလင်းဖော်ပြချက်များနှင့် သက်ဆိုင်ရာ စာရွက်စာတမ်းပါဝင်သည့် စာချွန်တော်ရုံးသို့ တင်သွင်းသော လျှောက်ထားလွှာကို ဆိုသည်။

(ဋ) **လျှောက်ထားသူ** ဆိုသည်မှာ စာချွန်တော်အမိန့်တစ်ရပ်ရပ် ထုတ်ဆင့်ပေးရန် တင်ပြလျှောက်ထားသူ သို့မဟုတ် လျှောက်ထားသူများ သို့မဟုတ် တင်ပြလျှောက်ထားသူက လွှဲအပ်ခြင်းခံရသည့် တရားလွှတ်တော်ရှေ့နေကိုဆိုသည်။

(ဌ) **လျှောက်ထားခံရသူ** ဆိုသည်မှာ စာချွန်တော်အမိန့်တစ်ရပ်ရပ် ထုတ်ဆင့်ပေးရန် လျှောက်ထားမှုများတွင် ထိုလျှောက်ထားမှုများနှင့် စပ်လျဉ်းသည့် တိုက်ရိုက်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ပြုလုပ်ဆောင်ရွက်သူ သို့မဟုတ် ပြုလုပ်ဆောင်ရွက်ရန် ပျက်ကွက်သူ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနများကိုဆိုသည်။

အခန်း(၂)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စာချွန်တော်အမိန့်ဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်-

(က) အောက်ပါစာချွန်တော်အမိန့်များကို ထုတ်ပိုင်ခွင့်အာဏာရှိသည်-
(၁) ရှေ့တော်သွင်းစာချွန်တော်အမိန့်
(၂) အာဏာပေးစာချွန်တော်အမိန့်
(၃) တားမြစ်စေစာချွန်တော်အမိန့်
(၄) အာဏာပိုင်မေးစာချွန်တော်အမိန့်
(၅) အမှုခေါ်စာချွန်တော်အမိန့်

(ခ) နိုင်ငံတော်အတွင်း အရေးပေါ်အခြေအနေများ ပေါ်ပေါက်ကြောင်း ကြေညာသည့်ဒေသတွင် စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားချက်များကို ရပ်ဆိုင်းထားရမည်။

၄။ (က) ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)ပါ နိုင်ငံသား၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်များတွင် ပေးအပ်ထားသော အခွင့်အရေးများနှင့် စပ်လျဉ်း၍ လျှောက်ထားလာသည့် ကိစ္စရပ်များတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ဖော်ပြပါ စာချွန်တော်အမိန့်တစ်ရပ်ရပ်ကို သင့်လျော်သည့်အတိုင်း ထုတ်ဆင့်ပေးခွင့် အာဏာရှိသည်-
(၁) ရှေ့တော်သွင်းစာချွန်တော်အမိန့်
(၂) အာဏာပေးစာချွန်တော်အမိန့်
(၃) တားမြစ်စေစာချွန်တော်အမိန့်
(၄) အာဏာပိုင်မေးစာချွန်တော်အမိန့်
(၅) အမှုခေါ်စာချွန်တော်အမိန့်

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အပ်နှင်းသည့် စာချွန်တော်အမိန့်များ ထုတ်ဆင့်ခွင့်အာဏာသည် အခြားတရားရုံးများအား တည်ဆဲဥပဒေများအရ အပ်နှင်းထားသည့် စာချွန်တော်အမိန့်သဘောမျိုးသက်ရောက်သည့် အမိန့်ထုတ်ဆင့်ပိုင်ခွင့်အာဏာကို မထိခိုက်စေရ။

၅။ အောက်ဖော်ပြပါ အခြေအနေနှင့် အချိန်အခါမှတစ်ပါး နိုင်ငံသားများ၏ တရားဝင် ရပိုင်ခွင့်ရှိသော နစ်နာချက်များအတွက် ဥပဒေဖြင့် သတ်မှတ်ထားသော ရယူပိုင်ခွင့်များကို ငြင်းပယ်ခြင်းမပြုရ-
(က) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊
(ခ) ဆူပူသောင်းကျန်းမှုများဖြစ်ပေါ်နေချိန်၊
(ဂ) အရေးပေါ်အခြေအနေဖြစ်ပေါ်နေချိန်။

အခန်း(၃)
လျှောက်ထားလွှာစိစစ်ကြားနာရေးအဖွဲ့ ဖွဲ့စည်းခြင်း

၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စာချွန်တော်အမိန့်များ ထုတ်ဆင့်နိုင်ရေးအတွက် ပြည်ထောင်စုတရားသူကြီးချုပ်ပါဝင်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) လျှောက်ထားလွှာကို ကြားနာစိစစ်ရန်အဖွဲ့ဝင် အနည်းဆုံး သုံးဦးဖြင့် ဖွဲ့စည်းရမည်။

(ခ) ပြည်ထောင်စုတရားသူကြီးချုပ်ပါဝင်သော အဖွဲ့တွင် ပြည်ထောင်စုတရားသူကြီးချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။

(ဂ) ပြည်ထောင်စုတရားသူကြီးချုပ်မပါဝင်သော အဖွဲ့တွင် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးအပ်သူက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုတရားသူကြီးချုပ်သည် ကြားနာစိစစ်သည့် အဖွဲ့အား လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

လျှောက်ထားလွှာကြားနာစိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ

၇။ လျှောက်ထားလွှာ ကြားနာစိစစ်ရေးအဖွဲ့သည် လျှောက်ထားလွှာပါ အကြောင်းအချက်များနှင့် ပူးတွဲပါရှိသည့် အထောက်အထားစာရွက်စာတမ်းများကို ကနဦးစိစစ်၍ လျှောက်ထားသူအား အကြောင်းခြင်းရာများကို ရှင်းလင်းတင်ပြစေရန် ဆင့်ခေါ်၍ ကြားနာရမည်။

၈။ လျှောက်ထားလွှာစိစစ်ကြားနာရေးအဖွဲ့သည်-

(က) လျှောက်ထားလွှာပါ အကြောင်းချက်များ၊ လျှောက်ထားသူ၏ ရှင်းလင်းတင်ပြချက်များသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ကြောင်း ပေါ်ပေါက်ပါက ဆက်လက်စိစစ်ကြားနာရန် ဆုံးဖြတ်ချက်ချမှတ်ရမည်။

(ခ) ဆက်လက်စိစစ်ကြားနာရန် မသင့်ကြောင်း ပေါ်ပေါက်ပါက ကျိုးကြောင်းပြည့်စုံစွာ ရေးသား၍ ဆုံးဖြတ်ချက်ချမှတ်ရမည်။ သို့ရာတွင် လျှောက်ထားလွှာပါ အချက်အလက်များ၊ ပူးတွဲပါရှိသည့် အထောက်အထား၊ စာရွက်စာတမ်းများ ပြည့်စုံခိုင်လုံမှုမရှိပါက လိုအပ်သည်များ ပြည့်စုံစွာဆောင်ရွက်ရန် ပြန်လည်တင်ပြနိုင်ကြောင်း လျှောက်ထားသူအား ရှင်းလင်းညွှန်ပြရမည်။

(ဂ) ဆက်လက်စိစစ်ကြားနာရန် ဆုံးဖြတ်ပါက လျှောက်ထားလွှာကို ဆက်လက်စိစစ်ကြားနာ၍ ဥပဒေနှင့်အညီ စာချွန်တော်အမိန့်တစ်ရပ်ရပ် ချမှတ်ရမည်။

(ဃ) ဆက်လက်စိစစ်ကြားနာရန်အတွက် လိုအပ်သည့်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် အစိုးရဌာနများက တာဝန်ရှိသူများအား ဆင့်ခေါ်စိစစ်ကြားနာနိုင်သည်။ ထို့ပြင် လိုအပ်သည့်စာရွက်စာတမ်း၊ အထောက်အထားများကို တောင်းယူစိစစ်နိုင်သည်။

(င) လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ စိစစ်ကြားနာရန် ပြည်ထောင်စုရှေ့နေချုပ်သို့ အကြောင်းကြားရမည်။

၉။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်များသည် အတည်ဖြစ်စေရမည်ဟူသော ပြဋ္ဌာန်းချက်များမှအပ ကျန်ကိစ္စများတွင် စာချွန်တော်အမိန့်ထုတ်ပိုင်ခွင့်ရှိစေရမည်။

အခန်း(၄)
လျှောက်ထားလွှာတင်သွင်းခြင်း

၁၀။ လျှောက်ထားသူသည် မိမိ၏ ဥပဒေနှင့်အညီရထိုက်ခွင့်ရှိသော သက်သာခွင့်ဖြစ်စေ၊ နစ်နာဆုံးရှုံးမှုဖြစ်စေ အကြောင်းခြင်းရာများကို ပြည့်စုံစွာရေးသားဖော်ပြ၍ ခိုင်လုံသည့် သက်သေအထောက်အထားများ ပူးတွဲလျက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်သည့်နည်းလမ်းနှင့်အညီ လျှောက်ထားလွှာကို တင်သွင်းရမည်။

၁၁။ လျှောက်ထားလွှာတွင် လျှောက်ထားခံရသူ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် အစိုးရဌာန၏အမည်နှင့် လျှောက်ထားလွှာနှင့်ဆီလျော်သော စာချွန်တော်အမိန့်တစ်ရပ် ထုတ်ပေးစေလိုကြောင်း ရေးသားဖော်ပြပါရှိရမည်။

အခန်း(၅)
လျှောက်ထားခံရသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၂။ လျှောက်ထားခံရသူသည် လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ စိစစ်ကြားနာရန် ဆင့်ခေါ်ပါက စာချွန်တော်ရုံး ကြားနာစိစစ်ရေးအဖွဲ့သို့ လာရောက်ရမည်။

၁၃။ လျှောက်ထားခံရသူသည် လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ လိုအပ်သည့် စာရွက်စာတမ်း၊ အထောက်အထားများကို စာချွန်တော်ရုံး ကြားနာစိစစ်ရေးအဖွဲ့သို့ တင်ပြရမည်။

၁၄။ လျှောက်ထားခံရသူသည် လျှောက်ထားလွှာပါ စာချွန်တော်အမိန့်တစ်ရပ်ရပ်အား ထုတ်ပြန်မပေးသင့်ကြောင်း တင်ပြလိုပါက ပူးတွဲစာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကျိုးကြောင်းရှင်းလင်းဖော်ပြရေးသား၍ စာချွန်တော်ရုံး ကြားနာစိစစ်ရေးအဖွဲ့သို့ တင်ပြရမည်။

စာမျက်နှာ ၂၁ သို့

27-7 (20).pmd 1 7/25/2013, 9:03 AM

စာမျက်နှာ ၂၀ မှ

၁၅။ လျှောက်ထားခံရသူသည် စာချုပ်တော်ရုံး ကြားနာစိစစ်ရေးအဖွဲ့က တောင်းယူသော စာရွက်စာတမ်း၊ အထောက်အထားများနှင့်စပ်လျဉ်း၍ လျှောက်ထားလွှာနှင့်သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ ရယူတင်ပြခွင့်ရှိသည်။

အခန်း(၆)

စာချုပ်တော်အမိန့်ဆိုင်ရာ လိုက်နာရန်တာဝန်များ

၁၆။ စာချုပ်တော်ရုံး လျှောက်ထားလွှာ ကြားနာစိစစ်ရေးအဖွဲ့မှ ထုတ်ပြန်သည့် စာချုပ်တော်အမိန့်တစ်ရပ်ရပ်ကို လျှောက်ထားခံရသူသည် ထုတ်ပြန်သည့် စာချုပ်တော်အမိန့်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၁၇။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အာဏာအပ်နှင်းထားသည့် စာချုပ်တော်ဆိုင်ရာ အမိန့်တစ်ရပ်ရပ်သည် ပြည်ထောင်စုတရားစီရင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်၊ အမိန့်ကဲ့သို့ လိုက်နာဆောင်ရွက်ရန် တာဝန်ရှိစေရမည်။

အခန်း(၇)

အထွေထွေ

၁၈။ စာချုပ်တော်အမိန့် လျှောက်ထားလွှာကို လျှောက်ထားလွှာတင်သွင်းရန် အကြောင်းပေါ်ပေါက်သည့်နေ့မှ နှစ်နှစ်အတွင်း လျှောက်ထားလွှာတင်သွင်းခြင်းမပြုလျှင် စာချုပ်တော်အမိန့်တစ်ရပ်ရပ် ထုတ်ပြန်ခြင်းမပြုရ။

၁၉။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စာချုပ်တော်လျှောက်ထားလွှာများနှင့် စပ်လျဉ်း၍ တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကဲ့သို့ စိစစ်ကြားနာ၍ အမိန့်ချမှတ်နိုင်သည်။

၂၀။ ပြည်ထောင်စုရှေ့နေချုပ်သည် လျှောက်ထားသူဘက်ကဖြစ်စေ၊ လျှောက်ထားခံရသူဘက်ကဖြစ်စေ၊ လျှောက်ထားသူနှင့်လျှောက်ထားခံရသူများအပေါ်တွင်ဖြစ်စေ လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ စာချုပ်တော်ကြားနာစိစစ်ရေးအဖွဲ့သို့ တင်ပြလျှောက်ထားခွင့်ရှိသည်။

၂၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် တည်ဆဲနည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ဆက်လက်ကျင့်သုံးနိုင်သည်။

၂၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့်လက်စွဲများကို ဤဥပဒေအတည်ဖြစ်သောနေ့မှ ရက်ပေါင်း ၉၀ အတွင်း ထုတ်ပြန်ရမည်။

ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကြမ်း

(ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် / ၂၀၁၃)

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၃ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်-

အခန်း(၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အသင်းအဖွဲ့များ ဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **“နိုင်ငံတော်”** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **“အစိုးရအဖွဲ့”** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **“ဗဟိုအဖွဲ့”** ဆိုသည်မှာ အစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော **“အသင်းအဖွဲ့များဖွဲ့စည်းခွင့်ပြုရေးနှင့် မှတ်ပုံတင်ရေးတို့အတွက် ကြီးကြပ်ရေးဗဟိုအဖွဲ့”** ကို ဆိုသည်။

(ဃ) **“အသင်းအဖွဲ့”** ဆိုသည်မှာ အမည်သီးခြားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့ကို မထိခိုက်စေဘဲ ရည်ရွယ်ချက်တစ်ခုခု သို့မဟုတ် လုပ်ငန်းစဉ်တစ်ခုခုအတွက် ဆန္ဒတူသည့် လူအများ စုပေါင်းဖွဲ့စည်းထားသော အသင်းအဖွဲ့၊ အစည်းအရုံး၊ သမဂ္ဂ၊ ကော်မတီ၊ ဖောင်ဒေးရှင်း၊ ကွန်ရက်၊ အဖွဲ့ချုပ်၊ အသင်းစုနှင့် အလားတူ ပြည်တွင်း၌ ဖွဲ့စည်းထားသော အသင်းအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် အသင်းအဖွဲ့၏ အဖွဲ့ခွဲများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အသင်းအဖွဲ့များနှင့် ယင်းတို့၏ အဖွဲ့ခွဲများလည်း ပါဝင်သည်။

(င) **“နိုင်ငံတကာ အစိုးရမဟုတ်သော အသင်းအဖွဲ့”** ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည် တစ်ခုခုတွင် တည်ထောင်ထားသော အဖွဲ့အစည်း တစ်ခုခုဖြစ်ပြီး အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် နိုင်ငံတော်အတွင်း အများပြည်သူဆိုင်ရာလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်သည့် သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်ရန် ရည်ရွယ်သည့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းကို ဆိုသည်။

(စ) **“ဖွဲ့စည်းခွင့်လက်မှတ်”** ဆိုသည်မှာ ဗဟိုအဖွဲ့က အသင်းအဖွဲ့များအား ထုတ်ပေးသော အသင်းအဖွဲ့အဖြစ် ဖွဲ့စည်းခွင့်ပြုသည့် ခွင့်ပြုချက်ကို ဆိုသည်။

(ဆ) **“မှတ်ပုံတင်လက်မှတ်”** ဆိုသည်မှာ ဗဟိုအဖွဲ့က နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များအား ထုတ်ပေးသော နိုင်ငံတကာ အစိုးရမဟုတ်သော အသင်းအဖွဲ့အဖြစ် အသိအမှတ်ပြုသည့် လက်မှတ်ကို ဆိုသည်။

(ဇ) **“ဝန်ကြီးဌာန”** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(ဈ) **“ဦးစီးဌာန”** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ဆိုသည်။

(ည) **“ညွှန်ကြားရေးမှူးချုပ်”** ဆိုသည်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဋ) **“ညွှန်ကြားရေးမှူး”** ဆိုသည်မှာ ဤဥပဒေပါလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ပေးအပ်ထားသော ညွှန်ကြားရေးမှူးကို ဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းတို့ကို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်စေရန်၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အသင်းအဖွဲ့များကို လွတ်လပ်စွာ ဖွဲ့စည်းလှုပ်ရှားဆောင်ရွက်နိုင်စေရန်၊

(ဂ) အသင်းအဖွဲ့များ၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်အတွက် အနှောင်အဖွဲ့ကင်းလွတ်သော ပူးပေါင်းဆောင်ရွက်မှုများဖြစ်စေရန်၊

(ဃ) အသင်းအဖွဲ့များသည် နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်စေရန်၊

(င) အသင်းအဖွဲ့များသည် မိမိတို့၏ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းမှုများ လွယ်ကူချောမွေ့စေရန်နှင့် ဌာနဆိုင်ရာများထံမှ လိုအပ်သည့် အကူအညီများ ရယူနိုင်ရန်။

အခန်း(၃)

ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ ဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးများအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ယင်းတို့အနက် နှစ်ဦးအား ဒုတိယဥက္ကဋ္ဌများအဖြစ် လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်အား အတွင်းရေးမှူးအဖြစ်လည်းကောင်း သင့်လျော်သော ညွှန်ကြားရေးမှူးတစ်ဦးအား တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်စေလျက် **“ဗဟိုအဖွဲ့”** ကို ဖွဲ့စည်းရမည်။

၅။ **“ဗဟိုအဖွဲ့”**၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရန်နှင့် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းများနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း၊

(ဂ) အသင်းအဖွဲ့များအား ဖွဲ့စည်းခွင့်လက်မှတ်ထုတ်ပေးခြင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်တမ်းတိုးမြှင့်ပေးခြင်း၊

(ဃ) နိုင်ငံတော်အတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး ဆောင်ရွက်မည့် နိုင်ငံတကာအစိုးရမဟုတ်သောအသင်းအဖွဲ့များအား မှတ်ပုံတင်ခွင့်ပြုခြင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ မှတ်ပုံတင် သက်တမ်းတိုးမြှင့်ပေးခြင်း၊

(င) အသင်းအဖွဲ့များအား ကြီးကြပ်ခြင်း၊

(စ) ဖွဲ့စည်းခွင့်လက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ရရှိသည့် အသင်းအဖွဲ့များသည် ယင်းတို့၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များတွင် ပါရှိသည့် အများပြည်သူဆိုင်ရာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုရှိစေမည့် ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ မိသားစုဝင်ငွေတိုးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊သောက်သုံးရေရရှိရေး၊ အာဟာရဖွံ့ဖြိုးရေး၊ သက်ကြီးရွယ်အိုများနှင့်ခိုကိုးရာမဲ့ ကလေးသူငယ်များအား စောင့်ရှောက်ရေး၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝဘေးအန္တရာယ် လျော့ချရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသိပညာဗဟုသုတများ ပျံ့နှံ့စေရေး၊ လူနေမှုဘဝတိုးတက်မြင့်မားစေရေး၊ နာရေးကူညီမှုများ ဆောင်ရွက်ပေးရေး၊ အခြားလူမှုရေးလုပ်ငန်းဆောင်ရွက်မှုများ စသည်တို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လုပ်ငန်းများ လွယ်ကူချောမွေ့စေရန် လမ်းညွှန်ပေးခြင်း၊

(ဆ) ဤဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်လက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်မရှိဘဲ ရပ်တည်လှုပ်ရှားဆောင်ရွက်သည့် အသင်းအဖွဲ့များအား ဥပဒေနှင့်အညီ အရေးယူခြင်း၊

(ဇ) ဖွဲ့စည်းခွင့်လက်မှတ်ရရှိထားသည့် အသင်းအဖွဲ့များနှင့်၊ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များသည်လည်းကောင်း ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာခြင်းမရှိလျှင် ဥပဒေနှင့်အညီ အရေးယူခြင်း။

အခန်း(၄)

ပြည်တွင်းအသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုခြင်း

၆။ အသင်းအဖွဲ့အဖြစ် ဖွဲ့စည်းခွင့်လက်မှတ်ရရှိလိုပါက လျှောက်ထားလိုသော အသင်းအဖွဲ့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်သည် **ဗဟိုအဖွဲ့**သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၇။ **“ဗဟိုအဖွဲ့”** သည် ပုဒ်မ ၆ အရ ဖွဲ့စည်းခွင့်လက်မှတ်ရရှိရန် လျှောက်ထားလာသော အသင်းအဖွဲ့အား သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး-

(က) အသင်းအဖွဲ့အဖြစ် ဖွဲ့စည်းခွင့်ပြုရန် ဆုံးဖြတ်ပါက ဖွဲ့စည်းခွင့် လက်မှတ်ကို လျှောက်ထားသည့်နေ့ရက်မှစ၍ ရက်ပေါင်းကိုးဆယ်အတွင်း လျှောက်ထားသူအား ထုတ်ပေးရမည်။

(ခ) အသင်းအဖွဲ့အဖြစ် ဖွဲ့စည်းခွင့်မပြုကြောင်း ဆုံးဖြတ်ပါက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြ၍ ဖွဲ့စည်းခွင့်မပြုကြောင်း ပြန်ကြားစာကို လျှောက်ထားသူအား ရက်ပေါင်းကိုးဆယ်အတွင်း ပြန်ကြားရမည်။

အခန်း (၅)

နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များမှတ်ပုံတင်ခွင့်ပြုခြင်း

၈။ နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့တစ်ခုခုသည် မှတ်ပုံတင်လက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ယင်းအသင်းအဖွဲ့၏ တာဝန်ခံက ဗဟိုအဖွဲ့သို့ လျှောက်ထားရမည်။

၉။ **ဗဟိုအဖွဲ့**သည် ပုဒ်မ ၈ အရ မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားလာသော နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့အား စိစစ်ပြီး-

(က) အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ဆုံးဖြတ်သည့်နေ့မှစ၍ မှတ်ပုံတင်လက်မှတ်ကို ရက်ပေါင်းကိုးဆယ်အတွင်း လျှောက်ထားသူအား ထုတ်ပေးရမည်။

(ခ) အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်မပြုကြောင်း ဆုံးဖြတ်ပါက ကျိုးကြောင်း ပြည့်စုံစွာဖော်ပြ၍ မှတ်ပုံတင်ခွင့်မပြုကြောင်း လျှောက်ထားသူအား ရက်ပေါင်းကိုးဆယ်အတွင်း ပြန်ကြားရမည်။

အခန်း(၆)

ဖွဲ့စည်းခွင့် သို့မဟုတ် မှတ်ပုံတင်ခွင့်လျှောက်ထားရန်မလိုသော အသင်းအဖွဲ့များ

၁၀။ ဤဥပဒေအရ ဖွဲ့စည်းခွင့် သို့မဟုတ် မှတ်ပုံတင်ခွင့် လျှောက်ထားရန်မလိုသော အသင်းအဖွဲ့များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ၁၉၈၈ ခုနှစ်၊ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေအရ မှတ်ပုံတင် သက်တမ်းတည်လျက်ရှိသော အသင်းအဖွဲ့၊

(ခ) ဘာသာ၊ သာသနာရေးသက်သက်ကိုသာ ကျင့်သုံးဆောင်ရွက်သော အသင်းအဖွဲ့၊

(ဂ) စီးပွားရေးသက်သက်ကိုသာ လုပ်ကိုင်ဆောင်ရွက်သော အသင်းအဖွဲ့၊

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ထားသောအသင်းအဖွဲ့၊

(င) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားရမည့် နိုင်ငံရေးအသင်းအဖွဲ့များ။

အခန်း(၇)

အသင်းအဖွဲ့များ၏သက်တမ်းနှင့် သက်တမ်းတိုးမြှင့်ခြင်း

၁၁။ ဖွဲ့စည်းခွင့်လက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့များ၏ သက်တမ်းသည် ဗဟိုအဖွဲ့က ထုတ်ပေးသည့်နေ့ရက်မှစ၍ ငါးနှစ်ဖြစ်သည်။

၁၂။ ဖွဲ့စည်းခွင့်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့များနှင့် မှတ်ပုံတင်လက်မှတ်ရရှိထားသော နိုင်ငံတကာအသင်းအဖွဲ့များသည် သက်တမ်းကုန်ဆုံးပြီးနောက် အသင်းအဖွဲ့အဖြစ် ဆက်လက်၍ ရပ်တည်လှုပ်ရှားဆောင်ရွက်လိုပါက သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်းခြောက်ဆယ်ကြိုတင်၍ ဗဟိုအဖွဲ့သို့ သက်တမ်းတိုးမြှင့်ပေးရန်လျှောက်ထားရမည်။

၁၃။ ဗဟိုအဖွဲ့က ဖွဲ့စည်းခွင့်မပြုလျှင်ဖြစ်စေ၊ မှတ်ပုံတင်ခွင့်မပြုလျှင်ဖြစ်စေ၊ အသင်းအဖွဲ့များအား သက်တမ်းတိုးမြှင့်ပေးခြင်းမပြုလျှင်ဖြစ်စေ ယင်းအသင်းအဖွဲ့များသည် ဆက်လက်ရပ်တည်လှုပ်ရှားဆောင်ရွက်ခြင်း မပြုရ။

အခန်း (၈)

တားမြစ်ချက်

၁၄။ မည်သည့်အသင်းအဖွဲ့တစ်ခုခု၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်မျှ ဖွဲ့စည်းခွင့်လက်မှတ်မရှိဘဲ အသင်းအဖွဲ့အဖြစ် ဖွဲ့စည်းခြင်း သို့မဟုတ် အသင်းအဖွဲ့အဖြစ် ရပ်တည်လှုပ်ရှားဆောင်ရွက်ခြင်းမပြုရ။

၁၅။ မည်သူမျှ ဖွဲ့စည်းခွင့်လက်မှတ်မရှိသည့် အသင်းအဖွဲ့တစ်ခုခု၏ အဖွဲ့ဝင်အဖြစ် ပါဝင်လှုပ်ရှားဆောင်ရွက်ခြင်းမပြုရ။

၁၆။ မည်သည့် နိုင်ငံတကာအသင်းအဖွဲ့မျှ မှတ်ပုံတင်လက်မှတ်မရှိဘဲ အသင်းအဖွဲ့အဖြစ် ရပ်တည်လှုပ်ရှားဆောင်ရွက်ခြင်းမပြုရ။

၁၇။ မည်သူမျှ မှတ်ပုံတင်လက်မှတ်မရှိသည့် အသင်းအဖွဲ့တစ်ခု၏ အဖွဲ့ဝင်အဖြစ် ပါဝင်လှုပ်ရှားဆောင်ရွက်ခြင်းမပြုရ။

အခန်း (၉)

ပြစ်မှုနှင့်ပြစ်ဒဏ်

၁၈။ မည်သည့်အသင်းအဖွဲ့တစ်ခုခု၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်မဆို ပုဒ်မ ၁၄ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၁၉။ မည်သူမဆို ပုဒ်မ ၁၅ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၂၀။ မည်သည့်နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့မဆို ပုဒ်မ ၁၆ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုနိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့၏ တာဝန်ခံပုဂ္ဂိုလ်အား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၂၁။ မည်သူမဆို ပုဒ်မ ၁၇ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၂၂။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ထိုပြစ်မှုကို ဆက်လက်ကျူးလွန်လျှင် ထိုသူကိုကျူးလွန်သည့်နေ့ရက်အသီးသီးအတွက် ထိုပြစ်မှုတွင် ပြဋ္ဌာန်းထားသော အများဆုံးချမှတ်နိုင်သည့်ငွေဒဏ်၏ ၁၀ ရာခိုင်နှုန်းချမှတ်ရမည်။

အခန်း (၁၀)

အထွေထွေ

၂၃။ ဗဟိုအဖွဲ့သည် ဤဥပဒေအရ ဖွဲ့စည်းခွင့်လက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့များအနေဖြင့်၊ ခွင့်ပြုစဉ်က ဖော်ပြခဲ့သည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကို ပြောင်းလဲ၍ လှုပ်ရှားဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိလျှင် ထိုအသင်းအဖွဲ့၏ဖွဲ့စည်းခွင့် သို့မဟုတ် မှတ်ပုံတင်ခွင့်ကို ပယ်ဖျက်နိုင်သည်။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၅။ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ဥပဒေအမှတ် ၆/၈၈)အား ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

၂၆။ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ဥပဒေအမှတ် ၆/၈၈)အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

ပြည်သူအများ သိရှိလေ့လာ အကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

27-7 (21).pmd 1 7/25/2013, 8:42 AM

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ခင်ရီ
(တောင်သာမြို့နယ်၊ ကျောက္ကာကျေးရွာ)
အသက်(၈၀)

တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပုံချီ အဘဦးအောင်သောင်း ဇနီး အမေဒေါ်ခင်ခင်ရီ အသက်(၈၀)သည် ၁၂-၇-၂၀၁၃ရက် (သောကြာနေ့)၊ နံနက် ၀၅း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။ **မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ တောင်သာမြို့နယ်**

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးတင့်ဝေ (တဗ-၁၃)
အသက်(၄၉)နှစ်

သူငယ်ချင်း ဗိုလ်မှူးတင့်ဝေ(တဗ-၁၃)သည် ၂၂-၇-၂၀၁၃ ရက်တွင် မြစ်ကြီးနားမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်သင်ဗိုလ်၊ ဗိုလ်လောင်းအမှတ်စဉ်(၁၃)မှ
သူငယ်ချင်းများ

ပျောက်ဆုံး
ကျွန်မဒေါ်ကြည်ကြည်ခိုင် ၁၂/ ဥကမ (နိုင်)၁၇၉၉၁၆၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက **ဖုန်း-၀၉-၇၃၀၆၃၉၆၃** သို့ ဆက်သွယ်ပေးပါရန်။

အများသိစေရန်ကြေညာခြင်း
မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ မောရဂီဝါရပ်၊ ၇၄ လမ်းနှင့် ၃၁ လမ်းထောင့်၊ အိမ်အမှတ် ၁၆၆ နေ ဦးကျော်တင့်-ဒေါ်ငြိမ်းတို့၏သား မောင်ကျော်မိုးနိုင် ၉/မရမ(နိုင်)၀၉၂၀၈၀ သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံခြင်း၊ မိဘများ၏အကျိုးစီးပွားပျက်အောင် အမျိုးမျိုး ဆောင်ရွက်နေခြင်းများကြောင့် ဤကြော်ငြာပါသည့်ရက်မှစ၍ မောင်ကျော်မိုးနိုင်နှင့် ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာပါသည်။

ဒေါ်ငြိမ်း ၁/မကတ(နိုင်)၀၄၆၉၄၈
အမှတ် ၁၆၆၊ မောရဂီဝါရပ်၊ ၇၄ လမ်းနှင့် ၃၁ လမ်းထောင့်၊
ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာသံမဏိသံရည်ကျိုစက်မှုဇုန်၊မြေကွက်အမှတ်၄၉၅၊ မြေအကျယ်အဝန်း ပေ(၆၀×၁၂၀)အား အမည်ပေါက် ဦးသက်နိုင် ၁၂/သဃက(နိုင်)၁၃၈၀၂၅ထံမှ ပြန်လည်ဝယ်ယူထားသူ ဦးသန်းလွင် ၆/ကသန(နိုင်)၀၀၂၆၃၃ က ၄င်းအမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း
ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅အီး၊ မြေကွက်အမှတ် V ၁၄၅၊ မြေကွက်တည်နေရာအမှတ် ၈၊ ထီးတန်း(၂)လမ်း၊ ကြည့်မြင်တိုင်မြို့နယ် ဦးခင်မောင် အမည်ပေါက် နှစ် ၆၀မြေငှားဂရန်မြေအား အမည်ပေါက်ဦးခင်မောင်နှင့် ဇနီး ဒေါ်စိန်လှိုင်တို့ ကွယ်လွန်သဖြင့် ၁။ ဒေါ်ခင်ရီ ၁၂/တတန(နိုင်)၀၀၅၇၀၈၊ ၂။ ဦးကျင်လှိုင် ၁၂/ကမတ(နိုင်) ၀၁၂၉၂၃၊ ၃။ ဒေါ်သောင်းငွေ ၁၂/ကမတ(နိုင်) ၀၁၄၃၀၀၊ ၄။ ဒေါ်နီနီချို ၁၂/ကမတ(နိုင်) ၀၁၃၈၆၉တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း
တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၉၊ မြေကွက်အမှတ် ၁၄၀၊ မြေကွက်တည်နေရာအမှတ် ၁၄၀၊ သူရ ၄ လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးညွန့်ရွှေ၊ ဦးသန်းအောင်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသန်းအောင်နှင့် ဇနီးဒေါ်မြင့်စိန်တို့ ကွယ်လွန်သဖြင့် ဒေါ်ပပမင်းသူ ၁၂/ဥကတ(နိုင်)၁၁၅၂၈၁၊ ဒေါ်စန္ဒကူးလှိုင် ၁၂/ဥကတ(နိုင်)၀၃၄၁၅၃၊ ဦးပိုင်ဇော်ဦး ၁၂/ဥကတ(နိုင်)၀၄၉၆၅၀တို့က သားသမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာ တင်ပြ၍ ဦးသန်းအောင်၏ ပိုင်ဆိုင်မှုအစုအား ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း
တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၉၊မြေကွက်အမှတ် ၇၄၂/က၊ မြေကွက်တည်နေရာအမှတ်၇၄၂/က၊ကျော်သူလမ်း ၂၀၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးဘရင်စီအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးဘရင်စီနှင့် ဇနီး ဒေါ်ကီ(ခ) ဒေါ်ကြည် ကွယ်လွန်သဖြင့် ဦးအောင်ခိုင် ၁၂/ဥကတ(နိုင်)၀၂၂၂၅၅၊ ဒေါ်ရီရီမော် ၁၂/ဥကတ(နိုင်)၀၂၂၂၆၉တို့က သားနှင့် သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ နှစ်၆၀မြေငှားစာချုပ်(ဂရန်) ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်းဒါယိကာမကြီး
ဗိုလ်ကြီး ဒေါ်မြသွယ် (ငြိမ်း)
အသက် (၅၈)နှစ်

ပြည်တော်ဟိန်းကုမ္ပဏီ M.D ဦးရဲနောင်၏အစ်မကြီး ဗိုလ်ကြီး ဒေါ်မြသွယ်(ငြိမ်း)သည် ၂၃-၇-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်တော်ဟိန်း Co.,Ltd. မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်းဒါယိကာမကြီး
ဗိုလ်ကြီး ဒေါ်မြသွယ် (ငြိမ်း)
အသက်(၅၈)နှစ်

ပြည်တော်ဟိန်းကုမ္ပဏီ M.D ဦးရဲနောင်၏အစ်မကြီးဖြစ်သူ ဗိုလ်ကြီး ဒေါ်မြသွယ်(ငြိမ်း)သည် ၂၃-၇-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

AILSUM MYANMAR Co.,Ltd. မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်သန်းသန်းနု(ခ)မပေါက်
(ကျုံပျော်-ရန်ကုန်)
အသက် (၅၅)နှစ်

ဒေါ်သန်းသန်းနု(ခ)မပေါက်(ကျုံပျော်-ရန်ကုန်)သည် ၂၁-၇-၂၀၁၃ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်သန်းသန်းနု(ခ)မပေါက် ကောင်းရာသုဂတိလားပါစေ။

နှင်းဆီကုန်းဆေးရုံနှင့်
နှင်းဆီအရိုး၊ အကြော၊ အဆစ် အထူးကုဆေးခန်း

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်းသန်းနု(ခ)မပေါက်
(ကျုံပျော်-ရန်ကုန်)
အသက် (၅၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၃၇ နေ ဦးလှကျင်-ဒေါ်သန်းရင်တို့၏ဒုတိယသမီး၊ (ဒေါက်တာကြည်လှိုင်)-ဒေါ်ခင်မာသန်းတို့၏ညီမ၊ ဗိုလ်မှူးကြီးတင်မောင်ဆွေ-ဒေါ်မိမိမော်တို့၏ အစ်မသည် ၂၁-၇-၂၀၁၃ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စတားရွှေစင် ရွှေဆိုင်မိသားစု ရန်ကုန်မြို့၊
သီရိရွှေစင် ရွှေဆိုင်မိသားစု မန္တလေးမြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးသန်းညွန့်
(အထွေထွေမန်နေဂျာ၊ ထူးကုမ္ပဏီများအုပ်စု)
အသက်(၄၈)နှစ်

တောင်ငူမြို့အမှတ်(၂၂/၂၁)မင်းကြီးညိုရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းနေ၊ ဒေါ်စောနွဲ့ရီ၏ ခင်ပွန်း၊ မောင်သူရိန်ထက်၊ မချမ်းငြိမ်းဇင်၊ မောင်ဉာဏ်မင်းထက်တို့၏ ဖခင်ဦးသန်းညွန့် (ဒုတိယဥက္ကဋ္ဌ၊ တောင်ငူဖုံစာပေအနုပညာအင်အားစု)သည် ၁၃-၇-၂၀၁၃ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

(တောင်ငူဖုံစာပေအနုပညာအင်အားစု)
အဖွဲ့သားများ

ဝမ်းနည်းကြေကွဲခြင်း
ဦးသန်းညွန့်
(အထွေထွေမန်နေဂျာ၊ ထူးကုမ္ပဏီများအုပ်စု)
အသက်(၄၈)နှစ်

ညီမလေး စောနွဲ့ရီ၏ချစ်လှစွာသော ခင်ပွန်း-တိုင်းပြည်ကို အလုပ်အကျွေးပြုသူ၊ အမျိုးဂုဏ်ကိုစောင့်ထိန်းသူ၊ အနန္တငါးပါးကို ကိုင်းရှိုင်းသူ မိသားစုကိုငဲ့ညှာသူ မြင့်မြတ်သည့်စိတ်ထားကြောင့် မိတ်ဆွေသူငယ်ချင်းအားလုံးက စံနမူနာယူ ထိုက်သော အရည်အချင်းပြည့်ဝသည့် အဖိုးတန်လူသားတစ်ယောက်ဖြစ်သူ ခင်ဗျား---လုံ့လပြုခဲ့တဲ့-ကာယ၊ ဉာဏ၊ ဒါနတွေအားလုံးရဲ့ ပီတိတွေကို တမလွန်အထိ ခင်ဗျားဆောင်ယူသွားနိုင်ခဲ့တဲ့အတွက် ခင်ဗျားအတွက် သာဓု-ခေါ်တယ်။

ခရမ်းပြာမိသားစုနှင့်မိတ်ဆွေများ
တောင်ငူမြို့

(၂)နှစ်ပြည့်လွမ်းဆွတ်အောက်မေ့သတိရခြင်း
ဘုရား၊ကျောင်း၊ရဟန်း၊ဒါယကာ
ကိုထက်အောင်လှိုင်(ခ)ကိုပြည့်ကျော်ဦး
ဘုရင့်နောင်ပွဲရုံတန်း
၂၇.၇.၂၀၁၁ မှ ၂၇.၇.၂၀၁၃

- ရက်၊လ၊နှစ်၊အချိန်
- ပြက္ခဒိန်ကိုရေတွက်ရင်တော့
- နှစ်နှစ်ကာလပြည့်ပြီပေါ့ကွယ်
- ဒါပေမယ့်လဲ
- မေမေ့ရင်မှာ မကြာခင်က
- ဖြစ်ခဲ့တာလို့ ထင်မှတ်ရပြီး
- လွမ်းဆွတ်တမ်းတ
- တနေ့မှ မေ့မရပါကွယ်
- ပြီးတော့လေ
- သားနှင့်မေမေ
- သိထားခဲ့တဲ့
- ကတိတစ်ခု
- အမှတ်ပြုပြီး
- သမီးလေးအိမ့်ခြူး
- တကယ်ထူးအောင် လုပ်ဆောင်ပေးမယ် သားလေးရယ်. . .။

သားလေးရေ သားလေးကို ရည်စူးပြီး နေ့စဉ်နဲ့အမျှ လှူဒါန်းမှုအစုစုဒါနပြုပေးခဲ့ပါတယ်ကွယ်။

ယနေ့လဲ မုံရွာမြို့၊ အောင်ချမ်းသာရပ်၊ ချမ်းမြေ့ပရဟိတ သီလရှင်သင်ပညာရေးမူလတန်းလွန်ကျောင်းအတွက် အလှူငွေ (၅,၀၀,၀၀၀)ကျပ်တိတိကို လှူဒါန်းခြင်း၊ သန်လျင်မြို့ မဟာမဇ္ဈိမာရုံကျောင်းတိုက်မှ သံဃာတော်အပါး (၁၅၀)ကျော်ကို ဆွမ်း၊သင်္ကန်း၊ဝတ္ထုလှူဖွယ်အစုစုလှူဒါန်းခြင်းဖြင့်ကုသိုလ်ယူလျက်ရှိပါတယ်ကွယ်။

ပြုပြုသမျှ ကုသိုလ်ဒါနအစုစုကို မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ သားလေးရေ။

သားလေးရေ ကုသိုလ် အမျှ. . . အမျှ. . . အမျှ

ချစ်မေမေ-ဒေါ်အေးမိစံ
ချစ်ဇနီး -မဘေဘီနှင့်ချစ်သမီး-အိမ့်ခြူးပန်
ချစ်ညီ -ဗိုလ်ကြီးဇေယျာခိုင်၊ဗိုလ်လောင်းခိုင်ခန့်ကျော်(DSTA)
ချစ်ညီမ -မဝေရည်မွန်ကျော်+စိုင်းပြေဖြိုးပိုင်

ဝမ်းနည်းကြေကွဲခြင်း
မောင်နိုင်ကျော်လင်း
အသက်(၁၀)နှစ်

မြဝတီဘဏ်လီမိတက်(တာချီလိတ်)ဘဏ်ခွဲတာဝန်ခံ ဦးလှဝင်းနိုင်(မန်နေဂျာ)နှင့် ဇနီးဒေါ်ခင်မာဆွေတို့၏သား မောင်နိုင်ကျော်လင်း အသက် ၁၀နှစ်သည်၂၄-၇-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယမန်နေဂျင်းဒါရိုက်တာနှင့်ဝန်ထမ်းများ
မြဝတီဘဏ်လီမိတက်

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁။	ဒေါ်စန္ဒာသန်း+၄	၁၂/သဃက(နိုင်)၁၇၄၆၃၉	သဃ်န်းကျွန်း	လေးဒေါင့်ကန်	၇၇၇	ဦးဉာဏ်	၂၀၊ ကန်တော်လမ်း၊ သဃ်န်းကျွန်း	ဂရန်သစ်
၂။	ဒေါ်ဝိုင်းလက်(ခ)ဒေါ်သင်းလွဲ့ထွေး	၁၂/မဂတ(နိုင်)၀၄၇၃၉၂	သဃ်န်းကျွန်း	ရန်ကုန်သစ်	၇၇၄/က	ဒေါ်တင်တင်	၂၀၊ ကမာကြည်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်း	အမည်ပြောင်း
၃။	ဒေါ်တင်တင်ယု	၁၂/သဃက(နိုင်)၀၇၀၅၈၅	သဃ်န်းကျွန်း	၃၁	၄/၀?	ဒေါ်တင်တင်ယု	၃/၁၄၄၊ ရတနာလမ်း၊ သဃ်န်းကျွန်း	ဂရန်သက်တမ်းတိုး
၄။	ဦးထွန်းအေး	၁၂/ဥကတ(ဧည့်)၀၀၀၂၇၇	ဒဂုံအရှေ့	၁၁၉	၇၆၇	ဒေါ်ခင်စန်းရီ	၇၆၇၊ (၁၁၉)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၅။	ဦးထက်ညီ	၁၂/ကမရ(နိုင်)၀၄၁၄၃၄	ဒဂုံအရှေ့	၁၃၉	၇၃၂	ဒေါ်အေးအေးမြင့်	၇၃၂၊ (၁၃၉)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၆။	ဒေါ်မြင့်မြင့်သန်း	၁၂/ဥကမ(နိုင်)၁၂၈၄၅၁	မြောက်ဥက္ကလာ	၈/ဝေဘာဂီ	၃၅၉	ဦးဆန်း	၃၅၉၊ (၈/ဝေဘာဂီ)	ဂရန်သစ်
၇။	ဦးရန်မျိုးနိုင်	၇/တငန(နိုင်)၀၅၀၃၃၁	အင်းစိန်	၁၀F	၈၁	ဦးထွန်းထွန်းဦး	၁၄၁၊ မင်းကြီးလမ်း၊ ရွာမအရှေ့ရပ်ကွက်	အမည်ပြောင်း
၈။	ဒေါ်အေးအေးသော်	၁၂/ဥကတ(နိုင်)၀၃၇၆၇၉	တောင်ဥက္ကလာ	၄	၇၅၇/ခ	ဦးကျော်စိန်	၇၅၇/ခ၊ (၁၉)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာ	မြေပုံကူး
၉။	ဒေါ်ခင်စိန်	၁၂/ပဇတ(နိုင်)၀၀၇၅၃၆	ဗိုလ်တထောင်	၁၂/ဘီ	ပဒ္မတန်းစား-၃၂	Mrs. Amy Abraham	၁၉၆၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း	အမည်ပြောင်း
၁၀။	ဦးတင်ငွေ+(၂)	၁၂/သဃက(နိုင်)၀၄၆၆၇၂	သဃ်န်းကျွန်း	၁၉	၈/ခ	ဒေါ်သန်းနွဲ့	၃၃၇၊ ရွာဟောင်းလမ်း၊ (ဇ/မြောက်)ရပ်ကွက်	မြေပုံကူး
၁၁။	ဒေါ်မြင့်သီရိကျော်	၁၂/ဒဂတ(နိုင်)၀၄၉၀၃၆	ဒဂုံတောင်	၂၅	၅၃၉	ဦးမျိုးလွင်	၅၃၉၊ ယုဇန(၂)လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံတောင်	အမည်ပြောင်း
၁၂။	ဦးကျော်ထွေး+၂	၁၂/အစန(နိုင်)၁၁၆၈၃၃	အင်းစိန်	၁၀F	၁၇/က	ဒေါ်စိန်ရင်	၁၂၉၊ အေးသိဒ္ဓိလမ်း၊ ရွာမအရှေ့ရပ်ကွက်	အမည်ပြောင်း
၁၃။	ဒေါ်တင်တင်နု	၁၂/ကမတ(နိုင်)၀၀၀၀၆၁	လှိုင်သာယာ	၁၂	၁၄၉	ဦးထွန်းလင်းကျော်	၁၄၉၊ မြို့ပတ်လမ်းနှင့်တပင်ရွှေထီးလမ်းထောင့်	အမည်ပြောင်း
၁၄။	ဒေါ်မြမြခိုင်	၁၄/ကလန(နိုင်)၀၇၆၀၁၈	ဒဂုံမြောက်	၄၁	၆၃၉	ဦးစန်းမောင်	၆၃၉၊ ခွာညိုလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက်	အမည်ပြောင်း
၁၅။	ဦးအောင်မင်းထွန်း	၁၂/သဃက(နိုင်)၀၃၈၉၁၂	သဃ်န်းကျွန်း	လေးဒေါင့်ကန်	၈၂၄	ဦးမောင်ကြီး	၃၇၀၊ ရန်ကင်းလမ်း၊ သဃ်န်းကျွန်း	ဂရန်သစ်
၁၆။	ဦးလှထွန်း+၁	၁၂/ကမတ(နိုင်)၀၃၉၃၉၅	ကြည့်မြင်တိုင်	၂၆F၅	၉၀	ဒေါ်စောရင်	၈၂၊ သရက်တော(၃)လမ်း	အမည်ပြောင်း
၁၇။	ဒေါ်ရီရီရှိန်	၁၂/ကမတ(နိုင်)၀၄၆၁၄၂	ဒဂုံမြောက်	၄၁တိုးချဲ့	D-၄(က)	ဒေါ်အေးအေးကြည်	D-၄/က၊ ၄၁/တိုးချဲ့ရပ်ကွက်၊ ဦးဝိစာရလမ်း၊ ဒဂုံမြောက်	အမည်ပြောင်း
၁၈။	ဦးခင်နု	၁၄/မအပ(နိုင်)၀၆၃၁၁၃	လှိုင်သာယာ	သကတ-၁	၅၅၂-ခ	ဦးချစ်ဖြူ	၅၅၂/ခ၊ ခိုင်ရွှေဝါလမ်း	ဂရန်သစ်
၁၉။	ဒေါ်သန်းသန်းနွဲ့	၁၂/ကမရ(နိုင်)၀၁၆၇၇၅	လှိုင်သာယာ	သကမ-၁၇	၂၅၆/ခ	ဦးသောင်းတင်	၂၅၆/ခ၊ ဆရာစံလမ်း	ဂရန်သစ်
၂၀။	ဒေါ်သန်းသန်းနွဲ့	၁၂/ကမရ(နိုင်)၀၁၆၇၇၅	လှိုင်သာယာ	သကမ-၁၇	၂၅၇/က	ဦးညိုတင်	၂၅၇/က၊ ဆရာစံလမ်း၊ (၂၀)ရပ်ကွက်	ဂရန်သစ်

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်နှင်း (လမုရွာ-ကြည့်မြင်တိုင်)

အသက်(၈၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊လမုကျေးရွာနေ(ဦးဘိုးသွယ်-ဒေါ်အေးမြ)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးမောင်နုံ-ဒေါ်ခင်သိန်း)တို့၏သမီးချွေးမ၊ လမုကျေးရွာနေ (ဦးရွှေပွင့်)၏ဇနီး၊ ဦးမြတ်သိန်း-ဒေါ်စိန်ဝင်း၊ (ဦးစိန်မြင့်-ဒေါ်အေးမြတ်မြတ်)၊ (ဒေါ်ခင်မြ)၊ ဦးလှချစ်-ဒေါ်သီဂီမြင့်၊ ဦးလှအေး-ဒေါ်အေးသိန်း၊ ဦးဌေးလှိုင်-ဒေါ်တင်တင်မြင့်၊ ဒေါ်ယဉ်ယဉ်ဌေး၊ ဦးဉာဏ်ထွန်း-ဒေါ်ချယ်ရီတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၅-၇-၂၀၁၃ရက် (ကြာသပတေးနေ့) ည ၈း၅၅နာရီတွင် အမှတ် ၈၄၊ စကားဝါပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကျင်ညွန့်

ကွမ်းခြံကုန်း(ကြခတ်ကုန်းကြီးကျေးရွာ)

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ အမှတ် ၄၈၊ အာသောကလမ်းနေ (ဦးချင်းယား-ဒေါ်ကျင်ဆိုင်)တို့၏သမီး၊ (ဒေါ်ကျင်ပျော့-ဦးသိန်းစိန်)၊ (ဦးတိတ်)-ဒေါ်အုန်းမြင့်တို့၏ညီမ၊ ဒေါ်ကျင်ရီ-ဦးကြည်လှိုင်၊ ဒေါ်ကျင်တီ-(ဦးချန်ထွန်း)၊ (ဦးတိတ်အေး)-ဒေါ်ခင်မြင့်ဆွေတို့၏အစ်မ၊ တူ၊ တူမ ၂၈ယောက်တို့၏ကြီးကြီး၊ မြေး ၃၇ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၆-၇-၂၀၁၃ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၇-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးတင်ညွန့် (ညောင်တုန်း)

(ရွှေမန်းရတနာ၊ ဗိုလ်ချုပ်ဈေး)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊အမှတ် ၈၊ ဦးစံငြိမ်းလမ်း၊ (ပထမထပ်)၊ စမ်းချောင်းမြို့နယ်နေ (ဦးဘိုးဝ - ဒေါ်ကလေးမ)တို့၏သား၊ အရှင်နရသာမိလင်္ကာရ၏ ရဟန်းဒါယကာကြီး၊(ဦးအီရှိန်း-ဒေါ်စိမ်းတင်)၊ (ဦးလေးမြင့် - ဒေါ်ခင်ထားမြင့်)တို့၏အစ်ကိုကြီး၊ တူ၊ တူမ ၁၀ယောက်တို့၏ဦးလေးသည် ၂၆-၇-၂၀၁၃ရက် ညနေ ၃း၃၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၈-၇-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘဒ္ဒန္တကောဏ္ဍညာဘိဝံသ(သ·စ·အ)မွှာစရိယ

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ

သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၇၇)ဝါ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ရေလယ်ကလေးတိုက်ကျောင်း၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကောဏ္ဍညာဘိဝံသသည် (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၄ရက်) ၂၆-၇-၂၀၁၃ရက် (သောကြာနေ့) ညနေ ၄း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။(ဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။) တပည့်ဒါယကာ၊ဒါယိကာမများ

ဒေါ်စိန်မေ (စစ်တွေ)

အသက်(၇၃)နှစ်

နယ်ပိုင်ဝန်ထောက် (ဦးကြိုင်သာအောင်-ဒေါ်လှကြာဖ)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၄၆၊ မြင့်မိုရ်လမ်းနေ ဦးလှထွန်း(ဒု-ညွှန်မှူး၊ ငြိမ်း၊ လဝက)၏ဇနီး၊ ဦးအေးထွန်း၊ ဦးဝင်းတင်(ဒု-ညွှန်မှူး၊ ရင်းနှီး/ကုမ္ပဏီညွှန်ကြားမှုဦးစီးဌာန)-ဒေါ်မြသက်ကြူ(မြန်မာ့ရုပ်ရှင်လုပ်ငန်း)၊ ဒေါ်စန္ဒာထွန်း-ဗိုလ်မှူးကြီးကျော်ဇံလှ(ညွှန်ချုပ်၊ ဝန်ထမ်းရေးရာ၊ ငြိမ်း)၊ ဒေါ်နွယ်နီဝင်း (Super Five Manufa cturing)တို့၏မိခင်၊ စိုးမိုးဦး၊ နိုင်ထွန်း၊ ခိုင်ဇင်ထွေး၊ ခိုင်ဦးဇံ၊ ရည်မွန်သန့်တို့၏အဘွားသည် ၂၅-၇-၂၀၁၃ရက် ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၃ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ကြည် (ရေတံခါးတာဝကျေးရွာ)

အသက်(၈၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ မော်ကန် ၆လမ်း၊ အမှတ် (က/၈၃၆)နေ (ဦးသာရင်-ဒေါ်အုန်းတင်)၊ (ဦးဘအိ-ဒေါ်နှင်းမေ)တို့၏သမီးချွေးမ၊ (ဦးညိမ်းမောင်)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးသန်းလွင်-ဒေါ်မြင့်မြင့်၊ ပဲခူးမြို့နေ ဒေါ်ရီရီမြင့်၊ ဦးမြင့်သိန်း-ဒေါ်ကြည်ကြည်မြင့်၊ ဦးသန်းဝင်း၊ ဒေါ်တင်တင်မြင့်၊ ဦးသန်းနိုင်-ဒေါ်တိုးတိုးဝင်း၊ ဦးသက်နိုင်-ဒေါ်ခင်ဌေးဝင်း၊ ဦးရဲနိုင်-ဒေါ်သင်းသင်းခိုင်၊ ဦးမောင်မောင်နိုင်-ဒေါ်နီနီအောင်တို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၂၅-၇-၂၀၁၃ရက် (ကြာသပတေးနေ့) ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးဖေရောင်(ခ)ဦးသိန်းလွင်

သွားစိုက်ဆရာကြီး(C.D.P)

မြိတ်မြို့

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဘုန်းကြီးလမ်းနှင့် မဟာဗန္ဓုလလမ်း၊ စံပယ်ကွန်ဒို၊ အခန်းအမှတ် 8-A၊ လမ်းမတော်မြို့နယ်နေ ဒေါ်အေးကျင်၏ခင်ပွန်း၊ ဦးရှုကြည်-ဒေါ်ချယ်ရီ(မူဆယ်မြို့)၊ဦးမိုးနိုင်-ဒေါ်အေးအေးလွင်(တောင်ကြီးမြို့)၊ ဦးသန်းထိုက်-ဒေါ်အေးအေးမြင့်(မန္တလေးမြို့)၊ ဦးတိတ်စိန်-ဒေါ်အေးအေးစီ(ရန်ကုန်မြို့)၊ ဦးမျိုးအောင်-ဒေါ်အေးအေးသိန်း (ရန်ကုန်မြို့) ဦးစိုးတင့်(ခ)ဦးဝါးဝါး-ဒေါ်မြခင်(မြိတ်မြို့)တို့၏ဖခင်၊မြေး ၂၂ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၆-၇-၂၀၁၃ရက် နံနက် ၂း၂၃နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအောင်ခင် (မုဒုံ)

အသက်(၈၈)နှစ်

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြန်မာ့အာမခံရုံးဝင်းနေ ဦးပြုံး-ဒေါ်အေးရင်တို့၏သား၊ ဦးဘိုးထင်-ဒေါ်ရင်မြတို့၏သားသမက်၊ ဒေါ်ရွှေ၏ခင်ပွန်း၊ ဦးစိုးတင့်-ဒေါ်အေးအေးမော်၊ ဦးမြင့်သိန်း-ဒေါ်ခင်စန်းတင့်၊ ဦးထင်ကျော်ဦး-ဒေါ်စန်းစန်းအေး၊ ဦးကျော်ဇော-ဒေါ်အေးအေးမော်(ပြည်နယ်တာဝန်ခံ၊ မြန်မာ့အာမခံလုပ်ငန်း)၊ ဦးရဲထွဋ်-ဒေါ်ဌေးဌေးမော်၊ (ဦးဝင်းထွန်း)-ဒေါ်သက်သက်မွန်၊ဦးမျိုးမင်းသက် (ခေတ္တ-စင်ကာပူ)တို့၏ဖခင်သည် ၂၆-၇-၂၀၁၃ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၇-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှတိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

(ပဲခူးအသင်းနာယက)

ဦးဘကြည်

လူဝင်မှုကြီးကြပ်ရေးဝန်ထောက်(ငြိမ်း)

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အိုးဘိုလမ်း၊ အမှတ် ၇၂/ခ၊ ဒုတိယထပ်နေ (ဦးထွန်းရင်-ဒေါ်သန်း)တို့၏သား၊ [ဝဏ္ဏကျော်ထင် ဦးထွန်းမြင့် (ပဲခူး)-ဒေါ်ရွှေကြည်]တို့၏သားသမက်၊(ဒေါ်ခင်စောမြင့်)၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်ဝင်း(အထက-၁၊ ကြည့်မြင်တိုင်)၏ဖခင်သည် ၂၅-၇-၂၀၁၃ရက် (ကြာသပတေးနေ့)ညနေ ၆း၁၅နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၆-၇-၂၀၁၃ရက်နံနက်၁၁း၅၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

ဦးဖေရောင်(ခ) ဦးသိန်းလွင် (မြိတ်)

ရာသက်ပန်အသင်းဝင်အမှတ်(၁၈၀၁)

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် ဘုန်းကြီးလမ်းထောင့်၊ စံပယ်ကွန်ဒို၊ အခန်းအမှတ် ၈(အေ)နေ ဒေါ်အေးကျင်၏ခင်ပွန်းသည် ၂၆-၇-၂၀၁၃ရက်(သောကြာနေ့)နံနက် ၂း၂၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မြိတ်အသင်းမှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်နီ(ခ)ဒေါ်တင်တင်

အသက်(၆၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နေ (ဦးစောဘသိန်း-ဒေါ်စောခင်)တို့၏သမီး၊ ရန်ကုန်မြို့၊ သမိုင်း (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၅၅၊ ဦးအောင်မင်းလမ်းနေ ဦးဝင်းကြည်၏ဇနီး၊ ဦးအောင်မြင့်ကျော်-ဒေါ်အေးအေးခိုင်၊ ဦးမြင့်သန်း-ဒေါ်ဌေးဌေးလှိုင်၊ ဒေါ်သန္တာ၊ ဦးမင်းသိမ်း-ဒေါ်အေးအေးထွန်း၊ ဦးမင်းကျော်သူ-ဒေါ်နွေဦးကိုတို့၏မိခင်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၂၆-၇-၂၀၁၃ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်အုန်းမြ

အထပြ(ငြိမ်း)၊ အထက(၁)တောင်ငူ

အသက်(၇၄)နှစ်

တောင်ငူမြို့၊ (၁၉)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်၂၂နေ [ဦးလွန်းမောင်၊ ကျောင်းအုပ်ဆရာကြီး(ငြိမ်း) - ဒေါ်အုန်]တို့၏သမီး၊ (ဦးလွန်းကြွယ်၊ မီးရထား၊ ငြိမ်း)-ဒေါ်ခင်မြင့်၊ (ဦးအံ့၊ အထွေထွေအုပ်ချုပ်ရေးမှူး)-ဒေါ်အေးမြင့်တို့၏ညီမ၊(ဦးလှသိန်း၊ စက်မှု)-ဒေါ်ခင်သီ၊(ဒေါ်ရင်ကြည်)၊ဦးအုန်းမြင့်(ဘူမိဗေဒ၊ ပါမောက္ခ၊ ငြိမ်း)-ဒေါ်တင်တင်နွယ်(ဘဓရ)တို့၏အစ်မ၊ တူ၊ တူမ ၁၂ယောက်တို့၏အဒေါ်သည် ၂၅-၇-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် တောင်ငူမြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၃ရက် (စနေနေ့)တွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စန်းစန်းရီ

(စန်းစန်းရီ ယပ်တောင်၊ ကြည့်မြင်တိုင်)

အသက်(၆၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း မြောက်အရှေ့ရပ်ကွက်၊ ပန်းပင်ကြီးလမ်း၊ အမှတ် ၁၇-ဘီ(ပထမထပ်)နေ (ဦးသိန်းမောင်-ဒေါ်ခင်ခင်)တို့၏သမီး၊ (ဦးစိန်ဝင်းမောင်)၏ညီမ၊ ဦးအေးသွင် - ဒေါ်ဆွေဆွေဝင်းတို့၏အစ်မ၊ ဦးဝမ်လှိုင်၏ဇနီး၊ မနန္ဒာဝင်း၏မိခင်သည်၂ ၅-၇-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၁၃ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးညွန့်ဝေ(ခ)ဦးညွန့်မောင်

(ဘူမိဗေဒအရာရှိဟောင်း၊ Moge)

အသက်(၇၁)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ မောရဂီဝါရပ်၊ အမှတ် ၁၆၃/၂၊ အကွက်အမှတ် ၇၀၉၊ (၇၃×၇၄)၊ (၃၁×၃၂)ကြားနေ (ဦးနီ-ဒေါ်တင်ညွန့်)တို့၏သားကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်)၊ သဲကုန်းမြို့၊ ရပ်ကွက်(၁)၊ ဘုရားကြီးလမ်းနေ (ဦးတောင်း-ဒေါ်စိန်ညွန့်)တို့၏သားသမက်၊ဒေါ်သက်သက်ဝင်း(ခ)ဒေါ်ဝင်းလေး၏ခင်ပွန်း၊ မောင်သက်နိုင်ဝင်း (လ/ထ အမှုဆောင်၊ ဘူမိဗေဒအရာရှိ၊ Moge)၊ မောင်ဇော်နိုင်ဝင်း၊ မောင်ချမ်းမြေ့ဝင်း၊ မောင်မြတ်ထွဋ်ဝင်း (Unog Pte., Ltd)၊ မောင်သန်းထိုက်ဝင်းတို့၏ဖခင်သည် ၂၅-၇-၂၀၁၃ရက် (ကြာသပတေးနေ့)နံနက်၇း၁၀နာရီတွင် မြို့တော်ဆေးရုံ(မန္တလေး)၌ ကွယ်လွန်သွားပါ၍ ၂၇-၇-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁နာရီတွင် မန္တလေးမြို့ တောင်အင်း/မြောက်အင်းအအေးတိုက်မှတောင်အင်း/မြောက်အင်း သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ဌေး(ခ)ဒေါ်ရင်ရင်

အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊မှော်ဘီမြို့နယ်နေ (ဦးချမ်းသာ - ဒေါ်ကျင်ငွေ)တို့၏သမီး၊ (ဦးအုန်းလွင်)၏ဇနီး၊ သာကေတမြို့နယ်၊၁၀/တောင်၊(၁၂)ရပ်ကွက်၊မွှာရုံလမ်း၊ အမှတ် ၉၄၈/ခနေ ဦးအောင်သူရ(ခ)အပ်ချီ-ဒေါ်စန်းစန်းတင့်၊ဦးသန်းဝင်း-ဒေါ်စန္ဒာအောင်(ခ)မိစံ၊ ဦးအောင်ကျော်ဇေယျ-ဒေါ်ဝင်းဝင်းဌေး၊ ဦးအောင်လွင်မိုး-ဒေါ်နုနုငယ်၊ ဦးအောင်ပြည်စိုး-ဒေါ်သော်သော်ဆင့်၊ ဦးအောင်စည်ဖြိုး-ဒေါ်ရတနာသန့်ဇင်၊ဦးအောင်နေမျိုး-ဒေါ်သဇင်မျိုး၊ ဦးအောင်ပြည့်ဖြိုး-ဒေါ်အေးကျော့ခိုင်၊ ဦးအောင်နိုင်ဝင်း-ဒေါ်ခင်ဇာခြည်လွင်တို့၏မိခင်၊ မြေး ၁၈ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၄-၇-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ခင်အေးလွင်

B.Sc (Physics 1970)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (သတင်းကြေညာသူ၊ ငြိမ်း)

အသက်(၆၅)နှစ်

(အငြိမ်းစား မကွေးတိုင်းမင်းကြီး ဦးသောင်းလွင်-ဒေါ်တင်မြ)တို့၏ သမီး၊ (ဦးအောင်ခင် - ဒေါ်သန်းသန်း)တို့၏သမီးချွေးမ၊ Canada နိုင်ငံ Toronto မြို့နေ ဦးရဲဝင်း(Chief Engg:)၏ဇနီး၊ Stephen Maier-မယမင်းဝင်း၊ မောင်သက်ထွန်းဝင်းတို့၏မိခင်၊ Skye Win Nadi, Nathan Win Yarzar တို့၏ဘွားဘွား၊ ဦးခင်မောင်လွင် (Chief Engg:)-ဒေါ်ခင်ရဲညွန့်၊ ဦးကျော်လင်း (Local Rep:)-ဒေါ်ခင်မာလွင်(လ/ထ မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာန)တို့၏ညီမ၊ ဒေါက်တာဦးသိန်းဝင်း(ခွဲစိတ်ဆရာဝန်ကြီး) - ဒေါက်တာဒေါ်ခင်ဆွေလွင် (ပြည်မြို့)၊ (ဒုရဲမှူးကြီးလွင်မောင်မြင့်)-ဒေါ်သီတာလွင် (တရားရုံးရှေ့နေ)တို့၏အစ်မ၊ တူ၊တူမ ၁၀ယောက်တို့၏အဒေါ်သည် ၂၅-၇-၂၀၁၃ရက် ဒေသစံတော်ချိန် နံနက် ၆း၄၀နာရီတွင် Canada နိုင်ငံ Toronto မြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၇-၇-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် Meadowvale Cemetery သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

မိုဟမ္မဒ်အီစမိုင်(ခ) ဦးသာထူး

အထက(၁)တာမွေ ကျောင်းသားဟောင်း

အသက်(၅၀)

(ဦးဟာမစ်-ဒေါ်အရှာ)၊ (ဦးဟူစိန်-ဒေါ်ငယ်)တို့၏မြေး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းလမ်းကျယ်၊ အမှတ် ၁၃နေ [မိုဟမ္မဒ်ရှဖီး(ခ)ဦးမြသိန်း]-ဒေါ်ခတီမာဘီ(ခ)ဒေါ်သိန်းတို့၏သား၊ [အဗ္ဗဒူရာဟ်မာန် (ခ) ဦးမောင်မောင်သိန်း]၏ညီ၊ ဦးသန်းလွင်(တက်သစ်စမှန်နှင့်အလူမီနီယံလုပ်ငန်း)၊ (ဦးသန်းအေး)-ဒေါ်သန်းကြည်၊ ဦးသန်းမောင်-ဒေါ်လှလှဝင်း၊ ဦးသန်းဌေး-ဒေါ်ဇင်မာသက်တို့၏အစ်ကို၊ မဖြူဖြူအေး၊ မနှင်းနှင်းသန်း၊ မောင်ပြည့်ဖြိုးအေး၊ မဟေမာသန်း၊ မအေးအေးသန်း၊ မောင်ဖြိုးမင်းသန်း၊ မယမင်းသူ၊ မောင်မြတ်ကိုကိုသန်း၊ မအိန္ဒြေမင်းသန်းတို့၏ဦးလေး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၃-၇-၂၀၁၃ရက် နံနက် ၁၀း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ညနေ ၄နာရီတွင်ရေဝေးကဘာရ်စတန်ဥယျာဉ်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးစိုးမြင့်

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ အမှတ် ၁၁၊ ဗဟန်း ၃လမ်းနေ (ဦးမြမောင်-ဒေါ်စန်းကြည်)တို့၏သား၊(ဦးအောင်ကြိုင်-ဒေါ်လှမေ)၊ (ဒေါ်အေးစိန်)၊(ဦးစိုးလှိုင်)-ဒေါ်နီတို့၏မောင်၊ (ဦးစိန်ဝင်း-ဒေါ်ခင်ဌေး)တို့၏ အစ်ကိုသည် ၂၆-၇-၂၀၁၃ရက်(သောကြာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

တပ်ကြပ်ကြီးအောင်ဝင်း(ငြိမ်း)

အမှတ်(၁)တက္ကသိုလ် လေ့ကျင့်ရေးတပ်

အသက်(၆၀)

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၀)ရပ်ကွက်၊ သာစည်လမ်း၊ ၈ျ/၃၃၊ ၈၀၃(ခ)နေ ဦးသိန်းအောင်-ဒေါ်စိန်စိန်တို့၏သားကြီး၊ ဒေါ်သိန်းညွန့်၏ခင်ပွန်း၊ မနွယ်နွယ်ဝင်း၊ မောင်သီဟဝင်း၊ မောင်သူရဝင်း၊ မကေဇင်ဝင်းတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၆-၇-၂၀၁၃ရက် ည ၁၂း၁၀နာရီတွင်(ခုတင်-၁၀၀၀) မင်္ဂလာဒုံတပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၈-၇-၂၀၁၃ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင်မင်္ဂလာဒုံ တပ်မတော်ဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျော်မိုးနိုင်(ခ)မိုးကြီး

(ဦးစီးအရာရှိ)

စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဆိပ်ကြီးခနောင်တိုမြို့နယ်

အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်နေ ဦးလှကျော်-(ဒေါ်ကျင်နိုင်)တို့၏သား၊ ဦးကျော်နိုင်ဦး၊ ဒေါ်သဉ္ဇာဦးတို့၏ညီ/မောင်၊ ဒေါ်ခင်ပုလဲနု၏အစ်ကို၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ စီမံ/စီးပွားအိမ်ရာဝင်း၊ တိုက် ၃၊ အခန်း ၅နေ ဒေါ်ခိုင်မြတ်ဆွေ၏ခင်ပွန်း၊ မောင်ဘုန်းခန့်ကျော်၊မောင်ဖြိုးသူရကျော်တို့၏ဖခင်သည် ၂၃-၇-၂၀၁၃ရက် ည ၉း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၃ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၃ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ စီမံ/စီးပွားအိမ်ရာဝင်းသို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်သွဲ့တင်မောင်(ခ)

OMEGA

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ အမှတ်၁၂၉/၁၊ မြင်သာ ၅လမ်း၊ ၁၄/၁ ရပ်ကွက်နေ (ဦးတင်မောင်-ဒေါ်အေးအေး)တို့၏သမီး၊ (ဦးထွန်းရွှေ-ဒေါ်ခင်သန်းဆွေ)တို့၏ချွေးမ၊ ဦးကျော်ထွန်း **(Junior)**[Thai Airways Int' l PCL (Cargo Department)]၏ဇနီး၊ မအိအိထွန်း၊ မောင်ကျော်ဇင်ဝင်းတို့၏မိခင်၊ ဦးကျော်ကျော် - ဒေါ်သင်းတင်မောင်၊ (ဦးအောင်ခိုင်)-ဒေါ်ဇာတင်မောင်၊ဦးညီမိုးတင်မောင်(လမ်း/တံတား၊ ယာဉ်ထိန်းအင်ဂျင်နီယာဌာန) - ဒေါ်တင်တင်စိုး (ယာဉ်ထိန်းတပ်ဖွဲ့စု၊ဗဟန်း)တို့၏အစ်မကြီး၊ မောင်တင်အောင်လွင်(MAI)-မဟန်နီလင်း(AIR KBZ)၊ မောင်အောင်ခင်မိုး၊မောင်ကျော်ညွန့်လင်းတို့၏အဒေါ်သည် ၂၅-၇-၂၀၁၃ရက်(ကြာသပတေးနေ့) ည ၁၁း၃၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၃ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ဥမ္မာလွင်

အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၇၁နေ ဦးလှဝေ-(ဒေါ်မြင့်မြင့်အေး)တို့၏သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ဇင်္ဂမလမ်းနေ (ဦးခင်မောင်ကျော်-ဒေါ်ဆင့်ဆင့်အေး)တို့၏သမီးချွေးမ၊ (မနီလာဝင်း)၊ ကိုသက်ထွန်း၊ ကိုသက်လင်း-မဒါလီမော်တို့၏အစ်မ၊မမေသူ(ခ)ပိုးပိုး၊ မောင်လင်းမြတ်အောင် (ခ) တီတီတို့၏မိခင်၊(ဦးမင်းလွင်)၏ဇနီးသည် ၂၆-၇-၂၀၁၃ရက် (သောကြာနေ့) နံနက် ၉း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်အေးလွင်

B.Sc (Physics 1970)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (သတင်းကြေညာသူ၊ ငြိမ်း)

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ တရုတ်ကျောင်းလမ်း၊ အမှတ် ၄၆နေ (ဦးအောင်ခင်၊ ဧရာဝတီတိုင်းမင်းကြီးဟောင်း - ဒေါ်သန်းသန်း)တို့၏သမီးချွေးမ၊ [ဦးသောင်းလွင်၊ မကွေးတိုင်းမင်းကြီး(ငြိမ်း)-ဒေါ်တင်မြ]တို့၏သမီး၊ ဦးရဲဝင်း(Chief Engg:)၏ဇနီး၊ Stephen Maier-မယမင်းဝင်း၊ မောင်သက်ထွန်းဝင်းတို့၏မိခင်၊ Skye Win Nadi, Nathan Win Yarzar တို့၏ဘွားဘွား၊ ဦးနေဝင်း-ဒေါ်ချိုဇော်(စင်ကာပူ)တို့၏ညီမ၊ ဒေါက်တာလှဝင်း-ဒေါက်တာအေးအေးခိုင် (ကနေဒါ)၊ ဒေါက်တာလင်းလင်းခင် - ဒေါက်တာနှင်းနှအောင်(USA)၊ ဦးသော်ဝင်း (Instructor M.T.C Harmou)-ဒေါ်ရီရီနွယ်တို့၏အစ်မသည် ၂၅-၇-၂၀၁၃ရက် ဒေသစံတော်ချိန် နံနက် ၆း၄၀နာရီတွင် Canada နိုင်ငံ Toronto မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် Meadowvale Cemetery သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်စန်းစန်းလွင်(ဗိုလ်ချုပ်ဈေး)

အသက်(၅၃)နှစ်

ဇန်းမော်မြို့၊ ကုက္ကိုလ်တောရပ်နေ ဦးသန်းလွင် - ဒေါ်မြစီတို့၏သမီးကြီး၊ (ဗိုလ်ကြီးမောင်ကြည်)-ဒေါ်တင်တင်လှတို့၏သမီးချွေးမ၊ (ဦးဘုန်းနိုင်)၏ဇနီး၊ ဦးဇော်ဌေး(ဌာနမှူး၊ ငြိမ်း)-ဒေါ်သန္တာဦး (ရွှေရတနာ၊ ဗိုလ်ချုပ်ဈေး)၊ ဒေါ်စောယုမေ၊ ဒေါ်လှလှမြတ်၊ ဦးမင်းဆွေ-ဒေါ်ကေသီ၊ ဦးမိုးခိုင်(ပဲခူး)တို့၏ညီမ၊ ဇန်းမော်မြို့နေ ဦးကင်းအောင်နိုင်၊ ဦးစွမ်းနိုင်တို့၏အစ်မ၊ ဗိုလ်ကြီးနိုင်ညီညီ-ဒေါက်တာစုနိုင်၊ မောင်ခိုင်ဘုန်းနိုင်၊ မစန္ဒီဘုန်းနိုင်(YUFL Japanese)တို့၏မိခင်၊ မခိုင်မာလင်း၊ ကိုရဲသုအောင်-မသီရိ(Embassy of Japan)၊ ကိုမင်းသူ-မသင်းသင်းအောင်၊ မောင်ဖြိုးနိုင်၊ မဖြိုးရတနာခိုင်တို့၏အဒေါ်၊ မောင်လင်းသုတ(ILBC)၊ မောင်လွှမ်းလင်းအံ့တို့၏အဘွားသည် ၂၅-၇-၂၀၁၃ရက် မွန်းလွဲ ၁၂း၅၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၃ရက် (စနေနေ့)မွန်းလွဲ ၁နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အဏ္ဏဝါရိပ်သာနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်အေးမူ

အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရွှေသစ္စာလမ်း၊ခြံအမှတ် ၂/ခနေ (ဦးဘသန်း-ဒေါ်ခင်မြ)တို့၏သမီး၊ (ဦးသန်းရွှေ)-ဒေါ်စန်း၏ချွေးမ၊ဦးမောင်မောင်မြင့်(အကျဉ်းဦးစီး၊ အင်းစိန်)-ဒေါ်ခင်သန်းဦး၊ ဒေါ်မေသူ(စီးပွား/ကူးသန်း၊ ကုန်သွယ်ဦးစီး၊ နေပြည်တော်)၊ ဒေါ်ခင်မာရီ၊ ကိုဇော်အောင်တို့၏ညီမလေး၊ မကေသီအောင်၏အစ်မ၊ ဦးနိုင်နိုင်ထွန်း၏ဇနီး၊ကိုအောင်ချမ်းငြိမ်း(အကျဉ်းဦးစီး၊ အင်းစိန်)-မဇင်ဇင်၊ မဇင်သန္တာမြင့်၊ မောင်ဝေဖြိုး၏အဒေါ်၊ ဗိုလ်ဒေါက်တာမြတ်ဘုန်းမော်(ခလရ-၁၀၁၊ မြိတ်မြို့)၊ မောင်ဘုန်းဇော်နိုင်(GTC) တို့၏မေမေသည် ၂၅-၇-၂၀၁၃ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၉-၇-၂၀၁၃ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ထွေးကြည်

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၄၅၊ သာသနာ့ရိပ်သာလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်နေ (ဦးဘကြွယ်-ဒေါ်အေးညွန့်)တို့၏သမီး၊ (ဦးလှမောင်-ဒေါ်လှတင်)၊ (ဦးထွန်းဖေ)၊ (ဦးအုန်းမောင်)၊ (ဦးသိန်းအောင်)တို့၏ညီမငယ်၊ (ဦးလှမောင်-ဒေါ်ငွေရီ)တို့၏ချွေးမ၊ (ဦးချစ်မောင်၊ ဇာတ်လမ်းရုပ်ရှင်)၏ ဇနီး၊ ဦးကျော်ကျော်မိုး - ဒေါ်ကြည်ကြည်၊ ဦးထွန်းထွန်း - ဒေါ်ကြည်ကြည်လွင်၊ ဦးလင်းမြင့် - ဒေါ်စီစီမေတို့၏ မိခင်၊ မဖေရယ်ထွန်း(Sec 1 NIEC)၊ မောင်လင်းခန့်တို့၏အဘွားသည်၂၅-၇-၂၀၁၃ရက် (ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၃ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် **mmalin.npt@gmail.com**၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

မိမိတို့နိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ များစေချင်၊ မြန်စေချင်၊ မှန်စေချင်

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း သတင်းထောက်များ၏ မေးမြန်းချက်ကို ဖြေကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၆

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့်ကော်မတီနှင့် စာနယ်ဇင်းများတွေ့ဆုံပွဲကို ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့်ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက စီမံကိန်းဆောင်ရွက်စဉ် နိုင်ငံတော်အစိုးရ အပြောင်းအလဲဖြစ်ပေါ်ခဲ့ပြီး ဒေသခံပြည်သူလူထု၏ ဆန္ဒဖော်ထုတ်မှုကြောင့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်စပ်လျဉ်းပြီး ကြေးနီမိုင်း ဆက်လက်လုပ်ကိုင်ခွင့်ပြုရန် သင့်/မသင့် အရေးကြီးအဆိုတင်သွင်းခဲ့သည့်အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

စုံစမ်းစစ်ဆေးရေးကော်မရှင်သည် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း၌ ဖြစ်ပေါ်လျက်ရှိသည့် အားနည်းချက်များကို ပြုပြင်စေပြီး နိုင်ငံတော်၊ ဒေသခံလူထုနှင့် အနာဂတ်မျိုးဆက်များ၏ အကျိုးစီးပွားတို့ကို ပြည့်ဝစွာရရှိစေရန် အစီအမံများချမှတ်ပြီး ပြုပြင်ရန် အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်စေလျက် စီမံကိန်းအား ဆက်လက်ဆောင်ရွက်စေသင့်ကြောင်း၊ သုံးသပ်အကြံပြုချက်များနှင့်တကွ အပြီးသတ်အစီရင်ခံစာကို နိုင်ငံတော်သို့တင်ပြခဲ့ကြောင်း။

ကော်မတီအနေဖြင့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ သုံးသပ်အကြံပြုချက်များအပေါ် အခြေပြုပြီး နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံပြည်သူများ၏ ဆင်းရဲမှုပပျောက်စေရေးတို့ကိုအခြေခံပြီး ပြုပြင်ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခုလက်ရှိ လေးလတာကာလအတွင်း အကောင်အထည်ဖော်မှုများ အရှိန်ရလာပြီး ဒေသခံပြည်သူအများစုအနေဖြင့် သဘောပေါက်နားလည်မှုရရှိလာကာ အဓိကတာဝန်ယူဆောင်ရွက်သည့် ကုမ္ပဏီ၏ လူမှုဝန်းကျင်ဆိုင်ရာတာဝန်ရှိမှု၊

စာမျက်နှာ ၃ ကော်လံ ၁ ●

အဂတိလိုက်စားမှုတိုက်ဖျက်ရေး မိမိကိုယ်ပိုင်တာဝန်သိမှုဖြင့် တိုက်ဖျက်

တွေ့ဆုံ/မေးမြန်း - ခင်ရတနာ
ဓာတ်ပုံ-ရွှေကိုကိုလေး(သတင်းစဉ်)

ဦးလှဆွေ
(မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ် ၁၂)

နေပြည်တော် ဇူလိုင် ၂၆

လာဘ်ပေးလာဘ်ယူမှုများသည် နိုင်ငံတကာရှိ လူ့အဖွဲ့အစည်းအသီးသီးတို့တွင် ဖြစ်ပွားနေပြီး အကျင့်ပျက်ခြစားဝန်ထမ်းများကြောင့် နိုင်ငံအသီးသီးတို့တွင် ရသင့်ရထိုက်သည့် အခွန်ငွေများအပါအဝင် ကမ္ဘာ့အသီးသီး၏ တိုင်းပြည်ဝင်ငွေတို့မှာ လျော့ပါးနေကြရသည်။ ယနေ့မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုများ တိုက်ဖျက်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်နေပြီး လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး ဥပဒေကြမ်းကိုလည်း လွှတ်တော်သို့တင်သွင်းခဲ့ရာ လွှတ်တော်က ပြင်ဆင်အတည်ပြုချက်များ ချမှတ်နိုင်ခဲ့ပြီးဖြစ်ခြင်းကြောင့် မကြာသေးမီကာလအတွင်း ဥပဒေအသက်ဝင်ကာ စတင်အသုံးပြုတော့မည်ဖြစ်သည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးအငြမနေ့၌ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အတူ ပြန်လည်ပေးပို့လာသည့် အဆိုပါဥပဒေကြမ်းအား ကိုယ်စားလှယ်များက အပိုဒ်လိုက်ဆွေးနွေးခဲ့ကာ လွှတ်တော်က ဆုံးဖြတ်ချက်ချခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အမတ်အချို့အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဦးလှဆွေ (မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ် ၁၂)

လာဘ်ပေးလာဘ်ယူဥပဒေဆိုတာ အရင်ကပြဋ္ဌာန်းထားတာ မရှိပါဘူး။ အခုမှ မဖြစ်မနေလိုအပ်လာတဲ့အတွက် လွှတ်တော်က အတည်ပြုနိုင်ဖို့ ရေးဆွဲပြုစုထားပြီးပါပြီ။ ကျွန်တော်တို့နိုင်ငံမှာ အဂတိလိုက်စားမှုက အောက်ခြေကနေ နေရာတိုင်းမှာ ရှိနေပါတယ်။ အရင်ကတည်းက မဖြစ်မနေ ပြဋ္ဌာန်းသင့်တဲ့ ဥပဒေဖြစ်ပါတယ်။ အဓိကကတော့ (Law enforcement) စည်းကမ်းရှိရမယ်။

အခုခေတ်မှာ အဂတိလိုက်စားမှုကို ဖော်ဆောင်ရာမှာ ဝန်ထမ်းဆိုရင် အငြိမ်းစားပေးလိုက်တာပဲ ရှိပါတယ်။ တကယ်တော့ အငြိမ်းစားပေးရုံနဲ့ သူတို့ရဲ့ အဂတိလိုက်စားမှုတွေက ပျောက်ကွယ်သွားမှာမှ မဟုတ်တာ။

စာမျက်နှာ ၇ ကော်လံ ၁ ❖

ကမ္ဘာနှင့်တူသောဂြိုဟ်များ ရှာဖွေသည့် အာကာသမှန်ပြောင်းယာဉ် နာဆာပြန်လည်ထိန်းချုပ်

သတင်းစာမျက်နှာ ➢ ၅

မြောင်းမြမြို့နယ် ပြင်ရွာကျေးရွာ လေပြင်းလေပွေတိုက်၊ စာသင်ကျောင်းပျက်စီး၊ မြစ်ရေကြီး၍ ကမ်းပါးပြိုကျ

သတင်းစာမျက်နှာ ➢ ၉

ယနေ့ မာတိကာ

ပြန်လည်စတင်တော့မယ့် အစ္စရေး-ပါလက်စတိုင်း ဆွေးနွေးပွဲ စာမျက်နှာ - ၅

ရန်ကုန်လေဆိပ်တွင် မြန်မာနိုင်ငံကူးလက်မှတ်စာအုပ်အတုအသုံးပြုဝင်ရောက်လာသူများအားစစ်ဆေးအရေးယူ စာမျက်နှာ - ၁၃

မော်လမြိုင်-မဲဆောက်၊ ဗန်ကောက်လေကြောင်းလိုင်း စက်တင်ဘာ ၁ ရက်တွင် စတင်ပြေးဆွဲမည် စာမျက်နှာ - ၁၆

၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း စာမျက်နှာ - ၂၀

၂၀၁၃ ခုနှစ်၊ စာချွန်တော်အပိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်း စာမျက်နှာ - ၂၀

အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကြမ်း စာမျက်နှာ - ၂၁

လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဇူလိုင် ၂၆

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် ဆက်လက် တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဥရောပ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသများ ဆက်သွယ်ရေးလျင်မြန်ရန် ဂြိုဟ်တုလွှတ်တင်မည်

အာကာဟိန်း
ရေးသားသည်

ဗြိတိန်နိုင်ငံရှိ ပုဂ္ဂလိကကုမ္ပဏီတစ်ခုက ရင်းနှီးမြှုပ်နှံတည်ဆောက်ထားသည့် အယ်လ်ဖာဆက်အမည်ရှိ ဂြိုဟ်တုကို အာကာသသို့ လွှတ်တင်ရန် အသင့်ရှိနေပြီဖြစ်ကြောင်း ဇူလိုင် ၂၅ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ပြောကြား

အဆိုပါဂြိုဟ်တုကို လန်ဒန်ဖွံ့ဖြိုးရေးအေဂျင်စီ (အယ်လ်ဒီအေ)က ပေါင် ၁၂ သန်း ကုန်ကျခံကာ လွန်ခဲ့သည့် ၂၀၀၇ ခုနှစ်မှစတင်ကာ တည်ဆောက်နေခဲ့ခြင်း ဖြစ်သည်။ ယခုအခါ ဂြိုဟ်တုတည်ဆောက်မှုလုပ်ငန်းများ ပြီးစီးနေပြီဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

အထောက်အကူပြု

လန်ဒန်ဖွံ့ဖြိုးရေး အေဂျင်စီက ငွေကြေးရင်းနှီးမြှုပ်နှံမှု ပြုလုပ်ကာ ဗြိတိန်နိုင်ငံမှ အာကာသရေးရာနှင့် အာကာသယာဉ် တည်ဆောက်မှုတို့၌ အောင်မြင်မှုအရှိဆုံး အင်န်မာဆက်ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုဂြိုဟ်တုလွှတ်တင်ပြီးပါက ဆက်သွယ်ရေးစနစ်များ လျင်မြန် ကောင်းမွန်သွားရန် အထောက်အကူပြုမည်ဖြစ်သည်။

မိုဘိုင်းဖုန်းများပြောဆိုမှု၊ အင်တာနက်အသုံးပြုမှုနှင့် အသံလွှင့်လုပ်ငန်းများအပြင် ရုပ်မြင်သံကြားထုတ်လွှင့်မှုစနစ်များလည်း ပိုမိုကောင်းမွန်သွားမည်ဖြစ်သည်။ ဥရောပတစ်ဝန်းတွင် ဆက်သွယ်ရေးစနစ်များ လျင်မြန်ချောမွေ့သွားစေရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ကောင်းမွန်စေမည်

ထို့ပြင် ဥရောပအပြင် အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသများတွင်လည်း ဆက်သွယ်ရေးစနစ်များ ကောင်းမွန်စေမည်ဖြစ်သည်။